# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၀၇၅)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များ တိုကျိုမြို့ရှိ ကမာကူရ (Kamakura) ဗုဒ္ဓဆင်းတုတော်ကြီးရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး တိုကျိုမြို့ရှိ ကမာကူရ ဗုဒ္ဓဆင်းတုတော်ကြီးကို ဖူးမြော်

**တိုကျို ဒီဇင်ဘာ ၁၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပမည့် Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် ဒီဇင်ဘာ ၁၂ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြပြီး ယနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Hiroto Izumi၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိဟီဂူချီနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊

စာမျက်နှာ ၃ ကော်လံ ၁ ✻

---

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခတ္တမန္ဒူမြို့ရှိ ရှေးဟောင်းအနုပညာလက်ရာ အဆောက်အအုံပြတိုက်များအား ကြည့်ရှုလေ့လာ စာ ၄

“လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ” စာပေညီလာခံ ၂၀၁၇ ခုနှစ်မှ မြန်မာ့စာပေလောကအတွက် အနာဂတ်မျှော်လင့်ချက်များ စာ ၇

ကြားဖြတ်ရွေးကောက်ပွဲ ရှုံးနိမ့်ခဲ့လျှင် အစိုးရအဖွဲ့ အခက်တွေ့မည်ဟု ဩစတြေးလျဝန်ကြီးချုပ်ပြောကြား စာ ၁၄




မြန်မာ့အလင်း

# သဘောထားအမြင်တို့၏ ချိန်ခွင်လျှာ

ချိန်ခွင်၏ တစ်ဖက်တစ်ချက်ရှိ အလေးချိန်တို့သည် မညီမျှကွာဟနေပါက ချိန်ခွင်လျှာသည် တစ်ဖက်သို့ ယိမ်းသွားမည်ဖြစ်ပါသည်။ သဘောထားအမြင်တို့၌လည်း အကောင်းမြင်သဘောထားနှင့် အဆိုးမြင်သဘောထားတို့၏ အတိုင်းအတာ ပမာဏကွာဟနေပါက အလေးသာသော သဘောထားအမြင်သည် ကောက်ချက်ချဆုပ်ကိုင်မည့် သဘောထားအမြင်ဖြစ်လာမည် ဖြစ်ပါသည်။

လူထုအစိုးရသစ်လက်ထက်၌ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကျဆင်းသွားသည်ဟု ဝေဖန်ကြပါသည်။ တာဝန်ရှိပုဂ္ဂိုလ်တို့ကလည်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကျဆင်းသွားသည်ဟု အသိအမှတ်ပြုဝန်ခံထားပါသည်။ ဤအချက်တစ်ခုတည်းအပေါ် အခြေခံသုံးသပ်ပါက လူထုအစိုးရသစ်၏ စွမ်းဆောင်ရည်သည် မပြည့်ဝဟု ကောက်ချက်ချရမည်ဖြစ်ပါသည်။ သို့သော် လူထုအစိုးရသစ်လက်ထက်၌ စီးပွားရေးဆိုင်ရာ တခြားသော တိုးတက်မှုတို့ရှိနေသည်ကို ထည့်သွင်းတွက်ချက်ပါက လူထုအစိုးရသစ်၏ စွမ်းဆောင်ရည်မပြည့်ဝဟု ကောက်ချက်ချရန် မလုံလောက်သော အနေအထားမျိုးဖြစ်သွားမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၆ ခုနှစ် ဧပြီလ၌ ၁၁ ဒသမ ၆၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ် ဇူလိုင်လ၌ ၄ ဒသမ ၉၁ ရာခိုင်နှုန်းသာရှိပါတော့သည်။ အလားတူပင် လူထုအစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ အစိုးရဘတ်ဂျက် လိုငွေပြမှုကို ၄ ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါသည်။ တင်ပြလိုသည်မှာ သဘောထားအမြင်တစ်ရပ်၌ ရှုမြင်သုံးသပ်သည့် ရှုထောင့်စုံလင်လာသည်နှင့်အမျှ သဘောထားအမြင်တို့၏ ချိန်ခွင်လျှာသည် အမှန်တရားဘက်သို့ ပိုမိုနီးကပ်စွာ ရွေ့လျားသွားမည် ဖြစ်ပါသည်။ ကိစ္စတစ်ရပ်လုံးကို ရှုထောင့်ပေါင်းစုံမှ ခြုံငုံသုံးသပ်မှသာ ပကတိအခြေအနေမှန်ကို ထင်ဟပ်သည့် သဘောထားအမြင်ကို ဆုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။

ဤသဘောတရားကို ကမ္ဘာပေါင်းစုံ၌ မြင်တွေ့ရမည် ဖြစ်ပါသည်။ ရခိုင်ပြည်နယ် အရေးကိစ္စအပေါ် ရှုမြင်သုံးသပ်သော နိုင်ငံတကာ မီဒီယာ၏ အမြင်၌လည်း လူပေါင်းခြောက်သိန်းကျော် နေအိမ်တို့ကို စွန့်ခွာထွက်ပြေးရသည်ဟူသော အချက်တစ်ချက်တည်းအပေါ် တစ်ဖက်သတ် ရပ်တည်သုံးသပ်ထားပါသည်။ အဆိုပါ နိုင်ငံတကာ မီဒီယာ၏ အမြင်သဘောထား၌ မြန်မာတိုင်းရင်းသား လူမျိုးတို့၏ အမျိုးသားရေးကိုယ်ပိုင်လက္ခဏာ ထိန်းသိမ်းလိုမှုနှင့် အချုပ်အခြာအာဏာပိုင်နယ်မြေ စောင့်ရှောက်ကာကွယ်လိုမှုတို့ကို လုံးဝလျစ်လျူရှုထားပါသည်။ ထို့အပြင် တပ်မတော်၏ အတိုင်းအဆမရှိ ချေမှုန်းနှိပ်ကွပ်မှုဆိုသည်ကိုသာ မျက်စိမှိတ်လက်ညှိုးထိုးနေပြီး ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ လူထုအားအကာအကွယ်ယူ အကြမ်းဖက်မှုတို့ကိုမူ လုံးဝမမြင်လေဟန် လျစ်လျူရှုနေကြပါသည်။ တင်ပြလိုသည်မှာ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် နိုင်ငံတကာမီဒီယာ၏ ရှုမြင်သုံးသပ်ချက်၌ ရှုထောင့်ပေါင်းစုံမှ ရှုမြင်သုံးသပ်ရန် ပျက်ကွက်ခဲ့သောကြောင့် ပကတိအခြေအနေနှင့် ကင်းကွာသည့် သဘောထားအမြင်တို့သာ ထွက်ပေါ်လာပါသည်။ သို့ဖြစ်ပါ၍ ကိစ္စရပ်တိုင်း ကိစ္စရပ်တိုင်း၌ ရှုထောင့်ပေါင်းစုံမှ လေ့လာသုံးသပ်ခြင်းသည် မဖြစ်မနေ ဆောင်ရွက်ရမည့်ကိစ္စရပ် ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၁၂)**
- ၉း၃၀ - လှပစုံလင် အာဆီယံတစ်ခွင်
- ၁၁း၂၅ - **အပြည်ပြည်ဆိုင်ရာ အစားအစာပွဲတော် (၂၀၁၇)**
- ၁၃း၀၀ - ဆေးရောင်စုံရုပ်ရှင် **ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင် (ပထမပိုင်း)** လူမင်း၊ ရာဇာနေဝင်း၊ သားညီ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး ဒါရိုက်တာ- ညီညီထွန်းလွင်၊ နောင်ထွန်းလွင်

**ညပိုင်း**

- ၁၆း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၁၁)**
- ၁၇း၁၅ - **ဒီဇင်ဘာလအတွက် လပတ် မိုးလေဝသ**
- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၃၅ - **မျက်မှောက်ရေးရာအဖြာဖြာ**
- ၁၉း၅၀ - **Hluttaw Budgets Programme**
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး (ကုန်သွယ်လုပ်ငန်းခွန်အကြောင်း သိကောင်းစရာ)
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် **တို့အချစ်ကတစ်မျိုး** (အပိုင်း-၃) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ ဒါရိုက်တာ - သက်မောင်မောင်)

# မြဝတီမြို့ အမှတ် ၅ ရပ်ကွက် ရေပူရွာရှိ ရေပူအိုင်မှာ ထိန်းသိမ်းမှုမရှိခြင်းကြောင့် ပျက်စီးလာနိုင်ဖွယ်ရှိ

**မြဝတီ ဒီဇင်ဘာ ၁၃**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ် ၅ ရပ်ကွက် ရေပူရွာရှိ ရေပူအိုင်မှာ ထိန်းသိမ်းမှုမရှိခြင်းကြောင့် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ပျက်စီးလာနိုင်ဖွယ်ရှိကြောင်း သိရသည်။

“ရေပူအိုင်ဆိုတာ အင်မတန်မှရှားပါတယ်၊ ရေပူရှိတဲ့နေရာဆိုရင်လည်း ခရီးသွားလုပ်ငန်းတွေ လာရောက်လေ့လာလည်ပတ်သူတွေ၊ အပန်းဖြေသူတွေနဲ့ ပြည်တွင်း၊ ပြည်ပက ဝင်ငွေတွေရနိုင်တဲ့ နေရာတွေဖြစ်ပါတယ်၊ ကျွန်တော်တို့နဲ့အနီးဆုံးဖြစ်တဲ့ ထိုင်းနိုင်ငံ မဲဆောက်မြို့ကိုအလည်အပတ်သွားရောက်မယ်ဆိုရင် ဖဝေါရုပ်တု၊ နဂါးဂူ၊ ရွှေကျောင်း၊ ရေပူတဲ့နေရာတွေကို လာရောက်လည်ပတ်ကြတာကြောင့် ထိုင်းနိုင်ငံမှာ နိုင်ငံခြားဝင်ငွေကိုရရှိစေပါတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေအနေနဲ့လည်း အခြားနေရာတွေကို လည်ပတ်ပြီးရင် မဲဆောက်မြို့က မဲကစာရေပူကို ရောက်အောင်သွားတတ်ကြပါတယ်၊ မဲကစာရေပူကန်ဆိုတာက တောင်ကြားထဲက ကျလာတဲ့ ရေပူကို စိမ်လို့ရအောင်ကန်ပြုလုပ်ပြီး ဖန်တီးထားတာပါ၊ မဲဆောက်ကနေ ၁၅ မိုင်လောက်ဝေးတဲ့နေရာမှာ သဘာဝအတိုင်းရှိတဲ့ ရေပူလေးတွေကို လည်ပတ်လေ့လာစရာတစ်ခုအဖြစ်ဖန်တီးထားတာကြောင့် ထိုင်းနိုင်ငံအတွက် တစ်ဖက်တစ်လမ်းကနေ နိုင်ငံခြားငွေရရှိစေပါတယ်၊ ကိုယ့်မှာ ဝမ်းနည်းစရာဖြစ်ရတာက သဘာဝကပေးထားတဲ့ လက်ဆောင်ဆုကြီးတစ်ခုဖြစ်တဲ့ မြဝတီမြို့ အမှတ် ၅ ရပ်ကွက် ရေပူကျေးရွာမှာရှိတဲ့ သောင်ရင်းချောင်းကမ်းနားက ရေပူအိုင်ဟာ မြဝတီမှာနေထိုင်တဲ့ တချို့သော လူတွေတောင်မသိကြတာ ဝမ်းနည်းဖို့ကောင်းသလို ထိန်းသိမ်းစောင့်ရှောက်မှုမရှိလို့ ပျောက်ကွယ်တော့မယ့် အခြေအနေလည်းဖြစ်ပေါ်နေပါတယ်၊ အဲဒီရေပူအိုင်ရှိတဲ့ နေရာကို သွားချင်တယ်ဆိုရင် မြဝတီမြို့ ချစ်ကြည်ရေးလမ်းအတိုင်းလာပြီးရင် ရေပူရွာ မုခ်ဦးအတိုင်းတည့်တည့်ဝင်လာပါက လမ်းဆုံးရင် ရေပူအိုင်ကိုတွေ့ရမှာဖြစ်ပါတယ်၊ ရေပူအိုင်ကို လာရောက်လည်ပတ်သူအများဆုံးနဲ့ အစည်ကားဆုံးအချိန်ကတော့ မြန်မာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အခါ ကာလပဲဖြစ်ပါတယ်၊ နှစ်စဉ်လူဦးရေထောင်ချီလာရောက်ရေဆော့ကစားကြပြီး ပြီးခဲ့တဲ့ ၂၀၁၆ သင်္ကြန်တွင်းမှာတော့ မည်သည့်အကြောင်းကြောင့်မှန်းမသိရဘဲ ရေပူအိုင်ထဲဝင်ခွင့်ကို ပိတ်ပင်ခဲ့တယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိအခြေအနေမှာလည်း ရေမြောင်း၏ အထက်နားကပ်လျက်မှာ မုန့်ဟင်းခါးဖိုကြီးတစ်ခုတည်ဆောက်ထားပြီး ယင်းဖိုကစွန့်ပစ်သည့် ရေဆိုးရေညစ်များကို ရေပူမြောင်းထဲလွှတ်ချနေသောကြောင့် မုန့်တီပြုလုပ်သည့်ဆန်နှစ်များက ပုပ်သိုးပြီး ရေပူမြောင်းထဲကို ဖုံးလွှမ်းသွားကြောင်း သိရသည်။

“စက်ရုံကြီးတွေက ထွက်တဲ့ရေဆိုးတွေလို မည်းညစ်ပုပ်ပြီးနံစော်နေပါတယ်၊ ယခုလိုသဘာဝတရားက အခမဲ့ဖန်တီးပေးပြီး ခရီးသွားလုပ်ငန်းတွေကနေ နိုင်ငံခြားဝင်ငွေတွေရရှိလာမယ့် ပြည်တွင်း၊ ပြည်ပခရီးသွားလာ လုပ်ငန်းတွေ၊ အပန်းဖြေလုပ်ငန်းတွေအတွက် အဆင်ပြေမယ့်တန်ဖိုးရှိတဲ့လက်ဆောင်လေးတစ်ခုကို လွှတ်တော်ကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတွေက အချိန်မီထိန်းသိမ်းစောင့်ရှောက်စေချင်ပါတယ်” ဟု မြဝတီမြို့၌ နေထိုင်သူ ကိုအောင်သူလှိုင်က ပြောသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မိုးညှင်းမြို့တွင်းလမ်းများကို အဆင့်မြှင့် နိုင်လွန်ကတ္တရာလမ်းခင်းတော့မည်

**မိုးညှင်း ဒီဇင်ဘာ ၁၃**



ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ အတွင်းလမ်းများကို အဆင့်မြှင့်နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာလမှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“အခုလောလောဆယ်မှာတော့ မိုးညှင်းဘူတာကနေ ဒီဂရီကောလိပ်အထိ လမ်းအရှည် ၂ မိုင်ခန့်ကို ဆာဗေးတိုင်းတာမှုတွေလုပ်ဆောင်ပြီးပါပြီ၊ လမ်းဧရိယာနဲ့ မလွတ်ကင်းတဲ့ ဝင်းခြံတွေ၊ ဖုန်းတိုင်တွေ၊ လျှပ်စစ်မီးတိုင်တွေကို ပြောင်းရွှေ့ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာကို တင်ပြထားပါတယ်၊ နိုင်လွန်ကတ္တရာခင်းကျင်းဖို့ စက်ရုံကို မြို့ရှောင်လမ်းအနီးမှာတည်ဆောက်ခဲ့ပြီး ကျောက်ခွဲကြိတ်မှုနဲ့ စမ်းသပ်လည်ပတ်နိုင်ခဲ့ပြီး ဖြစ် သလို မကြာမီရက် အနည်းငယ်အတွင်းမှာ ခင်းကျင်းဆောင်ရွက်သွားမှာပါ၊ ဧပြီလအတွင်းမှာပဲ ပြီးစီးအောင်ကြိုးစားဆောင်ရွက်နေပါတယ်” ဟု အဆိုပါကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးညှင်းခရိုင် မိုးညှင်းမြို့အတွင်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို သိရိဂုဏ်ရှိန်လမ်းတံတားဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပြီး မိုးညှင်းမြို့ဘူတာအရှေ့လမ်းမှ မိုးညှင်းဒီဂရီကောလိပ်အထိ လမ်းအရှည် ၂ ကီလိုမီတာ (၁ ဒသမ ၇၅ မိုင်)အထိကို လမ်းအကျယ် ၂၄ ပေရှိသော နိုင်လွန်ကတ္တရာလမ်းကို ဒေသခံပြည်သူလူထု၏ တောင်းဆိုမှုဖြင့် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေမှ ခရိုင်လမ်းတံတားဆောက်လုပ်ရေးဌာန၏ ဦးဆောင်မှုတို့ဖြင့် တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

ခေတ်မီစက်ကိရိယာတွေ အသုံးပြုပြီး စနစ်တကျခင်းမှာဖြစ်တဲ့အတွက် ကတ္တရာလမ်းသားတွေတွန့်မှု၊ ကောက်မှုတွေ မဖြစ်တော့ဘဲ ကြာရှည်ခံပြီး သက်သောင့်သက်သာ သွားလာနိုင်တော့မှာပါ ” ဟု ဒေသခံတစ်ဦးက ပြောသည်။

**ဝ၆၇**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၃-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၆ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၉ · ၆ |
| ထိုင်း | တစ်ဘတ် | ၄၁ · ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၈ |
| တရုတ် | တစ်ယွမ် | ၂၀၆ · ၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၄ · ၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တိုကျိုမြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လမ်းညွှန်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

*✻ ရှေ့ဖုံးမှ*

မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ် စောမင်း၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် မိသားစုများက ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နာရီတာ (Narita) လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် တိုကျိုမြို့ရှိ ကမာကူရ(Kamakura) ဗုဒ္ဓဆင်းတုတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**ကျေးဇူးတင်စကား ပြောကြား**

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗုဒ္ဓဆင်းတုတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ Keio University မှ ပါမောက္ခ ဆရာတော် Sato Takao ထံ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ပါမောက္ခဆရာတော်နှင့် City Office မှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကျေးဇူးတင်စကား ပြောကြားသည်။

**လက်ခံတွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုသည့် တိုကျိုမြို့ရှိ The Imperial ဟိုတယ်၌ Tokyo University of Foreign Studies မှ မြန်မာစာပေနှင့် ယဉ်ကျေးမှုဘာသာရပ်ဌာန ပါမောက္ခ Ms.Keiko Tosa အား လက်ခံတွေ့ဆုံသည်။

**အမှာစကား ပြောကြား**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ စစ်သံမှူး ဗိုလ်မှူးချုပ် စောမင်း၊ သံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လမ်းညွှန်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား Keio University မှ ပါမောက္ခ ဆရာတော် Sato Takao က အမှတ်တရလက်ဆောင် ပေးအပ်စဉ်။**

သတင်းစဉ်

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းနှင့် ပတ်သက်၍ တိုးတက်မှုများ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား Facebook မှ အာရှပစိဖိတ်ဒေသဆိုင်ရာ မူဝါဒရေးရာညွှန်ကြားရေးမှူး Ms. Mia Garlick နှင့် JICA Myanmar Office မှ Chief Representative ဖြစ်သူ Mr. Masayuki KAWASAWA (ဝဲပုံ)တို့သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနရုံး၌ သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

Facebook မှ အာရှပစိဖိတ်ဒေသဆိုင်ရာ မူဝါဒရေးရာ ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ် Facebook အသုံးပြုမှုဆိုင်ရာ စံနှုန်းများ (Facebook Community Standards)၊ မူဝါဒများ၊ Counter Terrorisom နှင့် ပတ်သက်သည်များ၊ Facebook ပေါ်တွင် ရေးသားပြောဆိုလျက်ရှိသည့် သတင်းမှားများ၊ အမုန်းစကားများ(Hate Speech) နှင့်ပတ်သက်၍ ပညာပေးဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ JICA Myanmar Office မှ Chief Representative ဖြစ်သူ Mr. Masayuki KAWASAWA နှင့် တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းနှင့် ပတ်သက်၍ တိုးတက်မှုများနှင့် MRTV မှ ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ် လာရောက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် ဦးဆောင်ကော်မတီ စည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E. Peter Lysholt Hansen တို့ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သော တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် ဦးဆောင်ကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်နိုင်ငံသံရုံးတို့အကြား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုသဘောတူစာချွန်လွှာအရ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း ဒိန်းမတ်နိုင်ငံသံရုံးက အမှုလိုက်ဥပဒေအရာရှိကျင့်ဝတ်များ၊ တရားမျှတမှုဆိုင်ရာ စံနှုန်းများနှင့် စပ်လျဉ်းသည့် သင်တန်းများ၊ ဥပဒေရေးဆွဲရေးနှင့် ဥပဒေရေးရာ သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်းသည့် သင်တန်းများကို စီစဉ်ပို့ချပေးနိုင်ခဲ့သည့်အပြင် သုတေသနအဖွဲ့အတွက် လုပ်ငန်းသုံး ကွန်ပျူတာများနှင့် သင်တန်းဌာနတွင် အသုံးပြုမည့် စက်ပစ္စည်းများကိုလည်း ကူညီပံ့ပိုးပေးခဲ့သည့်အပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း။

ထို့ပြင် ပြည်ထောင်စုရှေ့နေချုပ်ဦးဆောင်သည့် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းများတွင် ဒိန်းမတ်နိုင်ငံသံရုံးက ပါဝင်ကူညီဆောင်ရွက်ပေးမှုတို့သည် များစွာအကျိုးဖြစ်ထွန်းပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးက တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်တွင် စာကြည့်တိုက်အတွက် ဘာသာရပ်ဆိုင်ရာစာအုပ်များ ဝယ်ယူပံ့ပိုးရေး၊ သုတေသနလုပ်ငန်း၊ အမှုလိုက်လုပ်ငန်းနှင့် ဥပဒေရေးဆွဲစိစစ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် သင်တန်းများ ဆက်လက်ပို့ချရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရေးများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒိန်းမတ်နိုင်ငံသံရုံးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ၊ ကော်မရှင်(ICJ)တို့မှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခတ္တမန္ဒူမြို့ရှိ ရှေးဟောင်းအနုပညာလက်ရာ အဆောက်အအုံပြတိုက်များအား ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးမိသားစုများအား ယမန်နေ့ ညပိုင်းက ခတ္တမန္ဒူမြို့ရှိ နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဧည့်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားပြီး သံရုံးမိသားစုများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နီပေါ-မြန်မာ ချစ်ကြည်ရေးအသင်း(Nepal-Myanmar Friendship Council) မှ တာဝန်ရှိသူများအား ခတ္တမန္ဒူမြို့ရှိ နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

**လှည့်လည်ကြည့်ရှု**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ခတ္တမန္ဒူမြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Swayambhunath စေတီသို့ ရောက်ရှိကြပြီး စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် Patan Durbar Square ရင်ပြင်သို့ ရောက်ရှိကြပြီး ရင်ပြင်ရှိ Patan Museum အပါအဝင် ရှေးဟောင်းအနုပညာလက်ရာ အဆောက်အအုံပြတိုက်များအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Buddhanath Stupa စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

**ကြိုဆိုနှုတ်ဆက်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ခတ္တမန္ဒူမြို့ရှိ Tribhuvan အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြပြီး ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhin K Udas နှင့် ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Patan Durbar Square ရင်ပြင်ရှိ ရှေးဟောင်းအနုပညာလက်ရာ အဆောက်အအုံပြတိုက်များအား လှည့်လည်ကြည့်ရှုစဉ်။** သတင်းစဉ်

# ရခိုင်ပြည်နယ်ဘက်စုံဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၃**

UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross - ICRC) မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Fabrizzio Carboni ဦးဆောင်သောအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း လူသားချင်းစာနာကူညီမှု အထောက်အပံ့ပေးနိုင်ရေး၊ ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးအသက် (၂)နှစ်အထိ ထောက်ပံ့ငွေပေးအပ်ခြင်း အစီအစဉ် ချဲ့ထွင်နိုင်ရေးအတွက် ငွေကြေးနှင့် နည်းပညာအကူအညီပေးနိုင်ရေးနှင့် UEHRD တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိစ္စ၊ ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ကိစ္စရပ်များ၊ UEHRD ပြည်ထောင်စုစီမံကိန်းဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ စေတနာ့ဝန်ထမ်း လူငယ်များ၏ အကူအညီများရယူ၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရေးနှင့် အချက်အလက်များ ကောက်ယူရေးဆောင်ရွက်နေသည့်ကိစ္စများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအဖွဲ့ ကိုးဖွဲ့ ထူထောင်၍ ရခိုင်ပြည်နယ်အား ဦးစားပေးဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးနှင့် စောင့်ရှောက်ရေး လိုအပ်လျက်ရှိသော ကလေးသူငယ်မှ သက်ကြီးရွယ်အိုများအထိ ကူညီထောက်ပံ့ရေးလုပ်ငန်းများတွင် ICRC အနေဖြင့် ပူးပေါင်းပါဝင်နိုင်မည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# နှစ်စဉ်လုပ်သားအင်အား အသေးစိတ်စာရင်းရေးသွင်းခြင်းများ လေ့ကျင့်သင်ကြား

**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၁၇ ခုနှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)ဆိုင်ရာ ကွန်ပျူတာစာရင်း ရေးသွင်းခြင်း သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ၂၀၁၅ ခုနှစ် လုပ်သားအင်အားစစ်တမ်း အချက်အလက်များနှင့် နှိုင်းယှဉ်နိုင်ရန်၊ ရာသီချိန်နှင့် ရာသီချိန်ပြင်ပ အလုပ်လုပ်ကိုင်မှုအခြေအနေကို သိရှိနိုင်ရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်းအား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)၏ နည်းပညာအကူအညီဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် ကောက်ယူခဲ့ကြောင်း၊ ဇန်နဝါရီလမှ မတ်လအထိ (ပထမအကြိမ်) အား စာရင်းကောက်ကွက် ၇၈၀ သတ်မှတ်ခဲ့ပြီး နယ်မြေအခြေအနေအရ ၇၇၂ ကွက်ရှိ အိမ်ထောင်စု ၁၃၈၉၆ စုကို ကောက်ယူနိုင်ခဲ့ပြီး Double Entry စာရင်းရေးသွင်းခြင်းနည်းဖြင့် စာရင်းရေးသွင်းခဲ့ပြီး (ပထမအကြိမ်) စစ်တမ်း အစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် (ဒုတိယအကြိမ်) စစ်တမ်းအား ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာရင်းကောက်ကွက် ၇၈၀ တွင် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိ ဝန်ထမ်းများက ကွင်းဆင်းစာရင်းကောက်ယူခဲ့ပြီး မေးခွန်းလွှာများကို ကွန်ပျူတာစာရင်း ရေးသွင်းနိုင်ရန် စာရင်းရေးသွင်းခြင်းသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ National Statistical Office, Social Statistics Bureau မှ Mr.Chirawat Poonsab က Program ရေးသားခြင်းကို ဒီဇင်ဘာ ၇ ရက်မှ ၁၂ ရက်အထိ သင်ကြားပို့ချပေးခဲ့ပြီး ယခု စာရင်းရေးသွင်းခြင်းသင်တန်းကို စုစုပေါင်း ၂၄ ဦးအား သင်ကြားပို့ချသွားမည်ဖြစ်ကာ လုပ်သားအင်အားဆိုင်ရာ အသေးစိတ်စာရင်းအင်း (Labour Force Statistics) များကို လုပ်သားအင်အားစစ်တမ်းမှသာ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ ထိုင်းနိုင်ငံ National Statistical Office, Social Statistics Bureau မှ Mr. Chirawat Poonsab၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ **ခင်ရတနာ**



*ကျော်ဖုံးမှ*

အလတ်စားစီးပွားရေးလုပ်ငန်း (Small and Medium Enterprise- SME) များ ပါဝင်မှုသည် ၉၉ ရာခိုင်နှုန်းရှိပြီး နိုင်ငံ၏ စီးပွားရေးစွမ်းရည်မြှင့်တင်ပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အဓိကမောင်းနှင်အား (Main Driving Engine)အဖြစ် အရေးပါနေကြောင်း၊ SME များ ဖွံ့ဖြိုးတိုးတက်လာပါက အလုပ်အကိုင်ရရှိမှု၊ ဝင်ငွေရရှိမှုနှင့်အတူ အစိုးရ၏ အခွန်ငွေ ရရှိမှုလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူများ အကြား အလုပ်အကိုင်ဖန်တီး၍ ဝင်ငွေရရှိသဖြင့် နိုင်ငံတွင်း ဝင်ငွေလည်ပတ်စီးဆင်းမှုကို မှန်ကန်စေမည်ဖြစ်ပါကြောင်း။

**ဆောင်ရွက်သွားရမည်**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်တွင် ဒုတိယ အချက်ဖြစ်သည့် "အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုတို့ကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SME)ကို ပံ့ပိုးကူညီပေးရန်" ဟု ဖော်ပြပါရှိပါကြောင်း၊ သို့ဖြစ်၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများနှင့် ရည်မှန်းချက်များချမှတ်၍ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု၊ ငွေကြေးအရင်းအမြစ်၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေး၊ သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ၊ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများ ရရှိရေးတို့ကို ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း အသေးစားနှင့် အလတ်စားထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ရန် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏(၁/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက် ၁၅ ချက် ချမှတ်ခဲ့ကာ ဆုံးဖြတ်ချက်များကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဗဟိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမ္မတ၊ တွဲဖက်ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယဥက္ကဋ္ဌများအဖြစ် ဒုတိယသမ္မတနှစ်ဦး အပါအဝင် ပြည်ထောင်စုအဆင့် ၁၉ ဦး၊ ပုဂ္ဂလိကကဏ္ဍမှ အသိပညာရှင်၊ အတတ်ပညာရှင် ငါးဦး၊ စုစုပေါင်းအဖွဲ့ဝင် ၂၄ ဦးတို့ ပါဝင်ဖွဲ့စည်းထားပါကြောင်း။

**ဖွဲ့စည်းတာဝန်ပေးအပ်**

SME ဥပဒေပုဒ်မ (၆)ပါ အခြေခံမူများနှင့်အညီ SME များ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရေးအတွက် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန် ၁၁ ရပ်ရှိသည့်အနက် ပုဒ်မခွဲ(ည)နှင့် (ဋ) တို့အရ လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှု အဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်းတို့ ဖော်ပြပါရှိပါကြောင်း။

SME ဥပဒေအခန်း(၅)၊ ပုဒ်မ ၇ ပုဒ်မခွဲ(က)အရ၊ SME ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ SME လုပ်ငန်းကော်မတီကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ (၁) အပါအဝင် အစိုးရအဖွဲ့မှ ၃၂ ဦး၊ စီးပွားရေးပညာရှင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ SME လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂိုလ်ရှစ်ဦး စုစုပေါင်းအဖွဲ့ဝင် ၄၀ ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဖြစ်သည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးတင်ပြပေးကြရန် ဖိတ်ခေါ်လိုပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ရှင်းလင်းတင်ပြစဉ်။

ဥပဒေပုဒ်မ(၈)အရ SME လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် ၁၄ ရပ်ကို ချမှတ်ခဲ့ပြီး မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် SME များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် "လက်တွေ့ကျသော ချဉ်းကပ်မှုမျိုးနှင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း"၊ နိုင်ငံအတွင်းရှိ ငွေကြေးအရင်းအမြစ်၊ လူသားအရင်းအမြစ်၊ အတတ်ပညာအရင်းအမြစ်နှင့် ဒေသတွင်း ရရှိနိုင်သော အရင်းအမြစ်များကို ဖော်ထုတ်အသုံးချနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ဈေးကွက်ကိုအခြေခံသည့် Market Economy တွင် စီးပွားရေးတိုးတက်မှုဆိုသည်မှာ Profit Margin အမြင့်ဆုံးဆောင်ရွက်နိုင်သည်ထက် သင့်တင့်လျောက်ပတ်သည့် Profit Margin တစ်ရပ်ကို အချိန်ကာလအတိုင်းအတာတစ်ခုထိ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development )ပင် ဖြစ်ပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

SME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် SME Development Framework နှင့် ပတ်သက်၍ အဓိကအစိတ်အပိုင်းများနှင့် အထောက်အကူပြု အစိတ်အပိုင်းများဟူ၍ ရှိပါကြောင်း၊ အဓိက အစိတ်အပိုင်းများတွင် Macroeconomic Policies နှင့် သက်ဆိုင်သည့် Low Budget Deficit ကိစ္စ၊ ငွေကြေးလဲလှယ်မှုတည်ငြိမ်ရေး၊ အတိုးနှုန်းတို့နှင့် ဆက်စပ်မှုရှိနေပါကြောင်း၊ ထို့ကြောင့် SME ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဆက်စပ်ဌာနများနှင့် အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

Microeconomics Environment နှင့် ဆက်နွှယ်သည့် ကိစ္စရပ်များတွင် စည်းမျဉ်းစည်းကမ်းများ လွယ်ကူချောမွေ့ခြင်း၊ ကောင်းမွန်သောစီမံခန့်ခွဲမှု၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရေး၊ သင့်တင့်လျောက်ပတ်သည့် အခြေခံအဆောက်အအုံ၊ အခြေအနေနှင့် လိုက်လျောညီထွေဆောင်ရွက်နိုင်သည့် ကျွမ်းကျင်မှုနှင့် အရည်အချင်းပြည့်ဝသော လုပ်သားထုများရှိခြင်းတို့ ဖြစ်ပါကြောင်း။

အေအီးစီ ၂၀၁၅ မျှော်မှန်းချက်တွင်လည်း Micro, Small and Medium Enterprises (MSME) များအတွက် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရာတွင် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များနှင့် အမျိုးသမီးစွမ်းဆောင်ရှင်များအတွက် အထူးအလေးထားဆောင်ရွက်သွားရန် ဖော်ပြထားပါကြောင်း၊ အာဆီယံဒေသတွင်း၌လည်း SME များ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား ရေရှည်ယှဉ်ပြိုင် ရပ်တည်သွားနိုင်ရန်အတွက်



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရှင်းလင်းတင်ပြစဉ်။

ASEAN Strategic Action Plan (2016-2025) ကို သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**အဆင့်တက်နိုင်မည်**

မြန်မာနိုင်ငံသည် ASEAN SME လုပ်ငန်းအကောင်အထည်ဖော်ရေးပူးပေါင်းကော်မတီ (ACCMSME) နှင့် OECD တို့ ပူးပေါင်းပြီး ဒေသတွင်း SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒဆိုင်ရာများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအပေါ်တွင် မူဝါဒဆိုင်ရာအညွှန်းကိန်းများကို OECD က လေးနှစ်တစ်ကြိမ် ဖော်ပြလျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်၊ ASEAN SME Policy Index အရ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့သည် Policy Index အနေဖြင့် အမြင့်ဆုံး၌ ရပ်တည်နေကြပြီး ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် အနိမ့်ဆုံးအခြေအနေတွင် ရပ်တည်နေကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SME Development Policy Index မြင့်မားစေရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Index Score မြင့်မားစေရေးအတွက် OECD က သတ်မှတ်ထားသည့် အချက်များဖြစ်သည့် SME များအတွက် အသင်းအဖွဲ့ဆိုင်ရာ ဖွဲ့စည်းမှုမူဘောင်၊ ဝန်ဆောင်မှုရရှိမှုအခြေအနေ၊ SMEs များ သက်သက်သာသာ လျင်မြန်စွာလုပ်ငန်းစတင်နိုင်ရေးနှင့် ပိုမိုကောင်းမွန်သော ဥပဒေနှင့် စည်းမျဉ်းများ အခြေအနေ၊ ငွေကြေးအထောက်အပံ့ရရှိမှု၊ နည်းပညာနှင့် နည်းပညာလွှဲပြောင်းပေးနိုင်မှု၊ နိုင်ငံတကာဈေးကွက်ချဲ့ထွင်နိုင်မှု၊ စွန့်ဦးစီးပွားပညာရပ်များ မြှင့်တင်ပေးနိုင်မှု၊ အသေးစား လုပ်ငန်းများ၏ စိတ်ဝင်စားမှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှုစသည့် ညွှန်းကိန်းရှစ်ခုဖြင့် အဆင့်ခွဲခြား သတ်မှတ်ခြင်းဖြစ်သည့်အတွက် အဆိုပါအခြေအနေများအပေါ်တွင် ကောင်းမွန်မှန်ကန်သည့် လုပ်ငန်းစဉ်များ ပိုမိုဖော်ထုတ်ဆောင်ရွက်သွားမှသာ အဆင့်တက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံအတွင်းရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် ကောင်းမွန်သောစီးပွားရေးဝန်းကျင်ကို ဖော်ဆောင်လျက်ရှိသော်လည်း ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ဈေးကွက်၊ ငွေကြေးစီမံခန့်ခွဲရေးနှင့် တီထွင်ဆန်းသစ်မှုအပိုင်းတွင် ပညာရပ်ဆိုင်ရာအသိအမြင် ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးတို့အတွက် ထောက်ပံ့ကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံ၏စီးပွားရေးအတွက် အဓိက ကျောရိုးသဖွယ်ဖြစ်သည့် SME လုပ်ငန်းများအတွက် ပို့ကုန်မြှင့်တင်ရေး၊ တီထွင်ဆန်းသစ်ရေးတို့ကို အခြေပြုသည့် လုပ်ငန်းသစ်များ ပေါ်ထွက်လာရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် ယခုဆွေးနွေးပွဲတွင်လည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြသွားကြရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် SME လုပ်ငန်းများ ဖွဲ့စည်းညှိနှိုင်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကော်မတီ၏ ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ဖွဲ့စည်းတည်ထောင်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဒင်းနစ်ဝင်းသိန်းက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအတွေ့အကြုံများနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်မည့်အခြေအနေများကို အကြံပြုဆွေးနွေးသည်။

**ညှိနှိုင်းဖြေရှင်းပေး**

ထို့နောက် လုပ်ငန်းကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် စီးပွားရေးပညာရှင်များက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဦးကျော်ဝင်းတို့က ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ထို့နောက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

## အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ၁/၂၀၁၇ အစည်းအဝေးနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

လုပ်ငန်းကော်မတီ အစည်းအဝေး ပြီးနောက် ယနေ့ညနေပိုင်းတွင် အစည်းအဝေးကျင်းပရခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်အခြေစိုက်သတင်းမီဒီယာ ၁၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး သတင်းမီဒီယာများမှ SMEs ချေးငွေဆိုင်ရာမူဝါဒများ၊ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ ပြည့်စုံအောင် ဆောင်ရွက်သွားမည့် အစီအမံများနှင့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းမည့် အစီအမံများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား အားပေးမြှင့်တင်မည့် အစီအမံများ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ မြွေဆိပ်ဖြေဆေးများတင်ပို့နိုင်ရေး စီမံဆောင်ရွက်သွားမည့် အခြေအနေတို့ကို မေးမြန်းခဲ့ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောအောင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သက်ငယ်မုဒိမ်း မဖြစ်ပွားရေး ပညာပေးဟောပြော



**သထုံ ဒီဇင်ဘာ ၁၃**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားမှုဖြင့် ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အေးဆွေနှင့် တပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်း ဖြစ်ပွားမှု မရှိစေရေးနှင့် မူခင်းဆိုင်ရာ သိကောင်းစရာများ ဟောပြောခြင်းကို မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ဆားဖိုစုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဒီဇင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး ကြိုတင်ကာကွယ်ခြင်းနှင့် သတိထား၍ ဆောင်ရန်ရှောင်ရန် အသိပညာပေးမှုများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများ၊ မူခင်းဆိုင်ရာ အချက်အလက်များကို ပေါင်မြို့နယ် ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းထိန်နှင့် ဇင်းကျိုက်ရဲကင်းစခန်းမှူး ရဲအုပ်ရဲလင်းနောင်တို့က ဒေသခံပြည်သူ ၇၀ ကျော်ခန့်အား အသိပညာပေးခဲ့သည်။

**၁၃၈**

# ကိန်းဂဏန်းများကို ထုဆစ်၍ လှပတဲ့အနာဂတ်ကို ပုံဖော်ကြပါစို့

**မောင်မုဒိတာ**

မှတ်မိနေပါသေးသည်။ လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်က ဖြစ်စဉ်များ။

မြန်မာတစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် လှုပ်လှုပ်ရှားရှားဖြစ်သည့် ဖြစ်ရပ်များဖြစ်ပါသည်။ တခြားတော့ မဟုတ်ပါ။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း ဖြစ်သည်။

**သန်းခေါင်စာရင်း ကောက်ယူခြင်း**

အတိအကျပြောရလျှင် ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ ဆောင်ရွက်မှုများဖြစ်သည်။ နွေခေါင်ခေါင် ချွေးသံရွှဲရွှဲနှင့် တစ်အိမ်တက်ဆင်း စာရင်းကောက်ယူနေကြသော စာရင်းစစ်၊ စာရင်းကောက် ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ လဝကဝန်ထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာ အထောက်အကူပြုအဖွဲ့ဝင်များ၏ သဏ္ဍာန်ကို စိတ်အစဉ်မှာ မှန်းဆမြင်ယောင်နေမိသည်။ စာရင်းကောက်ယူပြီးစီးတော့ ရှေ့ပြေးလူဦးရေစာရင်း ထုတ်ပြန်ခြင်း၊ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာ ထုတ်ပြန်ခြင်း၊ သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ ဆန်းစစ်လေ့လာ ပြုစုထားသော အစီရင်ခံစာများ၊ သုတေသနစာတမ်းများ ထုတ်ပြန်ခြင်း စသည့် သန်းခေါင်စာရင်းဆိုင်ရာဖြစ်စဉ်များက မရပ်မနား လှုပ်ရှား ဖြစ်ပေါ်နေသည်။

ဇာတ်လမ်းတွဲကြီးပမာ အစဉ်လိုက် ဖြစ်ပေါ်နေသည့် သန်းခေါင်စာရင်းကောက်ယူမှုများနှင့် ပတ်သက်၍ သန်းခေါင်စာရင်း ကွင်းဆင်းကောက်ပြီးချိန် ၂၀၁၄ ခုနှစ် မေလအတွင်းကလည်း ကျွန်တော် ဆောင်းပါးတစ်ပုဒ် ရေးသားတင်ပြခဲ့ပါသည်။ "သန်းခေါင်စာရင်း၏ အောင်မြင်ခြင်း" ဆိုသည့် ခေါင်းစဉ်ဖြင့် ကျွန်တော်တို့နိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော်ကြာ ဆောင်ရွက်နိုင်ခြင်းမရှိသည့် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကြီးကို အားလုံးပူးပေါင်းပါဝင်မှုကြောင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကို အသိအမှတ်ပြု ဂုဏ်ပြု ရေးသား ဖော်ပြခြင်းဖြစ်သည်။

**လူဦးရေပညာ**

မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်၊ နောက်ပိုင်း လူဦးရေသန်းခေါင်စာရင်း ကောက်ယူနိုင်ခြင်း မရှိဘဲ လူဦးရေပညာဖြင့် ခန့်မှန်းတွက်ချက် ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကြာခဲ့သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားပြီး နေရာဒေသ လွှမ်းခြုံနိုင်မှု ကျယ်ပြန့်သည့် လုပ်ငန်း၊ ငွေကုန်ကြေးကျများသောလုပ်ငန်း၊ အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ပြည်သူအားလုံး ပါဝင်ဆောင်ရွက်မှ အောင်မြင်သည့် လုပ်ငန်းဖြစ်သည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံအချို့မှာပင်လျှင် ၁၀ နှစ်လျှင် တစ်ကြိမ်သာ ဆောင်ရွက်နိုင်ကြသည်။ သို့သော်လည်း နိုင်ငံတိုင်း မဖြစ်မနေ ဆောင်ရွက်ကြသည့် အဓိကလုပ်ငန်းတစ်ခု ဖြစ်သည်ကတော့ အမှန်ပင်။

**သန်းခေါင်စာရင်း ကောက်ယူခြင်း၏ ရည်ရွယ်ချက်**

သန်းခေါင်စာရင်းသည် နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲခြင်း၊ မူဝါဒများချမှတ်ခြင်း၊ ထောင်စုနှစ်ရည်မှန်းချက်များချမှတ်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ဆောင်ချက်များ ဆန်းစစ်လေ့လာခြင်းသည် လုပ်ငန်းများ၌ အထောက်အပံ့ဖြစ်စေသည်။ သန်းခေါင်စာရင်း ကောက်ယူခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများရေးဆွဲခြင်း၊ မူဝါဒများ ချမှတ်ခြင်းအတွက် လိုအပ်သောလူဦးရေနှင့် ကိန်းဂဏန်း အချက်အလက်များ တိတိကျကျ ရရှိစေရန်ပင် ဖြစ်သည့်အတွက် အလွန်အရေးပါလှသည်။ နိုင်ငံတိုင်းအတွက် အဓိကကျလှသည်။

မြန်မာနိုင်ငံ၏ လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်ခဲ့ကြပြီး အဆင့်တစ်ဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းမှာ ၂၀၁၁ ခုနှစ်မှ စတင် ပြင်ဆင်ခဲ့ပြီး စတင်ကောက်ယူသည့် ၂၀၁၄ မတ်လမှပင် ပြီးဆုံး၍ သုံးနှစ်ခန့်ကြာမြင့်ခဲ့သည်။ စာရင်းကောက်သည်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၂ ရက်ကြာခဲ့သည်။ ပြီးတော့ ကောက်ယူရရှိသည့် စာရင်းများကို နေပြည်တော် (ရုံးချုပ်) သို့ သယ်ယူပို့ဆောင်ရေးနည်းလမ်းပေါင်းစုံဖြင့် မပျက်မယွင်းအောင် ပို့ဆောင်ကြရသည်ကလည်း မလွယ်ကူလှ။ နေပြည်တော် (ရုံးချုပ်) မှာ စုစည်းထားသိုပြီးဖြစ်သည့် ဒေသအသီးသီးမှ သန်းခေါင်စာရင်း မေးခွန်းလွှာများကို ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) နှင့် နိုင်ငံတကာအဖွဲ့အစည်းအားလုံး မိတ်ဖက်နိုင်ငံများ၏ အကူအညီဖြင့် ထောက်ပံ့ရရှိသည့် ခေတ်မီနည်းပညာ အသုံးပြုပုံရိပ်ဖမ်းစက် (Optical Mark Recognition- OMR) စက်ကြီးများဖြင့် အချက်အလက်များ ဖြည့်သွင်းပြုစုကြသည်။ လဝကဝန်ထမ်းများက နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး မနားမနေ ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတကာပညာရှင်များအဖွဲ့ကလည်း စဉ်ဆက်မပြတ် လေ့လာဆန်းစစ်သုံးသပ်မှု၊ အနီးကပ် အကြံဉာဏ်ပေးမှုများဖြင့် မြန်မာနိုင်ငံကို ပံ့ပိုးနေကြသည်။

**အပြည့်အဝ ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ကြ**

နှစ်ပေါင်း ၃၀ ကြာပြီးမှ ကောက်ယူခဲ့ရသည့် ယခုအကြိမ် လူဦးရေသန်းခေါင်စာရင်းသည် ယခင်ကာလ ကောက်ယူမှုများနှင့်မတူ၊ ထူးခြားကွာခြားခဲ့သည်။ ယခင် အစဉ်အဆက်က အကြောင်းအမျိုးမျိုးကြောင့် စာရင်းမကောက်နိုင်သည့် အထူးဒေသ (၂) 'ဝ' ဒေသ၊ အထူးဒေသ (၄) မိုင်းလားဒေသ၊ ကိုးကန့်ဒေသများအပြင် ကရင်၊ ကယား၊ မွန်၊ ပအိုဝ်း၊ ရှမ်း စသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဒေသများမှာပင် ကွင်းဆင်း ကောက်ယူနိုင်ခဲ့ခြင်း ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုများ၏ အပြည့်အဝ ပူးပေါင်း



ကူညီဆောင်ရွက်ခဲ့မှုကြောင့် မထပ်မကျန် စာရင်းမှန် ရရှိအောင် ကွက်ပြည့်နှင်း ကောက်ယူနိုင်ခဲ့သည်။

ပြည်ထောင်စုအဆင့် တာဝန်ရှိသူများကိုယ်တိုင် ယင်းအဖွဲ့အစည်းများ၏ ဒေသများသို့ပင် အပင်ပန်းခံကာ ကွင်းဆင်းသွားရောက်၍ နှစ်ဖက်တာဝန်ရှိသူများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်နေသည့် မြင်ကွင်းပုံရိပ်များအား ရုပ်မြင်သံကြားက နေ့စဉ်သတင်းများ ထုတ်လွှင့်ဖော်ပြမှု၊ တွေ့ဆုံမေးမြန်းခန်းတွင် ဖြေကြားမှုများမှ မြင်တွေ့ကြားသိနေရမှု အခြေအနေများမှာ ကြည်နူးစရာကောင်းလှသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းတစ်ခုတွင် တိုင်းရင်းသားညီအစ်ကိုများ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း လက်တွဲပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြသည့် ညီညွတ်ရေးပုံရိပ်များပင်ဖြစ်သည်။

**နိုင်ငံတကာမှ ချီးကျူးခဲ့ကြ**

တစ်နိုင်ငံလုံးလွှမ်းခြုံ ကွက်ပြည့်နှင်း ကောက်ယူနိုင်ခဲ့သည့်အတွက် သန်းခေါင်စာရင်းနှင့်ပတ်သက်ပြီး နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့ဝင်များကပင် မှတ်တမ်းတင် ချီးကျူးကြသည်။ နိုင်ငံတကာတွင် ဆောင်ရွက်ခဲ့ကြသည့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်များအနက် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်သည် အကောင်းဆုံးများထဲမှ တစ်ခုဖြစ်ကြောင်း ထုတ်ဖော် သုံးသပ်ခဲ့ကြသည်။ နှစ်ပေါင်း ၃၀ ကြာ အတွေ့အကြုံ နည်းပါးနေသည့်အတွက် နိုင်ငံတကာက ထင်မှတ်မထားသည့်လုပ်ရပ်ကို မြန်မာတွေ လုပ်ပြနိုင်ခဲ့သည်။ သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူမှုလုပ်ငန်း ၉၈ ရာခိုင်နှုန်းအောင်မြင်သည်။ လုပ်ငန်းစီမံချက်ရေးဆွဲမှု၊ ဖွဲ့စည်းတာဝန်ပေးမှု၊ စီမံချက်အတိုင်း အကောင်အထည်ဖော်မှု စသည်တို့ စနစ်တကျ ဆောင်ရွက်မှုအပြင် ပြည်သူများ သိရှိနားလည်၍ ပူးပေါင်းပါဝင်အောင် လူထုအသိပညာပေး၊ ဘက်ပေါင်းစုံ လှုံ့ဆော်မှုများက ထိရောက်လှသည်။ "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆိုသည့် ဆောင်ပုဒ်ကလည်း နေရာတိုင်း ပျံ့နှံ့၍ ပြည်သူ့ရင်ထဲ စွဲမြဲနေကြသည်။

**ကမ္ဘာသိ ကြေညာနိုင်ခဲ့**

မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပင်မ အစီရင်ခံစာကို ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်၍ ကမ္ဘာသိကြေညာခဲ့သည်။ ယင်းစာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁၄၈၆၂၅၃ ဦး (၅၁ ဒသမ ၄၉) သန်းရှိကြောင်း သိရသည်။ လူဦးရေအများဆုံး ဒေသက ရန်ကုန်တိုင်းဒေသကြီး၊ အနည်းဆုံးဒေသက ကယားပြည်နယ်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းဆမှာ တစ်စတုရန်းကီလိုမီတာတွင် ၇၆ ဦးဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်ကာလများအတွင်း လူဦးရေပြောင်းလဲခြင်းများနှင့် နှိုင်းယှဉ်ဆန်းစစ်ရာ၌ ၂၀၁၃ မှ ၂၀၁၄ ခုနှစ်အတွင်း လူဦးရေတိုးနှုန်း တစ်နှစ်လျှင် ၀ ဒသမ ၈၉ ရာခိုင်နှုန်း တိုးပွားကြောင်း၊ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို ရွှေ့ပြောင်းသွားလာကြကြောင်းနှင့် နိုင်ငံခြားသို့ ရောက်ရှိနေသော အိမ်ထောင်စုဝင်များ၏ ၆၀ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ကြောင်း၊ အများစုမှာ ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြောင်း၊ မွေးဖွားစဉ် မျှော်မှန်းသက်တမ်းသည် ၆၆ ဒသမ ၈ နှစ်ဖြစ်ကြောင်း၊ လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းသည် အနည်းဆုံး မသန်စွမ်းမှုတစ်မျိုးရှိကြောင်း၊ အိမ်ပိုင်ဆိုင်မှုအနေဖြင့် အိမ်ထောင်စု ၈၆ ရာခိုင်နှုန်းသည် အိမ်ပိုင်ဆိုင်ကြကြောင်း၊ အိမ်ထောင်စု ၃၂ ရာခိုင်နှုန်းသည် အလင်းရောင်အတွက် လျှပ်စစ်မီးကို အသုံးပြုကြကြောင်း၊ အိမ်ထောင်စုအားလုံး၏ ၆၉ ရာခိုင်နှုန်းသည် အစားအသောက် ချက်ပြုတ်စားရန် လောင်စာအဖြစ် သစ်သား၊ ထင်းတို့ကို အသုံးပြုကြ၍ လျှပ်စစ်ကို အိမ်ထောင်စု ၁၆ ရာခိုင်နှုန်း၊ မီးသွေးနှင့် လောင်စာတောင့်ကို ၁၂ ရာခိုင်နှုန်း အသုံးပြုကြကြောင်း၊ အိမ်ထောင်စု ၃၁ ရာခိုင်နှုန်းသည် သောက်သုံးရေအတွက် အဓိကအရင်းအမြစ်မှာ အဝီစိတွင်းဖြစ်ပြီး ၉ ရာခိုင်နှုန်းမှာ ရေပိုက်လိုင်းမှ ရေကို သောက်ရေအဖြစ် အသုံးပြု၍ ၁၈ ဒသမ ၉ ရာခိုင်နှုန်းသည် ရေတွင်း (အုတ်စီ) မှရရှိသော ရေကိုသုံးကြကြောင်း၊ အိမ်ထောင်စု ၇၀ ရာခိုင်နှုန်းခန့်သည် သောက်ရေအတွက် ရေကောင်း ရေသန့်ကို အသုံးပြုကြကြောင်း၊ အိမ်ထောင်စု ၇၄ ရာခိုင်နှုန်းသည် သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲကြကြောင်း၊ အိမ်သာမရှိသော အိမ်ထောင်စု ၁၄ ရာခိုင်နှုန်းရှိကြောင်း၊ အိမ်ထောင်စု ၅၀ ရာခိုင်နှုန်းသည် ရုပ်မြင်သံကြားစက်ရှိပြီး အိမ်ထောင်စု ၃၉ ရာခိုင်နှုန်းသည် မော်တော်ဆိုင်ကယ်ရှိပြီး ၃၆ ရာခိုင်နှုန်းသည် စက်ဘီးရှိ၍ ၃ ဒသမ ၁ ရာခိုင်နှုန်းသည် ကား၊ ပစ်ကပ်၊ ထရပ်ကား၊ ဗင်စသည့်မော်တော်ယာဉ်ရှိကြကြောင်းကို ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအစီရင်ခံစာတစ်ခုဖြစ်သည့် 'သန်းခေါင်စာရင်းကညွှန်းဆိုသော မြန်မာ့ပုံရိပ်' တွင် ထင်ဟပ်ပြသ ထုတ်ပြန်ခဲ့သည်။ ယင်းမြန်မာ့ပုံရိပ်များသည် နိုင်ငံတော်အတွက် မူဝါဒရေးဆွဲချမှတ်သူများ၊ သုတေသနပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အခြားအခြားသော စိတ်ပါဝင်စားသူများအနေဖြင့် အခြေခံအသုံးပြု ဆောင်ရွက်ရမည့် ကိန်းဂဏန်းအချက်အလက်များပင် ဖြစ်သည်။

**သုတေသနစာတမ်းများ ထုတ်ပြန်**

သန်းခေါင်စာရင်းပင်မအစီရင်ခံစာ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစီရင်ခံစာများ ထုတ်ပြန်ပြီးသော်လည်း လုပ်ငန်းက မပြီးသေးဘဲ သန်းခေါင်စာရင်းမှရရှိသည့် အချက်အလက်များကို အခြေခံ၍ အသေးစိတ် ဆန်းစစ်လေ့လာသည့် သုတေသနစာတမ်းများလည်း တစ်စောင်ပြီးတစ်စောင် ဆက်လက်ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာ စာတမ်းတစ်ခုချင်းစီ၏ အရေးကြီးသော အချက်အလက်များကို ထင်သာမြင်သာဖြစ်စေရေးအတွက် အနှစ်ချုပ်အဖြစ် သန်းခေါင်စာရင်းရလဒ်မြေပုံအစီရင်ခံစာကိုလည်း ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းက ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် ယခုနှစ် အောက်တိုဘာလအတွင်းက ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ၏ လူဦးရေစာရင်းကို ထုတ်ပြန်ကြေညာတာ သိလိုက်သည်။ သတင်းစာများမှာလည်း ဖတ်လိုက်ရသည်။ နိုင်ငံတိုင်းသည် နိုင်ငံရှိလူဦးရေကို တစ်နှစ်တစ်ကြိမ် မဖြစ်မနေ ထုတ်ပြန်ကြရသည်။ မြန်မာနိုင်ငံ၏ နှစ်စဉ်လူဦးရေကို နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်သည်။ သန်းခေါင်စာရင်းမှရရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ လူဦးရေပညာဖြင့် တွက်ချက်ထုတ်ပြန်ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ လူဦးရေ ၅၃၃၈၇၉၄၈ ဦး၊ (၅၃ဒသမ၃၉) သန်းဖြစ်ကြောင်း ထုတ်ပြန်ချက်အရ မှတ်သားမိသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းထုတ်ပြန်ချက်ကို အခြေခံတွက်ချက်ခြင်းဖြစ်ရာ ၂၀၁၇ ခုနှစ်တွင် လူဦးရေ နှစ်သန်းနီးပါး တိုးပွားလာကြောင်း တွေ့ရသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေကိုလည်း ထုတ်ပြန်ထားကြောင်း တွေ့ရသည်။ ယင်းအခြေခံ လူဦးရေစာရင်းများအပေါ်မူတည်၍ နိုင်ငံတော်၏ မူဝါဒများ၊ စီမံချက်များကို တိတိကျကျ ရေးဆွဲချမှတ် ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိသည်။

**နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်လည်းဖြစ်**

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်ကြီးဖြစ်သကဲ့သို့ ၎င်းစာရင်းဇယားထုတ်ပြန်မှု အစီရင်ခံစာ အချက်အလက်များသည်လည်း နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သည့် ကိန်းဂဏန်းများဖြစ်သည်။ ယင်းကိန်းဂဏန်းများကို လေ့လာ၍ နေရာဒေသအလိုက် ရပ်ကွက်၊ ကျေးရွာအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်မည်။ စာတတ်မြောက်မှုကို ကြည့်၍ ကျောင်းအဆောက်အအုံ၊ ဆရာ ဆရာမ လိုအပ်ချက်ကို တွက်ချက်နိုင်သည်။ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ရေး၊ လူမှုစီးပွားဘဝမြင့်မားရေး စသည်တို့ကို တွက်ချက် ဖြည့်ဆည်းပေးနိုင်မည်။ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် ထင်းအသုံးပြုမှု လျှော့ချနိုင်ရန် ထင်းအစားထိုးလောင်စာများ ဖြည့်ဆည်းပေးနိုင်မည် စသည် စသည့် လူမှုဘဝအခြေခံလိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးနိုင်ရန် မဖြစ်မနေ အသုံးပြုရမည့် အဖိုးတန်လှသည့် မြန်မာ့ပုံရိပ် အခြေခံကိန်းဂဏန်းများ ဖြစ်သည်။

ကျွန်တော့်အနေဖြင့် သန်းခေါင်စာရင်းကောက်တော့မည် ဆိုသည့် သတင်းကြားစဉ်က စိတ်မဝင်စားခဲ့။ သန်းခေါင်စာရင်းအကြောင်း တစ်နိုင်ငံလုံး လှုပ်လှုပ်ရှားရှားဖြစ်အောင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံတော်အဖွဲ့အစည်းများ၊ အနုပညာရှင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာပြီး နယ်တကာ လှည့်လည် ရှင်းလင်းဟောပြောမှု၊ လက်ကမ်းစာစောင်ဖြန့်ဝေမှု၊ အသိပညာပေးမှု၊ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပမှု၊ မေးခွန်းများ ဖြေပုံ၊ ဖြေနည်း ရှင်းလင်းသရုပ်ပြမှု အစရှိသည်တို့ကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်တို့၌ ထုတ်လွှင့်ဖော်ပြမှုတို့ကြောင့် အာရုံရသွားခဲ့သည်။ စိတ်ဝင်စားခဲ့ရသည်။

*စာမျက်နှာ ၉ သို့*

**"သန်းခေါင်စာရင်း ကောက်ယူခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများရေးဆွဲခြင်း၊ မူဝါဒများ ချမှတ်ခြင်းအတွက် လိုအပ်သောလူဦးရေနှင့် ကိန်းဂဏန်းအချက်အလက်များ တိတိကျကျ ရရှိစေရန်ပင်ဖြစ်သည့်အတွက် အလွန် အရေးပါလှသည်။ နိုင်ငံတိုင်းအတွက် အဓိကကျလှသည်"**

# “လွတ်လပ်သော စာပေ၊ လွတ်လပ်သောအသံ” စာပေညီလာခံ ၂၀၁၇ ခုနှစ်မှ မြန်မာ့စာပေလောကအတွက် အနာဂတ်မျှော်လင့်ချက်များ


ဆရာ မြင်းမူမောင်နိုင်မိုး


ဆရာ မောင်သွေးသစ်


ဆရာ ရည်ဇော်မောင်(ပြည်)


ဆရာ ဟိန်းလတ်


ဆရာမ မသီတာ (စမ်းချောင်း)


ဆရာမ မေဇွန်အေး

ရန်ကုန် ဒီဇင်ဘာ ၁၃

**“လွတ်လပ်သော စာပေ၊ လွတ်လပ်သောအသံ”ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စာပေနယ်ပယ် အဖွဲ့အစည်းများက ဦးစီးကျင်းပသည့် စာပေညီလာခံ ၂၀၁၇ ခုနှစ် အခမ်းအနားဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ယနေ့တွင် ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် အမှတ် ၄ ရပ်ကွက် မင်းဓမ္မလမ်းရှိ (Myanmar Convention Center –MCC) ခန်းမ၌ အဆိုပါ ညီလာခံကို စတင်ကျင်းပရာ ပါဝင်တက်ရောက်လာကြသူများ၏ ဆွေးနွေးမှုများ၊ အမြင်များနှင့် ယုံကြည်မျှော်လင့်ချက်များကို တွေ့ဆုံမေးမြန်းထားသည်။**

**မြင်းမူမောင်နိုင်မိုး (မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ)**

စာပေညီလာခံကြီးမှာ စကားဝိုင်းဆွေးနွေးမှုတွေ ပါဝင်ပါတယ်။ အဲဒီအထဲမှာ ကျွန်တော်က “အမျိုးသား ယဉ်ကျေးမှု၊ အမျိုးသားစာ၊ အမျိုးသားကဗျာ” ခေါင်းစဉ်နဲ့ ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီညီလာခံကြီး ကျင်းပဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့တွေ ဝမ်းသာဂုဏ်ယူပါတယ်။ စာပေအဖွဲ့အစည်းတွေ စုံစုံလင်လင်နဲ့ ပါဝင်တဲ့အတွက်ကြောင့်လည်း သိုက်သိုက်ဝန်းဝန်း စည်စည်ကားကားနဲ့ ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီစာပေညီလာခံရဲ့ ဆောင်ပုဒ်အနေနဲ့ လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံဆိုတာကိုလည်း တွေ့ရပါတယ်။ လွတ်လပ်တယ်ဆိုတဲ့နေရာမှာလည်း လွတ်လွတ်လပ်လပ်နဲ့ သူ့အတိုင်းအတာ၊ သူ့စည်းသူ့ဘောင်နဲ့ လွတ်လွတ်လပ်လပ် ရေးသားဖွဲ့ဆိုတဲ့ စာပေတွေ တိုးတက်ဖွံ့ဖြိုးလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒီညီလာခံမှာ ကျွန်တော်တို့အနေနဲ့ အဓိကထား ဆွေးနွေးမှာကတော့ “အမျိုးသား ယဉ်ကျေးမှု၊ အမျိုးသား စာ၊ အမျိုးသား ကဗျာ” ဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာစာပေ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးမှာ ဖြစ်ပါတယ်။ မနေ့တုန်းက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မိန့်ကြားသွားတဲ့ အထဲမှာလည်း မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေးဆွေးနွေးကြဖို့နဲ့ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးရင်းနဲ့ပဲ မြန်မာနိုင်ငံတော်ကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးတည်ဆွေးနွေးဖို့ လိုအပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ကျွန်တော် မှတ်သားလိုက်ရပါတယ်။ ဒါဟာ အင်မတန်မှ ဖြစ်သင့် ဖြစ်ထိုက်တဲ့ အကြောင်းအရာပဲ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာကဗျာရဲ့အခန်းကဏ္ဍကို ဒီညီလာခံကြီးကနေ အသိအမှတ်ပြုပြီး တိုးတက်အောင်၊ ဖွံ့ဖြိုးအောင်၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးသွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**စာရေးဆရာ မောင်သွေးသစ် (စာပေညီလာခံ ၂၀၁၇ ခုနှစ် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ)**

အခု စာပေညီလာခံကြီးဟာ တကယ်အနှစ်သာရရှိတဲ့ ညီလာခံကြီး ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ စာပေပညာရှင်တွေက မျက်မှောက်ခေတ် စာပေလောကရဲ့ ဘုံပြဿနာတွေကို ဝိုင်းဖွဲ့ပြီး လွတ်လပ်စွာ ဆွေးနွေးနေကြပါတယ်။ အဲဒီက ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို ဒီဇင်ဘာလ ၁၆ ရက်နေ့မှာ လုပ်မယ့် ညီလာခံမှာ အများရဲ့ ဆန္ဒကို ယူပြီး ပြန်ကြားရေးဝန်ကြီးဌာနကတစ်ဆင့် သက်ဆိုင်ရာ ဌာနတွေကို ပေးပို့သွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီညီလာခံကို ကျွန်တော်တို့ စာပေလောကမှာ ဖြစ်ပျက်နေတဲ့ ဘုံပြဿနာအားလုံးကို ပုဂ္ဂိုလ်ရေး မပါဘဲနဲ့ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်စေရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပရခြင်းပဲ ဖြစ်ပါတယ်။ အဲဒီတော့ မျက်မှောက်ခေတ် စာပေလောကအတွက်လည်း အကျိုးကျေးဇူးရှိမယ်။

အနာဂတ်စာပေလောက အတွက်လည်း အကျိုးကျေးဇူးရှိမှာ ဖြစ်ပါတယ်။ ဒီညီလာခံကြီးကို လွတ်လပ်သော စာပေ၊ လွတ်လပ်သောအသံ ဆိုတာနဲ့ အညီ ကျင်းပနေခြင်းပဲ ဖြစ်ပါတယ်။ ညီလာခံမှာ စာပေလောကြီး အကျိုးရှိဖို့ စာပေလောကသားတွေ အားလုံး မတူညီတာတွေကို ဘေးဖယ်ပြီး တူညီတာတွေကို ပေါင်းစုပြီးဆောင်ရွက်သွားဖို့ လိုပါတယ်။ စာရေးဆရာတွေ ပေါင်းစုပြီးတော့ နိုင်ငံတော်အတွက် အကျိုးရှိမယ့် အပေါင်းလက္ခဏာဆောင်တဲ့ စာပေ ဦးတည်ချက်တွေကို လုပ်စေချင်ပါတယ်။ မွန်မြတ်သောစာပေ၊ အနာဂတ်စာပေလုပဖို့အတွက် ဒီညီလာခံကြီးကနေ အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။

**စာရေးဆရာ ရည်ဇော်မောင်(ပြည်)**

ပြည် စာရေးဆရာအသင်းအနေနဲ့ အဖွဲ့နှစ်ဖွဲ့လာရောက်ခဲ့တာပါ။ စာပေညီလာခံဆိုတာ နှစ်ပေါင်း ၅၀ ကျော်မှ တစ်ခါပြန်ပြီး ကြုံခဲ့ရတာပါ။ ညီလာခံရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **“လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ”** ဆိုတဲ့ ဆောင်ပုဒ်ကို သဘောကျလို့ လာရောက်ခဲ့တာပါ။ အရင်ညီလာခံတွေလည်း တက်ခဲ့ဖူးပါတယ်။ ဒီတစ်ခါကတော့ အရင်ညီလာခံတွေနဲ့မတူ လွတ်လပ်စွာ ပါဝင် ဆွေးနွေးခွင့်ရတာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ စာပေလောကအတွက် အများကြီး အကျိုးရှိမှာပါ။ ကျွန်တော်တို့အနေနဲ့ကတော့ “ရသစာပေ ကျဆုံးလာရခြင်း၏ အကြောင်းအရင်း အချက်အလက်များ” ဆိုတဲ့ ခေါင်းစဉ်နဲ့ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ စာပေနယ်ပယ်အသီးသီးက ဆရာတွေကလည်း မြန်မာ့စာပေလောက ကျဆင်းလာတဲ့ အပေါ်မှာ အားလုံး ခံစားမှုရှိကြပါတယ်။ အဲဒီလိုခံစားမှုရှိတဲ့ သူတို့ရဲ့ ရင်ထဲက အသံက အမျိုးမျိုးထွက်လာမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီညီလာခံကြီးဟာ စာပေလောက နယ်ပယ်အသီးသီးအတွက် အင်မတန် အကျိုးရှိမှာပါ။ လက်ရှိ မြန်မာနိုင်ငံ စာပေလောကအတွက် ထူးခြားလာမယ့်ပွဲလို့ မြင်ပါတယ်။

**စာရေးဆရာ ဟိန်းလတ် (စာပေညီလာခံ ၂၀၁၇ ခုနှစ် ကျင်းပရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ)**

ကျွန်တော် ဒီနေ့မှာ မြန်မာဘာသာပြန် ကွန်ရက်အနေနဲ့ ဘာသာပြန်စံနှုန်းတွေကို ကျွန်တော်က ဦးဆောင် ဆွေးနွေးမှာဖြစ်ပြီး အမျိုးသားစာပေ ဘာသာပြန်ဆု တစ်ကြိမ်ရထားတဲ့ စာရေးဆရာ တော်ကောင်းမင်း၊ အမျိုးသားစာပေဆု တစ်ကြိမ်ရတဲ့ ဆရာရဲမြလွင်တို့က ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်၊ ဘာသာပြန်ဟာ နိုင်ငံမှာ အရေးကြီးတယ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတွေမှာဆိုရင် အင်္ဂလိပ်လို ဒီလထွက်ပြီးရင် နောက်တစ်လမှာ ကိုရီးယားလို တရုတ်လို ထွက်ပြီးသားပါ။ ကျွန်တော်တို့လည်း အဲဒီလို စံနှုန်းမျိုးဖြစ်အောင် ကြိုးစားကြမယ်၊ အခက်အခဲ၊ စိန်ခေါ်မှုတွေက ဘယ်လိုရှိတယ်ဆိုတာတွေကို ဆွေးနွေးပြီး ပြန်ကြားရေးဝန်ကြီးဌာနကတစ်ဆင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကို ဆက်လက်တင်ပြပါမယ်၊ ဒါကြောင့် စာပေညီလာခံရဲ့ အနှစ်သာရသည် လွတ်လပ်သောအသံ၊ လွတ်လပ်သော စာပေဆိုတဲ့အတိုင်း ကျွန်တော်တို့ လွတ်လွတ်လပ်လပ်ဆွေးနွေးမှု ရလဒ်တွေကို နိုင်ငံတော်ကို တင်ပြနိုင်ဖို့ ကြိုးစားဆွေးနွေးကြမှာ ဖြစ်ပါတယ်၊

၁၉၆၂ ခုနှစ်တုန်းက ကမ္ဘာအေးမှာ စာပေညီလာခံ ကျင်းပခဲ့ပါတယ်၊ အဲဒါ လွတ်လပ်တယ်လို့ ပြောကြတယ်၊ အမှန်က မလွတ်လပ်ခဲ့ပါဘူး၊ နောက်ပိုင်းကြတော့ စာပေလုပ်သားအဖွဲ့ ပေါ်လာပြီး စာပေညီလာခံကျင်းပတယ်၊ နောက်ပြီး စာပေနှင့်စာနယ်ဇင်းအဖွဲ့ဆိုတာ ပေါ်လာတယ်၊ စာပေညီလာခံ ကျင်းပတယ်၊ စာရေးဆရာအသင်း ပေါ်လာတယ်၊ စာပေညီလာခံလုပ်တယ်၊ ဒါပေမယ့် အဲဒီ စာပေညီလာခံအားလုံးဟာ မလွတ်လပ်ခဲ့ပါဘူး။ ဒီနှစ် စာပေညီလာခံကတော့ လွတ်လွတ်လပ်လပ်နဲ့ စာရေးဆရာအသင်း ၁၁ ဖွဲ့က လွတ်လပ်စွာပြောဆိုပြီး လွတ်လပ်တဲ့ စာပေဖွံ့ဖြိုးဖို့ ကြိုးပမ်းမှုဖြစ်တယ်၊ အဲဒါကြောင့် မြန်မာစာပေသမိုင်းမှာ ဒီတစ်ခါ လွတ်လပ်မှု အရှိဆုံးနဲ့ အမှီခိုအကင်းဆုံးဖြစ်ပြီး အစိုးရက ကူညီတာကလွဲလို့ ဝင်ရောက်စွက်ဖက်ခြင်း မရှိပါဘူး။ လွတ်လပ်တယ်လို့ ခေါ်ပါတယ်။

ဒီညီလာခံဟာ စာရေးဆရာအသင်းတွေ၊ စာရေးဆရာတွေက ပထမဆုံးအကြိမ် လွတ်လပ်စွာ ပြောတာဖြစ်ပါတယ်၊ အဲဒါကို အစိုးရပိုင်းက လူတွေ သိအောင်လုပ်ရမယ်။ စာအုပ်တွေ ပို့ဆောင်တဲ့ သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရထားခ၊ ကားခ၊ သင်္ဘောခ၊ လေယာဉ်ခတွေလည်း များနေတယ်၊ နည်းအောင် ဘယ်လို လုပ်ပေးမလဲ၊ အဲဒါတွေ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို တောင်းဆိုမယ်။ တင်ပြမယ်။ ထို့အတူ အခွန်အခတွေကလည်း များနေတယ်။ စာအုပ်ထုတ်ဝေသူ၊ စာရေးဆရာတွေအတွက် အမြတ်ခွန်ကအစ များနေတယ်၊ အဲဒါတွေကို နည်းအောင်ဘယ်လို လျှော့ပေးမလဲ၊ ဒါတွေကို တင်ပြမှာ ဖြစ်ပါတယ်၊ စာအုပ်ဆိုင်တွေ နည်းသွားပြီ၊ ဘာဖြစ်လို့လဲဆိုတော့ အခန်းခတွေ ဈေးကြီးလို့ နိုင်ငံတော်က ဘယ်လို စီစဉ်ပေးမလဲ၊ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီပွဲတော်က လွတ်လပ်ခြင်းရဲ့ အစပဲ။

**စာရေးဆရာမ မသီတာ (စမ်းချောင်း)**

ဒီညီလာခံ ကျင်းပမယ်လို့ သိရတဲ့ အချိန်မှာ အဖွဲ့ပေါင်းစုံကို ဖိတ်ပြီး ဆွေးနွေးချက်တွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနကို တင်ပြသွားမယ်ဆိုတာကို သဘောကျတဲ့အတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်၊ “နိုင်ငံတကာ အသိုက်အဝန်းဆီသို့”ခေါင်းစဉ်နဲ့ အတွေးအမြင် ပြောင်းလဲရေးအတွက် “ဘာသာပြန်စာပေ၏ ကဏ္ဍ” ခေါင်းစဉ်နှစ်ခုကို ဦးဆောင်ဆွေးနွေးသူအနေနဲ့ ပါဝင်မှာ ဖြစ်ပါတယ်။ ဒီမှာတော့ ဘာသာရပ်ပိုင်းဆိုင်ရာ ဆွေးနွေးမှုထက် ရသစာပေနဲ့ စာပေရဲ့လိုအပ်နေတဲ့ ပြုပြင်ပြောင်းလဲမှုတွေအတွက် ဘာတွေလုပ်နိုင်မလဲ၊ ဘယ်လို ပူးပေါင်းဆောင်ရွက်မှုမျိုးကို နိုင်ငံတော်က ဖြစ်စေ၊ ပုဂ္ဂလိက လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက ဖြစ်စေ ဘယ်လို မျှော်လင့်သလဲဆိုတဲ့ မျှော်လင့်ချက်တွေကို အခု ဒီဇင်ဘာလ ၁၆ ရက်နေ့မှာ အားလုံးက သဘောတူညီစွာ မဲပေးဆုံးဖြတ်ကြမှာ ဖြစ်ပါတယ်၊ အဲဒီအချက်အလက်တွေကို လက်ခံရရှိတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဝန်ကြီးဌာနတွေက အမှန်တကယ်နားစွင့်ပြီး ပြုပြင်ပြောင်းလဲမယ်ဆိုရင် ရေရှည်မှာ နိုင်ငံ့အကျိုးအတွက်ရော မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အကျိုးရှိ နိုင်ပါတယ်၊ အဖွဲ့တွေ ဘယ်လိုပဲ ကွဲပြားနေပါစေ၊ ပူးပေါင်းဆောင်ရွက်မှုက အလုပ်ဖြစ်မှာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်လို့ရတယ်ဆိုတဲ့ သက်သေကိုတော့ ဒီညီလာခံက ပြနိုင်နေပြီလို့ မြင်ပါတယ်။ တချို့တချို့တွေရဲ့ စိတ်ကူး အိမ်မက်တွေကိုတော့ အကောင်အထည် ဖော်ပေးနိုင်ချင်မှ ပေးနိုင်ပါလိမ့်မယ်၊ ဒါပေမယ့် အများစုရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြင်ရတယ်၊ မတူကွဲပြားမှုတွေလည်း ရှိနေတယ်၊ အဲဒီအတွက် စာပေသမိုင်းမှာ ရှားပါးတဲ့ ညီလာခံတစ်ခုအဖြစ် မြင်ပါတယ်။

**စာရေးဆရာမ မေဇွန်အေး (မြန်မာစာရေးဆရာကလပ် ဗဟိုကော်မတီဝင် )**

ကျွန်မက ဝတ္ထုတွေ ရေးပါတယ်၊ ကျောင်းဆရာမတစ်ယောက်လည်း ဖြစ်ခဲ့တဲ့အတွက် ကလေးစာပေတွေလည်း ရေးဖြစ်ပါတယ်၊ ၂၀၁၅ စာပေဗိမာန် စာမူဆု ပထမဆုရပါတယ်၊ အဲဒီတော့ တာဝန်လည်း ကြီးသွားပါတယ်။ ကလေးစာပေနဲ့ ပတ်သက်တဲ့ ကလေးဝတ္ထု၊ ကလေးပုံပြင်တွေကို တာဝန်ပေးလာပါတယ်၊ အခု ညီလာခံမှာတော့ “အနာဂတ်အတွက် ကလေးစာပေ”ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပါဝင်ဆွေးနွေးခွင့်ရပါတယ်။ ဒီစာပေညီလာခံဟာ လွတ်လပ်တဲ့ စာပေ၊ လွတ်လပ်တဲ့အသံဆိုတဲ့အတိုင်း ကျွန်မတို့ ရင်ထဲရှိတာတွေကို လွတ်လွတ်လပ်လပ်ပြောခွင့်ရတယ်။ အချုပ်အချယ် အတားအဆီးမရှိပါဘူး။ လိုအပ်ချက်တွေကိုလည်း တောင်းဆိုလို့ရတဲ့ပွဲ၊ ဆွေးနွေးလို့ရတဲ့ ပွဲလည်း ဖြစ်ပါတယ်။ စာပေနဲ့ ပတ်သက်ပြီး တိုးတက်မှုတွေရလာမယ်လို့လည်း မြင်ပါတယ်။ စာပေလောကကြီး ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်မယုံကြည်ပါတယ်။

**ကိုလေး (အင်းဝဂုဏ်ရည်)**

ကျွန်တော်တို့ တွေ့ခဲ့ဖူးတဲ့ အတွေ့အကြုံကို ကလေးတွေကို ပြန်မျှဝေချင်တဲ့အတွက် ဒီပွဲကို လာရောက်ခြင်းဖြစ်ပါတယ်။ “ဂန္ထဝင်မှသည် အသစ်သို့” ခေါင်းစဉ်နဲ့ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ဒီညီလာခံမှာ လွတ်လပ်သော စာပေ လွတ်လပ်သော အသံဆိုတော့ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ပါဝင်ဆွေးနွေးလို့ ရပါတယ်။ ဘယ်ခေတ်နဲ့မှ မတူတဲ့ စာပေဟောပြောပွဲတွေလည်း နေရာအနှံ့မှာ လုပ်နေတယ်၊ ကျွန်တော်တို့ဟာ စာပေလောကအတွက် ပြန်လည်ပြီး တည်ဆောက်ရမှာ ဖြစ်ပါတယ်။

**လဝန်းချိုချို(YU )**

စာပေကို ချစ်ပါတယ်၊ ကျွန်မတို့နိုင်ငံမှာ အမှောင်ဖုံးနေတဲ့ စာပေလောကက အခုမှ ပြန်ပြီး ပွင့်လင်းလာတယ်လို့လည်း မြင်ပါတယ်။ အကျိုးရလဒ်ကတော့ ချက်ချင်းပြောင်းလဲသွားမှာ မဟုတ်ပေမယ့် တဖြည်းဖြည်းချင်းတော့ ပြောင်းလဲခြင်းရဲ့ လမ်းစကို ရောက်လာပြီလို့ ကျွန်မထင်ပါတယ်။ မြန်မာနိုင်ငံမှာ ကလေးတွေ စာမဖတ်ကြဘူး။ ကျောင်းစာ သင်ရိုးကနေ ကလေးတွေကို ကူးမြောက်ခွင့်ပေးလိုက်တယ်။ ဦးနှောက်က ဖွံ့ဖြိုးပေမယ့်လည်း နှလုံးသားက မဖွံ့ဖြိုးဘူး။ အရိုင်းဆန်လာတယ်၊ ကိုယ်ချင်းစာတရား ခေါင်းပါးလာတာတွေ့ရတယ်။ ရသစာပေ ဖွံ့ဖြိုးလာရင် ဒါတွေ ပျောက်ကွယ်သွားမယ်လို့ မြင်ပါတယ်။ အခုချိန်မှာ စာပေလောကဟာ လွတ်လပ်လာပြီး စည်းတွေ၊ ဘောင်တွေ ပိတ်ထားတာ မရှိတော့ဘူး၊ အသင်းအဖွဲ့တွေ စုစုစည်းစည်းနဲ့ ဒီညီလာခံကို ပူးပေါင်းကျင်းပတာ ဖြစ်တဲ့အတွက် အကျိုးရလဒ်ကောင်းတော့ ရမယ်လို့ မြင်ပါတယ်၊

**မိုးပန်းမွှန်(ရာမည)**

အခုညီလာခံမှာ တိုင်းရင်းသား စာပေတွေကို ကျောင်းတွေမှာ သင်ကြားပေးဖို့၊ တိုင်းရင်းသား စာပေဖွံ့ဖြိုးအောင် ဒီထက် ပံ့ပိုးပေးဖို့ တင်ပြမှာဖြစ်ပါတယ်၊ ကိုယ်ပြောချင်တဲ့ အကြောင်းအရာတွေ၊ ရင်ထဲ၊ နှလုံးသားထဲက အကြောင်းအရာတွေကို ပြောရေးဆိုခွင့် ရှိသွားတယ်။ လွတ်လွတ်လပ်လပ် တင်ပြခွင့်ရကြမယ်၊ ဒါကြောင့် ဒီစာပေညီလာခံကို အားလုံးက ထောက်ခံကြိုဆိုပါတယ်။

**ကာတွန်းဆရာ အော်ပီကျယ် (ကာတွန်းအသင်း ဥက္ကဋ္ဌ)**

ဒီညီလာခံကြီးမှာ စာပေနဲ့ ပတ်သက်တဲ့ အသင်းပေါင်း ၁၁ သင်း ပါဝင်ပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ ကာတွန်းဆရာအသင်းလည်း ပါတာကြောင့် အခုလို လာရောက်ဖြစ်ခဲ့တာပါ။ ဒီညီလာခံကြီးကနေ ကာတွန်းလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာတွန်းအနေနဲ့ ဘာတွေဆောင်ရွက်ရမယ်၊ ဘာတွေ ဆောင်ရွက်သင့်တယ်၊ အနာဂတ်မှာ နိုင်ငံတော် အပါအဝင် ကျွန်တော်တို့ တစ်ဦးချင်း အပြင် အသင်းအနေနဲ့ အဲဒါတွေ အဓိကကို ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ စာပေအနုပညာ၊ မီဒီယာနဲ့ ပတ်သက်ရင် နိုင်ငံတကာနဲ့ ယှဉ်နိုင်ဖို့ နိုင်ငံတော် အတိုင်းအတာအပြင် တစ်ဦးချင်းကဏ္ဍ

*စာမျက်နှာ ၉ ကော်လံ ၃ သို့*

◆ *ကျောဖုံးမှ*

ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာမောင်နွေထက်၊ မောင်မှိုင်းလွင် (အင်း၀)၊ ကိုထက်(ရေဦး)တို့က လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂက "ယနေ့ ဆိုရှယ်မီဒီယာအခြေအနေ" ခေါင်းစဉ်ကို စာရေးဆရာသားကြီးမောင်ဇေယျက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မြင့်ကျော်၊ နေရီရီ ၊နိုင်မောင် တို့က လည်းကောင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက "ပြည်တွင်းနှင့် နိုင်ငံတကာ စာအုပ်ထုတ်ဝေ ဖြန့်ချိရေးအခြေအနေ" ခေါင်းစဉ်ကို စာရေးဆရာ ဒေါက်တာသာထွန်းဦးက ဦးဆောင် ဆွေးနွေးပြီး စာရေးဆရာ သန့်သော်ကောင်း ၊ မျိုးအောင်(ရက္ခဗေဒ)၊ ဒေါ်ဝေသီအိ ၊ ကိုမြင့်ထွန်း(ကွာလတီ) တို့ကလည်းကောင်း၊ Pen Myanmar က "စာသင်ခန်းများဆီသို့ ရသစာပေကို မည်သို့တင်သွင်းမည်နည်း" ခေါင်းစဉ်ကို စာရေးဆရာ ညီပုလေးက ဦးဆောင်ဆွေးနွေးပြီး ရာသက်ပန်(တောင်ငူဆောင်)၊ချောအိမာန် (မန္တလေး)၊ မိချမ်းဝေ၊ ငွေကြယ်စင်၊ ဝန်းရံခတို့က လည်းကောင်း၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက "အနုပညာစာပေမှာ ပေါင်းလှာဝပ်ဆင်းယဉ်ကျေးခြင်း"ခေါင်းစဉ်ကို စာရေးဆရာ ဦးစန်းဝင်း(ရှေးဟောင်းသုတေသန)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဦးအေးချို(မဟာဝိဇ္ဇာ)၊ သူရဇော်၊ ခင်သူသူဝင်းတို့က လည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

**ပါဝင်ဆွေးနွေး**

ထို့နောက် မွန်းလွဲပိုင်းတွင် သီးခြားအစုအဖွဲ့က "တိုင်းရင်းသားစာပေ - ၁" ခေါင်းစဉ်ကို စာရေးဆရာ အောင်စိုးဦးက ဦးဆောင်ဆွေးနွေးပြီး Nanghpang၊ စိုင်းကျဲန်ဟန်၊ မန်းလင်းမြတ်ကျော်တို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့က "ထုတ်ဝေဖြန့်ချိရောင်းချရေး ပုံစံသစ်ပေါ်ထွက်ရေး အခွန်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဖြန့်ချိရေးစနစ်သစ်" ခေါင်းစဉ်ကို စာရေးဆရာ မြေမှုန်လွင်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မြင့်ထွန်း(ကွာလတီ) ၊ ဦးထင်လင်းကျော် (မြို့နယ်အခွန်ဦးစီးမှူး)၊ ဖြူမာမြင့် (City Mart Holding Co,ltd) တို့က လည်းကောင်း ၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂက "လူငယ်အမျိုးသမီး ကဗျာဆရာမများ၏ ကဗျာနယ်ပယ်အပေါ်သဘောထားအမြင်" ခေါင်းစဉ်ကို ဆရာမ ပန်ဒိုရာက ဦးဆောင်ဆွေးနွေးပြီး ဆရာမ ရွှေပိုးအိမ်(ပဲခူး)၊ နေအေဒီ၊ နှင်းသစ် ၊ မြူပါးရံတို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့က "တိုင်းရင်းသားစာပေ-၂" ခေါင်းစဉ်ကို စာရေးဆရာ ခိုင်မြကျော်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ နိုင်မောင်တိုး၊ ဦးဦးလှစော(မောင်ခိုင်အောင်)၊ ဒေါ်နုမြဇံတို့က လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာကလပ်က "ရသစာပေတိုးတက်ရေးနှင့် စာအုပ်ဈေးကွက်မြှင့်တင်ရေး" ခေါင်းစဉ်ကို စာရေးဆရာ သရဝဏ်(ပြည်) က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဆောင်းဝင်းလတ်၊ ထင်လင်းဦး၊ သဲအောင်တို့က လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂက "လက်ရှိမြန်မာနိုင်ငံရေးစာပေအခင်းအကျင်း"ခေါင်းစဉ်ကို စာရေးဆရာ ထက်မြက်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ထွန်းဇော်ဌေး၊ဒေါက်တာရန်မျိုးသိမ်း၊ သိန်းသန်းဦး၊ နောင်ကျော်တို့က လည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် သီးခြားအစုအဖွဲ့က "စာပေဟောပြောပွဲ ဘာလဲ၊ ဘယ်လဲ "ခေါင်းစဉ်ကို စာရေးဆရာမ ရွှေကူမေနှင်းက ဦးဆောင်ဆွေးနွေးပြီး စိုးစံသစ်၊ အေးမွန်ကျော်(ဖားကန့်) ၊ တင်မိခိုင်၊ ကျော်ဇင်ကိုကိုတို့ကလည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာကလပ်က "အမျိုးသားစာပေဆုရွေးချယ်ရေးဆိုင်ရာ သုံးသပ်ချက် "ခေါင်းစဉ်ကို စာရေးဆရာမင်းချမ်းမွန်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ အောင်ဇင်မင်း၊ မောင်ခိုင်လတ်၊ မောင်ရင့်မာ(ကျောင်းကုန်း)၊ရဲခေါင်မဲမောင်တို့က လည်းကောင်း၊ မြန်မာဘာသာပြန်ကွန်ရက်က "ဘာသာပြန်စံနှုန်းသတ်မှတ်ရေး" ခေါင်းစဉ်ကို စာရေးဆရာဟိန်းလတ်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ရဲမြလွင် ၊တော်ကောင်းမင်းတို့က လည်းကောင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်းက "မြန်မာကျောင်းသင်ခန်းစာနှင့် စာရိတ္တမြှင့်တင်ရေး" ခေါင်းစဉ်ကို စာရေးဆရာ ဦးအေးချို (မဟာဝိဇ္ဇာ)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဦးငွေတိုး၊ ဝါဝါထင်လင်း ၊ မောင်ဖုန်းပြည့်(တက္ကသိုလ်)၊ ခင်မောင်ဌေး (ပညာရေး)တို့က လည်းကောင်း၊ မြန်မာနိုင်ငံကာတွန်းဆရာများအသင်းက "ကာတွန်းဆရာမျိုးဆက် ရှင်သန်ဖွံ့ဖြိုးရေး" ခေါင်းစဉ်ကို ကာတွန်းဝင်းအောင်က ဦးဆောင်ဆွေးနွေးပြီး ကာတွန်းငွေကြည်၊ ကာတွန်း စိုးသော်တာ၊ ကာတွန်း မောင်မောင်ဖောင်တိန်၊ ကာတွန်း ATH တို့က လည်းကောင်း၊ Pen Myanmar က "မျက်မှောက်ခေတ်မဂ္ဂဇင်းများအပေါ် သုံးသပ်ချက်" ခေါင်းစဉ်ကို ဆရာမျိုးမြင့်ညိမ်းက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဝင်းငြိမ်း၊ ပြည်သွေးနိုင်၊ တင်တင်ဦးတို့က လည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားသည်။

အကြောင်းအရာတစ်ခုအပေါ် တစ်ဦးချင်းစီ၏ မတူညီသောရှုထောင့်၊ အသိအမြင်၊ အတွေး ၊ ဆင်ခြင်သုံးသပ်ခြင်းများဖြင့် ဆွေးနွေးရာမှ ပိုမိုပြည့်စုံသောအကြောင်းအရာ၊ စိတ်ကူးစိတ်သန်း ရလဒ်ကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ ဆွေးနွေးမှု စကားဝိုင်းများကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ စာပေညီလာခံကို ယနေ့မှစ၍ ဒီဇင်ဘာ ၁၆ ရက်အထိ လေးရက်ကြာကျင်းပလျက်ရှိပြီး ဒုတိယနေ့နှင့် တတိယနေ့တို့တွင် စာပေအနုပညာရှင် အဖွဲ့အစည်းအသီးသီးက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ စတုတ္ထနေ့တွင် ဆွေးနွေးမှုရလဒ်များကို ညီလာခံသို့ တင်သွင်းပြီး အတည်ပြုချက်ရယူကာ ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်သွင်းသွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီလာခံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာပေ ပညာရှင်များနှင့် စာရေးဆရာ ဆရာမ ၂၀၀ ကျော်တို့က သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာ စာရေးဆရာ ဆရာမများ၊ စာပေအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပူးပေါင်းကျင်းပ**

စာပေညီလာခံ ၂၀၁၇ ကို မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ၊ Pen Myanmar၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ ၊ မြန်မာနိုင်ငံစာရေးဆရာကလပ်၊ မြန်မာနိုင်ငံကာတွန်းဆရာအသင်း၊ မြန်မာဘာသာပြန်ကွန်ရက်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

**သတင်း- ဇော်ကြီး၊ နန္ဒာဝင်း**
**ဓာတ်ပုံ-လှမိုး**



မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂက "ယနေ့ ဆိုရှယ်မီဒီယာအခြေအနေ" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။



PEN Myanmar က "စာသင်ခန်းများဆီသို့ ရသစာပေကို မည်သို့တင်သွင်းမည်နည်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

# သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို လာမည့် ဇန်နဝါရီလအတွင်း ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၌ ပြောင်းရွှေ့ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဗဟန်းမြို့နယ် သံလွင်လမ်း၌ ဖွင့်လှစ်ထားသည့် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ဖြစ်သော ဇန်နဝါရီ ၂ ရက်မှစ၍ ပထမနှစ်အပါအဝင် မာစတာတန်းအထိ တက်ရောက်မည့် ကျောင်းသားကျောင်းသူများကို ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၌ အသစ်ဖွင့်လှစ်မည့် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကျောင်းတွင် ပြောင်းရွှေ့ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေးက "ဒီဇင်ဘာ ၄ ရက်မှာ တခြားတက္ကသိုလ်တွေလို ဖွင့်မယ်လို့ လျာထားခဲ့ပေမယ့် ဆောက်လုပ်ရေးလုပ်ငန်းက မပြီးပြတ်သေးတာရယ်၊ လျှပ်စစ်မီး ကလည်း ထရန်စဖော်မာတွေ



ဒေါက်တာ စောစန္ဒာအေး
(နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်)

ပြန်ထိုင်ရမယ်၊ စာသင်ခန်းတွေကလည်း အဆင်သင့် မပြီးစီးသေးတာကြောင့် ကျောင်းဖွင့်ချိန် နောက်တစ်လ ရွှေ့လိုက်တာပါ၊ အခုက ကျောင်းသား ကျောင်းသူတွေ သက်သောင့်သက်သာ အေးအေးချမ်းချမ်းနဲ့ ပညာသင်ကြားဖို့ဖြစ်ပါတယ်" ဟု ပြောသည်။

**ဆက်လက် ဖွင့်လှစ်သွားမည်**

ယခုဖွင့်လှစ်မည့် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို ခြောက်ထပ်ဆောင် နှစ်ဆောင်တွင် စတင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး နောက်နှစ်ဘတ်ဂျက် ရရှိသည့်အခါ အဆောင်များ ထပ်မံတိုးချဲ့ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဖွင့်လှစ်ပြီးပါက ဆရာ ဆရာမဦးရေ ၁၂၀ နှင့် ပထမနှစ်မှ မာစတာတန်းအထိ ကျောင်းသားကျောင်းသူ ၁၀၀၀ ခန့် သင်ကြားနိုင်မည်ဖြစ်သည်။ Ph.D အတန်းများကိုလည်း ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုက သင်ကြားတာကတော့ ကွန်ပျူတာ ဘာသာရပ်ကို အထူးပြုသင်ကြားပြီး အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်အနေနဲ့ သတ်မှတ်ထားပါတယ်၊ တက္ကသိုလ်ဝင်ခွင့် ရမှတ် ၄၈၇ မှတ်နဲ့ ကျောင်းသား ကျောင်းသူ ၂၀၀ လက်ခံပါတယ်၊ အရင်နှစ်တွေက မိန်းကလေးဦးရေ ပိုများပေမယ့် ဒီနှစ်မှာက ကျောင်းသား ကျောင်းသူ ဦးရေက မျှတတယ်၊ ဒါက ထူးချွန်တဲ့ကျောင်းသား ကျောင်းသူတွေအနေနဲ့ IT နည်းပညာကို ပိုပြီး စိတ်ဝင်တစားရှိလာတယ်လို့ ထင်မိပါတယ်၊ အမှတ်မီတဲ့ ကျောင်းသား ကျောင်းသူတွေ လျှောက်ထားမှုများပြားလို့ အခုပထမနှစ်မှာ ၂၂၀ ဦးအထိ လက်ခံသင်ကြားသွားမှာ ဖြစ်ပါတယ်"ဟု ပါမောက္ခချုပ်က ဆက်လက်ပြောကြားသည်။

"အဆောင်အနေနဲ့ ကျွန်မတို့မှာ ကိုယ်ပိုင်အဆောင် မရှိသေးပါဘူး၊ လှော်ကားဘက်က အဆောင်တွေမှာရော ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကပိုင်တဲ့ ကျောင်းဆောင်တွေမှာပါ ကျောင်းသားကျောင်းသူဦးရေ ၂၀၀ ဝန်းကျင်ထားပါတယ်"ဟု ကျောင်းသားရေးရာဌာန ဌာနမှူး ဒေါ်တင်တင်ထွေးက ပြောသည်။



ဒေါ်တင်တင်ထွေး
(ကျောင်းသားရေးရာဌာန ဌာနမှူး )

နောက်ဆုံးနှစ်(ပဉ္စမနှစ်) ကျောင်းသား ကျောင်းသူများကို လုပ်ငန်းခွင်အတွေ့အကြုံရရှိစေရန် ပြည်တွင်းကုမ္ပဏီများနှင့် ပြည်ပအခြေစိုက်ဖြစ်သည့် အမေရိကန်၊ အင်္ဂလန်၊ စင်ကာပူ စသည့်ကုမ္ပဏီပေါင်း ၃၁ ခုနှင့် ချိတ်ဆက်၍ လက်တွေ့ သင်ယူစေခဲ့ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကုမ္ပဏီများ၌ လက်တွေ့ ပရိုဂရမ်ရေးနည်း၊ ဆော့ဝဲလ်ရေးနည်းစသည့် နည်းပညာများကို တိုက်ရိုက်လေ့လာနိုင်သည့်အတွက် စာသင်ခန်းတွင် အထောက်အကူများစွာရရှိကြောင်း သိရသည်။

**အလုပ်ခန့်ထားမှု များပြား**

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခု သက်တမ်း ငါးနှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ ဘွဲ့ရကျောင်းသား ကျောင်းသူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု မြင့်မားရုံမက နိုင်ငံတကာကုမ္ပဏီများကလည်း အလုပ်ခန့်ထားမှုများပြားကြောင်း သိရသည်။

**သတင်း - ဥမ္မာသန့်၊ မြတ်စန္ဒီ**
**ဓာတ်ပုံ - ရဲထွဋ်**



ဆောက်လုပ်ဆဲ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်

## မြစ်ကမ်းပါးပြိုမှုကြောင့် ပြောင်းရွှေ့ရသည့် နေအိမ်များအား ထောက်ပံ့

**ဗန်းမော် ဒီဇင်ဘာ ၁၃**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ရောဝတီမြစ်ကမ်းဘေးရှိ လက်ပံတန်းကျေးရွာ၌ ဒီဇင်ဘာ ၈ ရက်က ရောဝတီမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျခဲ့ပြီး ဆွေမျိုးများထံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည့် အိမ်ထောင်စု ကိုးစု၊ လူဦးရေ ၃၉ ဦး အတွက် ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဗန်းမော်ခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်က ထောက်ပံ့ပစ္စည်းလေးမျိုး၊ ဆန်ဖိုးငွေ ခုနစ်ရက်စာအတွက် ထောက်ပံ့ငွေကျပ် ၈၁၉၀၀ နှင့် အိမ်ဆောက်တန်ဖိုး ထောက်ပံ့ငွေကျပ် ကိုးသိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ လက်ပံတန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်ငွေက လက်ခံပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လှိုင်း အနည်းငယ်မှ အသင့်အတင့်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ ကျေးရွာအချို့မှ ပြည်သူများ၏ မေတ္တာရပ်ခံ တောင်းဆိုချက်နှင့်ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်

**ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ကျေးရွာအချို့မှ ပြည်သူများ၏ မေတ္တာရပ်ခံတောင်းဆိုချက်နှင့် ပတ်သက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်**

(၁၂-၁၂-၂၀၁၇)

**နေပြည်တော်**

၁။ ကမ္ဘာ့အဆင့်ဖြင့် အမြင့်ဆုံး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှု ရရှိရန်၊ နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံများ အကျိုးစီးပွားဖြစ်ထွန်းမှုတို့ ရရှိရန်အတွက် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား UNESCO ၏ ကမ္ဘာ့အမွေအနှစ်စာရင်း (World Heritage) တင်သွင်းရေးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် UNESCO အပါအဝင် ပြည်ပနိုင်ငံအစိုးရနှင့် အဖွဲ့အစည်းများ၊ ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ရာတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ကျေးရွာအချို့မှ ပြည်သူများအနေဖြင့် ၎င်းတို့ကျေးရွာများသည် အမွေအနှစ်ဇုန် (Property Zone) အတွင်း ရောက်ရှိနေ၍ စားဝတ်နေရေး၊ စီးပွားရေး လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန် ကန့်သတ်ခံရမည်ကို စိုးရိမ်၍ အမွေအနှစ်ဇုန်မှ ကြားခံဇုန်သို့ ပြောင်းလဲထည့်သွင်းပေးပါရန်၊ ဤသို့ ပြောင်းလဲထည့်သွင်းရန် တင်ပြချက်သည် ကမ္ဘာ့အမွေအနှစ်တင်သွင်းရေးအတွက် အဟန့်အတားဖြစ်ပါက အချက်(၃)ချက် ပြင်ဆင်ပေးပါရန်၊ အသနားခံတင်ပြစာကို လက်မှတ်ရေးထိုးတင်ပြလာပါသည်။ ဤသို့ တင်ပြလာမှုနှင့် ပတ်သက်၍ ဌာနအနေဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒကို အထူးအလေးထား၍ ညှိနှိုင်းပြင်ဆင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းထုတ်ပြန်ပါသည် -

(က) ဖော်ပြပါကျေးရွာများနှင့် ၎င်းရွာများပတ်လည်ရှိ ထိုရှေးဟောင်း အမွေအနှစ် စေတီ၊ ပုထိုး၊ ဂူဘုရားများသည် အထူးတန်ဖိုးထား၍ အရေးကြီးထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် နေရာဖြစ်သဖြင့် အမွေအနှစ်ဇုန်အဖြစ် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ ကြားခံဇုန်အတွင်းသို့ ပြောင်းလဲထည့်သွင်းပါက ကမ္ဘာ့အမွေအနှစ် စင်တာက မြန်မာနိုင်ငံသည် အမှန်တကယ် အထူးတန်ဖိုးထား ကာကွယ်ထိန်းသိမ်းရမည်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းမရှိဟု သတ်မှတ်မည်ဖြစ်ပြီး ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ရန် အဟန့်အတား ဖြစ်မည်ဖြစ်ပါသည်။

(ခ) ဤအမွေအနှစ်ဇုန်အတွင်းတွင် သက်မဲ့ ရှေးဟောင်းအဆောက်အအုံများသာမက သက်ရှိလူသားများလည်း ရှေးနှစ်ပေါင်း ရာ၊ ထောင်ချီ ကာလကတည်းက နေထိုင်ခဲ့ပြီး ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိနေခြင်းကြောင့် အမွေအနှစ်ဇုန်အတွင်း တည်ရှိနေသော ကျေးရွာများကိုလည်း ကြားခံဇုန်ကဲ့သို့ပင် စား၊ ဝတ်၊ နေရေး ၊ အိုးအိမ် တည်ဆောက်တိုးချဲ့ရေး၊ စီးပွားရေးလုပ်ငန်းဆောင်တာများ လုပ်ကိုင်နိုင်ရေး၊ အထူးသဖြင့် ဒေသခံများအထူးလိုလားတောင်းတသော တိုးတက်လာမည့် ခရီးသွားလုပ်ငန်း အသီး၊ အပွင့်များ ခံစားနိုင်ရန်၊ စားသောက်ဆိုင်အပါအဝင် ခရီးသွားများတည်းခိုနေထိုင်နိုင်မည့် လုပ်ငန်းများကို ဥပဒေ၊ စည်းကမ်းများနှင့် စနစ်တကျ ဆောင်ရွက်ရေးတို့အတွက် ရည်ရွယ်၍ ရေးဆွဲလျက်ရှိသော **ပုဂံရှေးဟောင်းအမွေအနှစ်ဒေသနှင့် ရှေးဟောင်းအဆောက်အအုံများဥပဒေမူဘောင် (Building By Law) အပိုဒ်(၄) ကျေးရွာနယ်မြေများအတွက် အဆောက်အအုံ ဆိုင်ရာ ဒေသတွင်း ဥပဒေစည်းမျဉ်းများ**တွင် ဒေသခံများ လိုလားသော ပထမအချက်ကို အောက်ပါအတိုင်း ထည့်သွင်းထားပြီး ဖြစ်ပါသည်-

၄.၃ ။ က ၊ လူနေထိုင်ရန်၊ လယ်ယာလုပ်ငန်းနှင့် လက်မှုပစ္စည်း ထုတ်လုပ်ခြင်းကဲ့သို့သော ရိုးရာဓလေ့လုပ်ငန်းများ၊ ခွင့်ပြုချက်ဖြင့် ရုံးများ၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် ခရီးသွားဧည့်သည် တည်းခိုရန် စသည့် အသုံးပြုမှုများအတွက် ဆောက်လုပ်နိုင်သည်။

၃။ ကျေးရွာနေဒေသခံများ တောင်းဆိုသော ဒုတိယအချက်ဖြစ်သည့် အဆောက်အအုံ အရွယ်အစားများကိုလည်း ပုဂံနှင့် ညောင်ဦးမြို့ပြများ၏ သတ်မှတ်ချက်များနှင့် တူညီစွာပင် အောက်ပါအတိုင်း ပြင်ဆင်ရေးဆွဲသတ်မှတ်ပေးသွားမည် ဖြစ်ပါသည် -

၄.၃(ဏ) စားသောက်ဆိုင်များနှင့် ခရီးသွားများ တည်းခိုနေထိုင်ရန် တည်ဆောက်မည့် အဆောက်အအုံတစ်ခု၏ ဧရိယာသည် စတုရန်းပေ (၂၄၀၀)ထက် မပိုရ။ ကျေးရွာပုံစံ တစ်ထပ်သာ ဖြစ်ရမည်ဖြစ်ပြီး အမြင့်(၁၆)ပေထက် မကျော်လွန်ရ။

၄.၃(တ) နေအိမ်များအတွက် အမြင့်ပေ (၃၀)ထက် မကျော်လွန်ရ။

၄။ တတိယအချက်ဖြစ်သည့် **စီးပွားရေးဆိုင်ရာ ဆက်သွယ်ရေး တာဝါများ တည်ဆောက်ခွင့် မပြု** ဟူသော အချက်အစား ဒေသခံများ အကြံပြုတင်ပြသော အချက်ကို အနည်းငယ်ဖြည့်စွက်၍ မြို့ပြအတွက်ရော၊ ကျေးရွာများအတွက်ပါ ညှိနှိုင်းပြင်ဆင် ရေးဆွဲပေးသွားမည် ဖြစ်ပါသည် -

၄ . ၃(ဂ) ပုဂ္ဂလိကဆက်သွယ်ရေး (သို့မဟုတ်) ရုပ်သံမီဒီယာကိရိယာများနှင့် ဂြိုဟ်တု၊ စလောင်းများနှင့် အလားတူပစ္စည်းများ တပ်ဆင်ခြင်း

၅ . ၅ (မ) ဆောင်ရွက်ရာတွင် မြင်သာထင်ရှားမှုမရှိအောင် ဆောင်ရွက်ရမည်။ စီးပွားရေးဆိုင်ရာ ဆက်သွယ်ရေးတာဝါများကို တည်ဆောက်လိုပါက ရှေးဟောင်းအမွေအနှစ် မြင်ကွင်းအား ထိခိုက်မှုမဖြစ်စေသော ဆက်သွယ်ရေးစနစ် တည်ဆောက် သုံးစွဲနိုင်ရန် ယဉ်ကျေးမှု အမွေအနှစ်များကိုထိခိုက်နိုင်မှုဆန်းစစ်ခြင်း(Heritage Impact Assessment ) စိစစ်ချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၅။ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးသည် နိုင်ငံတော်အစိုးရက ပေးအပ်ထားသော လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပြီး အမျိုးဂုဏ် ဇာတိဂုဏ်အတွက်လည်းကောင်း၊ မိမိတို့ လူမျိုး၏ မြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတကာက ကမ္ဘာ့အဆင့်မီသည်ဟု လက်ခံခြင်းဖြင့် တိုင်းပြည်နှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ရန်အတွက်လည်းကောင်း၊ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရပါက ကမ္ဘာ့အဆင့်အမြင့်ဆုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုကို ရရှိရန်အတွက်လည်းကောင်း ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ဒေသခံပြည်သူများ၏ သဘောဆန္ဒကိုလည်း မူဘောင်နှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့်လည်း မိမိနိုင်ငံ၏ ထူးခြားထင်ရှားသော ပုဂံဒေသကြီးကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရရေးအတွက် အမျိုးသားတာဝန်အဖြစ် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ကြေညာချက် ထုတ်ပြန်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---



ဆရာ ကိုလေး(အင်းဝဂုဏ်ရည်)



ဆရာမ လဝန်းချိုချို(YU )

*စာမျက်နှာ ၇ မှ*

ပူးပေါင်းဖို့အတွက် စာပေညီလာခံ လိုအပ်ပါတယ်။ အဲဒီနှစ်ခု ပူးပေါင်းနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ လိုအပ်ချက်၊ နိုင်ငံတော်ရဲ့အမြင်၊ တစ်သင်းနဲ့ တစ်သင်း၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ညှိနှိုင်းရမှာပါ။ အဲဒီလို လုပ်ဆောင်သွားရင် တိုးတက်ဖို့ လမ်းစတွေ မြင်ပါတယ်။ အခုကတော့ ပထမဆုံး အကြိမ်ဆိုတော့ နည်းနည်းတော့ စနစ်ကျဖို့ လိုသေးတယ်။ သို့သော် နောင်နှစ်တွေမှာ ဒီထက် ပိုပြီး ကောင်းမွန်အောင် လုပ်ဆောင်သွားနိုင်လိမ့်မယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ စာပေလောကရဲ့ အနာဂတ်ဟာ အခုညီလာခံက ပေါ်ထွက်လာတဲ့ သုံးသပ်ချက်တွေကို နိုင်ငံတော်က ဘယ်လိုဆက်လက် အကောင်အထည်ဖော်မလဲ၊ ကျွန်တော်တို့ တစ်ဦးချင်းကလည်း ဘယ်လို ပူးပေါင်းဆောင်ရွက်မလဲ ဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်။

**တွေ့ဆုံမေးမြန်း-ဇော်ကြီး၊ နန္ဒာဝင်း**
**ဓာတ်ပုံ-လှမိုး**



ဆရာမ မိုးပန်းမွှန်(ရာမည)



ဆရာ အောင်ပီကျယ်

---

## ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။ ပြပွဲဒုတိယနေ့တွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲ ၁၉၀ ကို ကြည့်ရှုလေ့လာကြပြီး ဈေးနှုန်း တင်သွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှအဆက်*

သိရှိနားလည်အောင် လေ့လာမှတ်သားမိသည်။ ပြည်သူတစ်ယောက်အနေဖြင့်လည်း ပါဝင်ချင်လာသည်။ ထို့ကြောင့် သန်းခေါင်စာရင်းနှင့် ပတ်သက်၍ တတ်သိနားလည်သူများကို မေးမြန်း စူးစမ်းခဲ့ရသည်။ အတိုအထွာ ထုတ်ပြန်ချက်များကို ဖတ်ရှု မှတ်သားဖြစ်ခဲ့သည်။ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ပြီးသည်နှင့် ‘သန်းခေါင်စာရင်း၏ အောင်မြင်ခြင်း’ ဆောင်းပါးလေးကို မုဒိတာပွား၍ ပြည်သူ့ထံ တင်ပြခွင့်ရခဲ့သည်။ ယခုလည်း လေ့လာမှတ်သား ကြားသိမေးမြန်း စူးစမ်းမှုများအရ ရေးသား တင်ပြ မုဒိတာပွားခြင်းဖြစ်သည်။ အမှတ်တမဲ့မှသည် အမှတ်တရဖြစ်စရာ။ ထိုမှတစ်ဆင့် ဗဟုသုတများစွာ ရရှိစေရန် မျှဝေခြင်းဖြစ်သည်။

**မြန်မာနိုင်ငံ၏ လူမျိုးအမည်စာရင်း**

သန်းခေါင်စာရင်းလုပ်ငန်းများသည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်တွင် ပြီးစီးမည်ဖြစ်သည်။ ကောက်ယူရရှိသည့် အချက်အလက်အားလုံးနီးပါး ထုတ်ပြန်ပြီးပြီ။ သုတေသနစာတမ်းများလည်း ပြုစုထုတ်ပြန်ပြီးပြီ။ တစ်ခုသာကျန်နေသည်။ မြန်မာနိုင်ငံ၏ လူမျိုးအမည်စာရင်း။ အားလုံးကလည်း စိတ်ဝင်စားကြသည်။ နိုင်ငံတွင်းတွင်မဟုတ်။ နိုင်ငံတကာကပါ စိတ်ဝင်စားသည်။ ယခင်ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန် ၊ ရခိုင် ၊ ရှမ်း စသည့် လူမျိုး ရှစ်မျိုးရှိပြီး မျိုးနွယ်စုပေါင်း ၁၃၅ မျိုး ရှိခဲ့သည်။ ယင်းသတ်မှတ်ချက်က ယခု ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း လူမျိုးရလဒ် မထုတ်ပြန်မချင်း အတည်ဖြစ်နေသည်။ လူမျိုးအနေဖြင့် ကောက်ယူရရှိသော အချက်များကို နိုင်ငံတော်အဆင့် တင်ပြထားပြီး တိုင်းရင်းသားအဖွဲ့အစည်းများက အချင်းချင်း ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ အားလုံး ညှိနှိုင်းပူးပေါင်း အဖြေရှာကြပြီး နိုင်ငံတော်အဆင့် အတည်ပြုပြီးမှသာ ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။ အချိန်တော့ပေးရဦးမည်။

ယခင်မျိုးနွယ်စုတွင် မပါဝင်သည့် အမျိုးအမည်များလည်း ပါဝင်နေပြီး ယခင်ပါဝင်သော်လည်း ယခုမရှိတော့သည့် မျိုးနွယ်စုများလည်း ရှိနိုင်သည်။ ယခင်အမည်ကို အမည်အသစ်များဖြင့် အစားထိုး ပြောင်းလဲတာလည်း ရှိနိုင်သည်။ မေးမြန်းစုံစမ်း လေ့လာချက်အရ ထင်မြင်ယူဆချက်ကို တင်ပြခြင်းသာဖြစ်ပြီး အတိအကျကတော့ နိုင်ငံတော်အဆင့်ထုတ်ပြန်မှသာ အတည်ဖြစ်တော့မည်။ မည်သို့ပင်ဖြစ်ပါစေ၊ လူမျိုးအမည်ထုတ်ပြန်ရန် ကျန်ရှိသော်လည်း ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၊ အစီရင်ခံစာများ ထုတ်ပြန်ခြင်းလုပ်ငန်း၊ အချက်အလက်အသုံးပြုသူများအတွက် အလုပ်ရုံဆွေးနွေးပွဲများအားလုံး၊ အားလုံးပြီးဆုံးခဲ့ပြီဖြစ်သည်။ စီမံချက်ကာလ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန် အပြီးဆောင်ရွက်ရန် သတ်မှတ်ချက်သည် ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း တွေ့ရသည်။

ယခု ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ၏ အထင်ကရလုပ်ငန်းများထဲမှ တစ်ခုဖြစ်သော ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းကြီး ပြီးမြောက်အောင်မြင်သည့် အခမ်းအနားကို နေပြည်တော် MICC-2 ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါအခမ်းအနားကြီးအား သန်းခေါင်စာရင်းလုပ်ငန်း ဆောင်ရွက်မှုများကို ဆင်ခြင် သုံးသပ်နိုင်ရန်၊ အတူပူးပေါင်းဆောင်ရွက်ခဲ့သူများ၏ အတွေ့အကြုံများကို ပြန်လည်မျှဝေနိုင်ရန်၊ သန်းခေါင်စာရင်းစီမံချက် ဆောင်ရွက်မှုလုပ်ငန်းများနှင့် ရလဒ်များကို ဖော်ထုတ်ပြသနိုင်ရန်နှင့် အချက်အလက်အသုံးပြုသူများမှ ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်ရန်၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မူဝါဒများ၊ စီမံကိန်းများကို စောင့်ကြည့် အကဲဖြတ်ခြင်း စသည့် လုပ်ငန်းစဉ်တိုင်းတွင် အချက်အလက်များကို အလွယ်တကူ အသုံးပြုနိုင်ရန်၊ ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် သန်းခေါင်စာရင်းအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက် ငါးရပ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဒုတိယသမ္မတ တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ ယင်းအခမ်းအနားနှင့်အတူ ဌာနပေါင်းစုံ၊ လူမှုအဖွဲ့အစည်းပေါင်းစုံမှ အဖွဲ့ဝင်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး သန်းခေါင်စာရင်းအရည်အသွေး၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ အချက်အလက်များအသုံးပြုမှု ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်း စသည့် ကဏ္ဍများအလိုက် ဆွေးနွေးကြမည်။ ပြီးတော့ သုံးသပ်ချက်များ ထုတ်ပြန်ကြမည်ဖြစ်သည်။ သန်းခေါင်စာရင်း စတင်ခြင်းမှသည် ပြီးမြောက်အောင်မြင်ခြင်းဆီသို့ ရောက်ခဲ့ပြီ။ ပြီးတော့ အချက်အလက်များကို အသုံးပြု၍ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြရမည်ဖြစ်သည်။

**စည်းလုံးမှု၏ အင်အား**

မည်သို့ပင်ဆိုစေကာမူ တက်တက်ကြွကြွ တာဝန်ကျေကျေ ဆောင်ရွက်ယူခဲ့သည့် ဌာနဝန်ထမ်းများ၊ အဖွဲ့အစည်းများအားလုံးအား အလေးအမြတ် ဂုဏ်ပြု အသိအမှတ်ပြုအပ်ပါသည်။ နိုင်ငံတော်အကျိုးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းကြီးတစ်ရပ်ကို လှည်းနေ လှေအောင်း၊ မြင်းဇောင်း မကျန် တိုင်းရင်းသားညီအစ်ကိုအားလုံး၏ ရေကိုသား၍ အကြားမထင်သည့် စည်းလုံးညီညွတ်မှုဖြင့် အတူတကွ လက်တွဲ ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့ပုံရိပ်ကို အထင်အရှား ပြသနိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံသားအားလုံး၏ စုစည်းမှုအားဖြင့် ရရှိခဲ့သည့် လူဦးရေကိန်းဂဏန်းများကို ထုဆစ်၍ လုပသည့် အနာဂတ်ကို ပုံဖော်ကာ ဖူးပွင့်ဝေဆာလာမည့် ဖွံ့ဖြိုးမှု အသီးအပွင့်များကို အားလုံးက မျှဝေခံစားနိုင်ကြပါစေကြောင်း မုဒိတာပွား၍ ရေးသား မှတ်တမ်းပြုအပ်ပါသည်။ ။

**(သန်းခေါင်စာရင်းလုပ်ငန်း ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားအား ဂုဏ်ပြုလျက်)**

# မောင်တောမြို့၌ ပြန်လည်လက်ခံရေးစခန်းနှင့် ကျေးရွာသစ်တည်ဆောက်မှုများအား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များ လှည့်လည်ကြည့်ရှု

**မောင်တော ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိပြီး ပြန်လည်ရောက်ရှိလာမည့်သူများ ခေတ္တနေထိုင်နိုင်ရန် စီစဉ်ထားမှုများကို ကြည့်ရှုပြီး သိလိုသည်များကို မေးမြန်းကြသည်။

**အိမ် ၄၅ လုံး တည်ဆောက်သွားမည်**

ထို့နောက် မင်းကြီးရွာ တည်ဆောက်မည့် နေရာသစ်သို့ ရောက်ရှိကြပြီး ယခင်ရွာဟောင်းမှ ရွှေ့ပြောင်းနေထိုင်ကြမည့် ရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံသည်။ အဆိုပါ မင်းကြီးရွာကို ခမောင်းဆိပ်-တောင်ပြိုသွားသည့် လမ်းဘေး၌ တည်ဆောက်နေခြင်းဖြစ်ပြီး ကရင်ပြည်နယ်အစိုးရက အိမ် ၃၇ လုံး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက အိမ် ၄၅ လုံး တည်ဆောက်သွားမည်ဖြစ်သည်။ အသစ် တည်ဆောက်သည့် မင်းကြီးရွာတွင် ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များသည် တောင်ပြို၌ ပြန်လည်လက်ခံရေးစခန်း တည်ဆောက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုကြသည်။ ထို့မှတစ်ဆင့် ခမီ၊ ဒိုင်းနက်၊ ချင်းလူမျိုးများ နေထိုင်နိုင်ရန် အသစ်တည်ဆောက်မည့် မြဝတီကျေးရွာ မြေနေရာအား သွားရောက်ကြည့်ရှုပြီး နေထိုင်ကြမည့် ရွာသူ ရွာသားများနှင့် တွေ့ဆုံသည်။

**ပံ့ပိုးကူညီ**

ထို့နောက် ခုံတိုင်(မြို)ကျေးရွာ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိ သူများက ကဏ္ဍအလိုက် ရှင်းလင်းပြသကြသည်။ အဆိုပါ ကျေးရွာတွင် အိမ်အလုံးပေါင်း ၁၄၀ ကို ချင်းပြည်နယ်အစိုးရ၊ မကွေးတိုင်းဒေသကြီးအစိုးရ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးကူညီမှုများဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရ သည်။

ကော်မရှင်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မောင်တောမြို့ရှိ ကညင်တန်းဈေးသို့ သွားရောက်၍ ရောင်းဝယ်နေမှု အခြေအနေများကို လေ့လာကာ သိရှိလိုသည်များအား မေးမြန်းခဲ့ကြသည်။

**သတင်း-ဇေယျာ၊ မြင့်မောင်**
**ဓာတ်ပုံ-နေဝင်းထွန်း**



မောင်တောမြို့၌ ပြန်လည်လက်ခံရေးစခန်း တည်ဆောက်မှုနှင့် ကျေးရွာသစ် တည်ဆောက်မှုများအား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ လှည့်လည်ကြည့်ရှုစဉ်

# ပစ္စည်းအမျိုးအစား ၃၀ ပါ စားကုန်ပစ္စည်းထုပ်များ မောင်တောကယ်ဆယ်ရေး စခန်းများတွင် ထောက်ပံ့

**မောင်တော ဒီဇင်ဘာ ၁၃**

အိန္ဒိယအစိုးရက ထောက်ပံ့လှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယနေ့တွင် မောင်တောမြို့ပေါ်ရှိ နေရာ ငါးခုသို့ သွားရောက်ထောက်ပံ့ခဲ့သည်။

"အိန္ဒိယအစိုးရက လှူဒါန်းထားတဲ့ ပစ္စည်းအမျိုးအစား ၃၀ ပါ အထုပ်တွေကို



ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်က နေရပ်စွန့်ခွာ ပြည်သူတွေနဲ့ ဆင်းရဲတဲ့ ပြည်သူတွေကို လာရောက်ထောက်ပံ့ပေးတာ ဖြစ်ပါတယ်၊ ဒီကနေ့မှာတော့ မောင်တောမြို့နေရာ ငါးခုမှာ သွားရောက်လှူဒါန်းပေးခဲ့ပါတယ်၊ ထပ်မံပြီးတော့လည်း အခြားနေရာတွေမှာ လှူဒါန်းပေးသွားမှာ ဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်က ပြောသည်။

**ထောက်ပံ့ပေးခဲ့**

ယနေ့တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟိန္ဒူ ကယ်ဆယ်ရေးစခန်းအတွက် ၁၆၆ ထုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနောက်ရှိ ဟိန္ဒူ ကယ်ဆယ်ရေးစခန်းအတွက် ၁၃၄ ထုပ်၊ သာသနာ့ဗိမာန်ရှိ ဟိန္ဒူနှင့် ရခိုင်တိုင်းရင်းသားများအတွက် ၁၉၅ ထုပ်၊ အလိုတော်ပြည့်ကျောင်းရှိ တိုင်းရင်းသားများအတွက် ၄၂ ထုပ်၊ လေးမိုင်ရှိ အစ္စလာမ်ဘာသာဝင်များအတွက် ၁၄၅ ထုပ် စုစုပေါင်း ၆၄၆ ထုပ်ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**လှူဒါန်းပေး**

ထောက်ပံ့ပေးသည့် အထုပ်တစ်ထုပ်လျှင် ခြင်ထောင် နှစ်လုံး၊ ဆန်၊ နို့မှုန့်၊ သကြားတို့ အပါအဝင် အမျိုးပေါင်း ၃၀ ပါဝင်ကြောင်း၊ သီးသန့်အနေဖြင့် ဆီထုပ်များ၊ ဆပ်ပြာခဲများလည်း ပါဝင်ကြောင်း၊ ထိုကဲ့သို့ ပစ္စည်းအမျိုးအစား ၃၀ ပါ အထုပ် ၅၀၀ ကျော်ကိုလည်း ဘူးသီးတောင် မြို့နယ်တွင် သွားရောက်လှူဒါန်းပေးခဲ့ပြီဖြစ်ကြောင်း၊ ကျန်ရှိနေသော နေရာများတွင်လည်း ထပ်မံသွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**

# ဟင်းသီးဟင်းရွက် စံပြစိုက်ကွက်များ စိုက်ပျိုးပြသ

**ဘူးသီးတောင် ဒီဇင်ဘာ ၁၃**

ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ ဟင်းသီးဟင်းရွက် စံပြစိုက်ကွက် စိုက်ပျိုးခြင်းကို ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည် ကျေးရွာအုပ်စု သပြေတောကျေးရွာ တောင်သူ ဦးလှရွှေ၏ စိုက်ခင်းအတွင်း ဒီဇင်ဘာ ၁၁ ရက်က ဆောင်ရွက်ကြသည်။

အဆိုပါ ဟင်းသီးဟင်းရွက်စံပြကွက် စိုက်ပျိုးပြသခြင်းဖြင့် ဒေသခံတောင်သူများ မိမိအိမ်ခြံဝင်းတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာနိုင်ခြင်း၊ စီးပွားဖြစ် စိုက်ပျိုးနိုင်ခြင်း၊ တောင်သူများ၏ အိမ်ခြံမြေအတွင်းရှိ မြေလွတ် မြေကွက်လပ်များတွင် စိုက်ပျိုးပြသခြင်းကြောင့် တောင်သူအချင်းချင်း ဟင်းသီးဟင်းရွက်များကို ရာသီအလိုက် စိုက်ပျိုးနိုင်သည့် နည်းစနစ်များကို ကျယ်ပြန့်စွာ လက်ဆင့်ကမ်းဆောင်ရွက်ကြစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာ ကျင်ပြိုင်ပွဲ ဖွင့်ပွဲ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၃**

(၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာ ကျင်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ဝက်ပါကွင်း၌ ကျင်းပသည်။ **(ယာပုံ)**

**ဖဲကြိုးဖြတ်ဖွင့်**

ကျင်ကိုင်ပွဲကို ရခိုင်ပြည်နယ်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ရခိုင်ရိုးရာ ကျင်ပြိုင်ပွဲ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအောင်စောမြနှင့် စစ်တွေ မြို့မိ မြို့ဖအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သာစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျင်ပြိုင်ပွဲ ဖွင့်ပွဲအဖြစ် ကျင်သန်ကြီးများက မင်္ဂလာ ကျင်ကိုင်ပြီး သရုပ်ပြသကြသည်။ ထို့နောက် ကျောက်ဖြူမြို့မှ မမိစုဝေက ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ်ရှိ ဝတီလေးရပ် ကိုယ်စားပြုရေအိုးငါးအိုး ခေါင်းပေါ်တင်ကာ ဝက်ပါကွင်း တစ်ပတ် ဆိုင်ကယ်စီးပြသရာ **(အောက်ပုံ)** ရခိုင်ပြည်နယ်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးကျော်အေးသိန်းက ဆုငွေ ကျပ်ငါးသိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီးတော့





ဒီရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပွဲကို နှစ်စဉ်နှစ်တိုင်း ရိုးရာစဉ်လာမပျက် ကျင်းပလျက်ရှိပါတယ်၊ ဒီပြိုင်ပွဲမှာ ရွှေမောင်းတန်းနဲ့ ငွေမောင်းတန်းဆိုပြီးတော့ ပြိုင်ပွဲ နှစ်မျိုးရှိပါတယ်၊ ရွှေမောင်းတန်း အတွဲလိုက်ပြိုင်ပွဲတွေမှာ နိုင်တဲ့သူကို ငွေကျပ် နှစ်သောင်းနဲ့ ရှုံးတဲ့သူကိုတော့ ငွေကျပ်တစ်သောင်းခွဲ ချီးမြှင့်ပြီး ငွေမောင်းတန်း အတွဲလိုက်ပြိုင်ပွဲမှာ နိုင်တဲ့သူကို ငွေကျပ် တစ်သောင်းနဲ့ ရှုံးတဲ့သူကို ငွေကျပ် ခြောက်ထောင် ပေးအပ်သွားမှာ ဖြစ်ပါတယ်၊ ပြိုင်ပွဲတွေကိုတော့ ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်အတွင်းမှာ မွန်းတည့် ၁၂ နာရီကနေ စတင်ပြီးတော့ ညနေအထိ ကျင်းပသွားပါမယ်၊ ရွှေမောင်းတန်းမှာ ပြိုင်ပွဲဝင် အားကစားသမား အနည်းဆုံး ၄၀ နဲ့ ငွေမောင်းတန်းမှာ ၃၂၀ ပါဝင် ယှဉ်ပြိုင်နိုင်ဖို့ ခန့်မှန်းထားပါတယ်"ဟု ရခိုင်ရိုးရာ ကျင်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်စောမြက ပြောသည်။

ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ကျင်ပြိုင်ပွဲတွင် ရွှေမောင်းတန်း ပထမဆု ရွှေ လေးကျပ်သား၊ ဒုတိယဆု ရွှေ သုံးကျပ်သား၊ ပူးတွဲတတိယဆု ရွှေ နှစ်ကျပ်သားစီနှင့် ငွေမောင်းတန်းတွင် ပထမဆု ရွှေ သုံးကျပ်သား၊ ဒုတိယဆု ရွှေ နှစ်ကျပ်သား၊ ပူးတွဲတတိယဆု ရွှေ သုံးမတ်သားစီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျင်ပြိုင်ပွဲဖွင့်ပွဲသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျင်သန်ကြီးများနှင့် ကျင် ဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ဆေး ထိုးနှံကုသ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ မကျီးကုန်း(တိုင်းရင်းသား)ကျေးရွာတွင် နွား တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော)ကျေးရွာတွင် နွား တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရွက်ညိုတောင်(တိုင်းရင်းသား) ကျေးရွာတို့တွင် ဆိတ် တစ်ကောင်တို့ကို ကာကွယ်ကုသ ဆောင်ရွက်ပေးပြီး စုစုပေါင်းစခန်း သုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွား နှစ်ကောင်နှင့် ဆိတ် တစ်ကောင်တို့ကို ကာကွယ်ကုသ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၃၃ ကောင်တို့ကို ကာကွယ်ကုသ ဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၉၃ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတင်းထောက် နှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးတို့အား မြန်မာနိုင်ငံ အစိုးရ လျှို့ဝှက်ချက် အက်ဥပဒေနှင့်အညီ အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ် မောင်တော-ဘူးသီးတောင်ဒေသ၌ လုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရန်ကုန်မြို့တွင် ပြန်လည်အနားပေး စုဖွဲ့လျက်ရှိသည့် လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များအား ချဉ်းကပ်စည်းရုံး ဆက်သွယ်ပြီး ရခိုင်ဒေသနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ တပ်ဖွဲ့နှင့် သက်ဆိုင်သည့် အရေးကြီး လုံခြုံရေးစာရွက်စာတမ်း အထောက်အထားများကို ပြည်ပသတင်းဌာနများသို့ ပေးပို့ရန် ရည်ရွယ်ချက်ဖြင့် တရားမဝင် သတင်းရယူ ဆောင်ရွက်ခဲ့သည့် ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုဝလုံး (ခ) သက်ဦးမောင်မောင်နှင့် ကိုကျော်စိုးဦး (ခ) မိုးအောင်တို့နှစ်ဦးအား သက်သေအထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ထောက်ကြန့်နယ်မြေ ရဲစခန်း(ပ) ၁၂၉၈/၂၀၁၇၊ ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေပုဒ်မ-၃ ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ပါဝင်ပတ်သက်သူ ဒုတိယရဲမှူး မိုးရန်နိုင်နှင့် ရဲတပ်ကြပ်ကြီး ခင်မောင်လင်းတို့နှစ်ဦးကိုလည်း ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေပုဒ်မအရ လည်းကောင်း၊ ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေများအရ လည်းကောင်း ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ကိုဝလုံး(ခ) သက်ဦးမောင်မောင် | ကိုကျော်စိုးဦး(ခ)မိုးအောင်


## တိုင်ကြားနိုင်ပါသည်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကိုစိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများကို ဖြေရှင်းကုစားပေးရန် အကြောင်းကြားညှိနှိုင်းခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခြင်းများ ခံစား၊ ကြုံတွေ့ပါက လူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်**



## စားသုံးသူများသို့ အသိပေးကြေညာခြင်း

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံတစ်ဝန်း၌ Online အသုံးပြုသူများ တိုးတက်များပြားလာသည်နှင့်အညီ အစားသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံအား Facebook၊ Web Page များမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ကြော်ငြာပြီး Online Shooping ပုံသဏ္ဌာန် ရောင်းချမှုများ တွင်ကျယ်လာသည်ကို တွေ့ရှိရပါသည်။

ထိုသို့ Facebook၊ Web Page များမှတစ်ဆင့် ကြော်ငြာရောင်းချနေသည့် ကုန်စည်အများစုသည် သက်ဆိုင်ရာဌာန၏ ခွင့်ပြုထောက်ခံချက်၊ တရားဝင်တင်သွင်းထားသည့် အထောက်အထားများ အပါအဝင် ကုန်စည်နှင့် ပတ်သက်သည့် သတင်းအချက်အလက်အပြည့်အစုံ ဖော်ပြမှုမရှိဘဲ ကြော်ငြာရောင်းချနေခြင်း၊ ရောင်းချသူ၏ လိပ်စာပြည့်စုံစွာ ဖော်ပြထားမှု မရှိခြင်းတို့ကြောင့် ဝယ်ယူအသုံးပြုသည့် စားသုံးသူများအနေဖြင့် ကုန်စည်နှင့်ပတ်သက်၍ ကတိကဝတ်ဖောက်ဖျက်မှုများ၊ မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်လာပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အခက်အခဲ ကြုံတွေ့နိုင်သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ စားသုံးသူပြည်သူများအနေဖြင့် Facebook၊ Web Page များမှတစ်ဆင့် ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် မိမိဝယ်ယူအသုံးပြုမည့် ကုန်စည်နှင့်ပတ်သက်၍ သတင်းအချက်အလက်များ၊ ကတိကဝတ်များကိုသေချာစွာ ကြိုတင်လေ့လာစုံစမ်းခြင်း၊ ကုန်ပစ္စည်းလက်ခံရာတွင် တစ်ပါတည်း တောင်းခံခြင်းတို့ဖြင့် နစ်နာမှုမရှိစေရေး စိစစ်ဝယ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့**


# ခရီးသွားလာမှုကဏ္ဍတွင် စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရန် နည်းလမ်းများ လိုအပ်နေ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ၏ ခရီးသွားလာရာရေးကဏ္ဍအတွင်း ၂၀၁၇ ခုနှစ် ပထမနှစ်ဝက်တွင် တိုးတက်အောင်မြင်မှုများ ရရှိခဲ့သော်လည်း နိုင်ငံတွင်း ပဋိပက္ခများကြောင့် ယခုကာလနှင့် အချိန်ကာလအထိုက်အလျောက်အထိ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားဝင်ရောက်မှုများ စိန်ခေါ်မှုများပြည့်နှက်နေကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ခရီးသွားဝင်ရောက်မှု ကိန်းဂဏန်းများ အတိအကျမထွက်ရှိသေးသော်လည်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၁၇ ခုနှစ် ပထမရှစ်လအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်ပေါင်း ၂ ဒသမ ၂ သန်းမှ ၂ ဒသမ ၈ သန်းအထိ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ ယင်းအချက်တို့ကြောင့် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း အောက်စဖို့ဒ်စီးပွားရေးလုပ်ငန်းစုမှ သုတေသနပြုလုပ်ချက်အရ သိရှိရသည်။

**၁၀ ရာခိုင်နှုန်း တိုးတက်လာ**

ယင်းခရီးသွားများအနက်မှ ခရီးသွားဧည့်သည် ၁ ဒသမ ၄ သန်းမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေသည့် ကုန်းတွင်းနယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်ခြင်းဖြစ်ကြောင်း၊ နောက်ထပ်ခရီးသွားအရေအတွက် ၈၃၀၀၀၀ မှာ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှတစ်ဆင့် ဝင်ရောက်ခြင်းဖြစ်ကြောင်းသိရပြီး ယင်းအရေအတွက်သည် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက လေကြောင်းခရီးဖြင့် ဝင်ရောက်သူ ခရီးသွားဧည့်သည်ပေါင်း ၁၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

ဝန်ကြီးဌာနအသီးသီးမှ အရာရှိများအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့ရာမှ ဖြေကြားရာတွင် တစ်နှစ်ပတ်လုံးအတွက် စုစုပေါင်းခရီးသွားအရေအတွက်သည် ၃ ဒသမ ၅သန်း ကျော်မည်ဟု ခန့်မှန်းထားပြီး အဆိုပါအရေအတွက်သည် ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၃ ရာခိုင်နှုန်းခန့် တိုးတက်လာသည်ဟု အောက်စဖို့ဒ်စီးပွားရေးလုပ်ငန်းစုမှ ထုတ်ပြန်သော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ၏ စီးပွားရေးအခြေအနေ လေ့လာတွေ့ရှိချက်များတွင် ဖော်ပြထားသည်။



မြန်မာ့ခရီးသွားလုပ်ငန်းတွင် နိုင်ငံတကာမှ ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၂ ခုနှစ်တွင် ၁ဒသမ ၁ သန်းသာရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၄ ဒသမ ၇ သန်းအထိ မြင့်တက်လာသည်ကို မြင်တွေ့ရသည်။ ၂၀၁၆ ခုနှစ်တွင် ၂ ဒသမ ၉ သန်းသို့ ကျဆင်းခဲ့သော်လည်း ထိုကဲ့သို့ ကျဆင်းရခြင်းမှာ နေ့ချင်းပြန်ခရီးများကို ထည့်သွင်းစဉ်းစားခြင်းမပြုသည့် ရေတွက်မှုစနစ်ကြောင့် ဖြစ်ကြောင်း သိရသည်။

**ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေ**

ယခုနှစ်အစတွင် ခရီးသွားကဏ္ဍအလားအလာ ကောင်းမွန်ခဲ့သော်လည်း လုံခြုံရေးပြဿနာအချို့ကြောင့် နှစ်နှောင်းပိုင်းတွင် ရပ်တန့်သွားခဲ့ရကြောင်း အဆိုပါ စစ်တမ်းက ဖော်ပြထားပြီး ယင်းပြဿနာကို အောက်တိုဘာလအတွင်း ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ဘဏ်၏ စီးပွားရေးဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံ ခရီးသွားကဏ္ဍတွင် ခရီးစဉ်များ ဖျက်သိမ်းခြင်း၊ ကြိုတင်စာရင်းသွင်းသည်များကို ဖျက်သိမ်းခြင်းအချို့ဖြစ်ပေါ်ခဲ့သေးကြောင်း ယင်းအစီရင်ခံစာတွင်လည်း ထည့်သွင်းဖော်ပြထားသည်။

တတိယသုံးလပတ်အတွင်း ခရီးသွားဆိုက်ရောက်မှုနှင့် ကြိုတင်စာရင်းသွင်းအချက်အလက်များကို မထုတ်ပြန်ရသေးသော်လည်း ခရီးသွားဝင်ရောက်မှုကျဆင်းလာသည်ဟု သိရှိရကြောင်း သိရသည်။ မကြာသေးမီနှစ်များအတွင်း ခရီးသွားလာခြင်းဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ပြီး စီးပွားရေးကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်ခဲ့သော်လည်း သဘာဝဘေးများ၊ အခြေခံအဆောက်အအုံ လိုအပ်ချက်များ ရှိနေသေးကြောင်း အောက်စဖို့ဒ်အစီရင်ခံစာက ထောက်ပြထားပြီး ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ခရီးသွားရာသီအစတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဟိုတယ်များ၌ တည်းခိုနှုန်းမှာ ၃၀ ရာခိုင်နှုန်းအောက် လျော့နည်းနေကြောင်း သိရသည်။

ထို့ပြင် ယင်းအစီရင်ခံစာအတွင်း တည်းခိုသည့်နေရာများပြားနေခြင်းသည် ခရီးသွားဝင်ရောက်မှုများပြားသည့်အခါတွင် အဆင်သင့်ဖြစ်နိုင်သော်လည်း လက်ရှိတွင် တည်းခိုနေရာများ ပိုလျှံနေခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုအသစ်များဝင်ရောက်ရန် နှောင့်နှေးနေရကြောင်း သိရသည်။

**ဈေးကွက်ပြိုင်ဆိုင်မှုများပြား**

လေကြောင်းခရီးသွားလာရေးတွင်လည်း နှစ်အနည်းငယ်အတွင်း လေကြောင်းခရီးသွားလာရေးကဏ္ဍ မြင့်မားကြီးထွားလာခဲ့ပြီး အသေးစားလုပ်ငန်းများအတွက် အမြတ်အစွန်းရရှိရန် ဖိအားများရှိနေကြောင်း လုပ်ငန်းရှင်များထံမှ သိရှိရသည်။ “မြန်မာနိုင်ငံမှာ ပြည်တွင်းလေကြောင်းလိုင်း ၁၀ ခုရှိတယ်၊ ပြိုင်ဆိုင်မှုကတော့ ပြင်းထန်ပါတယ်၊ လုပ်ငန်းလည်ပတ်မှုအတွက်လည်း ကုန်ကျစရိတ်တွေ သိပ်များတယ်၊ ခရီးသည်အရေအတွက်က နည်းပါးတဲ့အတွက် လေကြောင်းလိုင်းအများစုက အကျိုးအမြတ်မရှိဘဲဖြစ်နေတယ်”ဟု Golden Myanmar Airlines မှ အမှုဆောင်အရာရှိချုပ် ဦးကျော်ငြိမ်းက ပြောကြားသည်။

ယခုဈေးကွက်အတွင်း လေယာဉ်ခုဂဏန်းမျှပိုင်ဆိုင်သည့် လုပ်ငန်းငယ်များရှိကြောင်း၊ ဈေးကွက်သေးငယ်ပြီး ပြိုင်ဆိုင်သူများပြားသည့် ပုံစံဖြစ်ကြောင်း ထို့ကြောင့် ဖြစ်နိုင်ပါက လုပ်ငန်းအချို့ပေါင်းစည်းကာ ပိုမိုကြီးမားသည့် လေကြောင်းလိုင်းတစ်ခုကို ထူထောင်သင့်ကြောင်း ဦးကျော်ငြိမ်းက မှတ်ချက်ပြုသည်။

လုပ်ငန်းများပေါင်းစည်းခြင်းနှင့် သင့်တော်သော ဈေးနှုန်းများ သတ်မှတ်ခြင်းဖြင့် နိုင်ငံခြားဧည့်သည်များအနေဖြင့် ဈေးသက်သာစွာဖြင့် ပြည်တွင်းလေကြောင်းလိုင်းများကို ပိုမိုစီးနင်းလာနိုင်ကြောင်း သိရသည်။ သို့သော် ဂျပန်နိုင်ငံ၏ လေကြောင်းလိုင်းတစ်ခုကလည်း မြန်မာတိုင်းရင်းသား လုပ်ငန်းတစ်ခုနှင့် အကျိုးတူလုပ်ငန်းလုပ်ကိုင်မည်ဟု ရည်ရွယ်ပြီး ကနဦးသဘောတူညီထားသည့် အမေရိကန်ဒေါ်လာ ၂၅ သန်းတန် သဘောတူညီချက်ကို ပြီးခဲ့သည့် နိုဝင်ဘာက ဖျက်သိမ်းလိုက်သဖြင့် အကျိုးတူလုပ်ငန်းများ ဆက်လက်ပေါ်ပေါက်ရန်လည်း လိုအပ်နေသေးကြောင်း ယင်းအစီရင်ခံစာက ထောက်ပြထားသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မန်းဂိုး**

# လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များအတွင်း ပြည်သူ့ဘဝလုံခြုံရေး ခိုး၊ ဆိုး၊ လု၊ နှိုက်မှု ကျူးလွန်တတ်သူများအား တိုင်းဒေသကြီးရဲတပ်ဖွဲ့က ပိတ်ဆို့ဖမ်းဆီး

**ရန်ကုန် ဒီဇင်ဘာ ၁၃**



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်တို့တွင် လူဦးရေသိပ်သည်းထူထပ်ခြင်း၊ အခြားဒေသများမှ ဝင်၊ထွက်သွားလာသူများပြားခြင်းကြောင့် ဒုစရိုက်ဆန်သည့် လူဆိုးလူမိုက်များ၊ ခိုး၊ ဆိုး၊ လု၊ နှိုက်မှု ကျူးလွန်တတ်သူများက အခွင့်ကောင်းယူကာ ပြည်သူများအပေါ် ဗိုလ်ကျအနိုင်ကျင့်မှုများ၊ ပြည်သူ့ဘဝ လုံခြုံရေးကို ထိခိုက်စေသည့် မှုခင်းများပြုလုပ်နေကြောင်း သိရှိရသဖြင့် အဆိုပါ ပြစ်မှုကျူးလွန်တတ်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အင်အားပြည့် ပိတ်ဆို့ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

**အရေးယူ**

လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ ဒုစရိုက်မှု ကျူးလွန်တတ်သူများ၊ ခိုး၊ ဆိုး၊ လု၊ နှိုက်များကြောင့် အေးချမ်းစွာ နေထိုင်လိုကြသည့် အများပြည်သူတို့မှာ စိုးရိမ်ကြောက်ရွံ့နေကြရကြောင်း သတင်းများရရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ အစီအစဉ်ဖြင့် နိုဝင်ဘာ ၂၇ ရက်မှစတင်၍ ခိုး၊ ဆိုး၊ လု၊ နှိုက်တတ်သူများကို သတင်းရယူကာ ရဲတပ်ဖွဲ့ဝင် အင်အားပြည့်ဖြင့် လမ်းများတွင် ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်တတ်သူများ နေထိုင်သွားလာသည့် နေရာများသို့ စီးနင်းရှာဖွေဖမ်းဆီးခြင်း၊ သတင်းကျော်စောသူများအား ပြစ်မှုကျူးလွန်ခြင်း မရှိစေရေးအတွက် ဖမ်းဆီးအရေးယူခြင်းတို့ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်အထိ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ အရ ၄၂ မှု၊ ရဲအက်ဥပဒေအရ ၅၇ မှု၊ ပြည့်တန်ဆာအက်ဥပဒေအရ သုံးမှု၊ လက်နက်များ အက်ဥပဒေအရ ၁၈ မှု၊ လောင်းကစားဥပဒေအရ ခြောက်မှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ သုံးမှု၊ ယစ်မျိုးဥပဒေအရ ကိုးမှု၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၅၄ အရ ၄၇ မှု၊ စစ်ပြေး ခြောက်ဦးနှင့် တရားခံပြေး လေးဦး၊ ရဲဘက်ပြေး သုံးဦးတို့အား ဖမ်းဆီးရမိ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် နွားများ မော်တော်ယာဉ် ငါးစီးပေါ်မှ ၁၁၁ ကောင် စစ်ဆေးတွေ့ရှိ

**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့တိုင်း ရဲအကူတပ်ဖွဲ့ခွဲမှူးရုံး၊ မှုခင်းအကူဌာနစုမှ ဒုရဲမှူးကျော်နု ဦးစီးတပ်ဖွဲ့ဝင်များ၊ ပြင်စာနယ်မြေရဲစခန်းမှ ရဲအုပ် အောင်ဆန်းဝင်းနှင့် ပြင်ဦးလွင်မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာနမှ ဒေါက်တာ ဒေါ်ကေသီလွင်နှင့်





အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ ပြင်ဦးလွင်အတက်လမ်း ပြင်စာကျေးရွာ ကျန်းမာရေးဆေးပေးခန်းရှေ့နေရာ၌ စောင့်ဆိုင်းနေစဉ် မန္တလေးဘက်မှ ပြင်ဦးလွင်သို့ ခွင့်ပြုချက်အထောက်အထားတစ်စုံတစ်ရာမရှိဘဲ မော်တော်ယာဉ်များဖြင့် တိုင်းကျော် တရားမဝင်နွားများအား တင်ဆောင်၍ ဖြတ်သန်း သယ်ဆောင်နေကြောင်း သတင်းအရ ယာဉ်များအား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း သန့်ဇော်ဦး(ခ) အစ်ဇာဟတ် မောင်းနှင်လာသည့် YGN 6B/ ----- နစ်ဆန်း ၁၂ ဘီးယာဉ်ပေါ်မှ နွားထီးအရွယ်စုံ ၂၂ ကောင်၊ ယာဉ်မောင်း ထွန်းထွန်းလွင် မောင်းနှင်လာသည့် MDY 8G/ ---- ၁၂ ဘီး ယာဉ်ပေါ်မှ နွားအရွယ်စုံ ၂၂ ကောင်၊ ယာဉ်မောင်း ထွန်းထွန်း(ခ)ကိုမိုး မောင်းနှင်လာသည့် MDY 4K/---- ၁၂ ဘီးယာဉ်ပေါ်မှ နွား ၂၂ ကောင်၊ ယာဉ်မောင်း အောင်ဆန်းဦး မောင်းနှင်လာသည့် MDY 8J/ ---- ၁၂ ဘီး ယာဉ်ပေါ်မှ နွား ၂၃ ကောင်၊ ယာဉ်မောင်း မြင့်ဇော်ဦး မောင်းနှင်သည့် YGN/ ----- ၁၂ ဘီးယာဉ်ပေါ်မှ နွားထီးအရွယ်စုံ ၂၂ ကောင်တို့ကို သယ်ဆောင်လာကြောင်း တာဝန်ရှိသူများက တွေ့ရှိခဲ့သည်။

အဆိုပါ ယာဉ် ငါးစီးနှင့် နွား စုစုပေါင်း ၁၁၁ ကောင်အား တရားမဝင် သယ်ဆောင်လာသူ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များနှင့် နွားထိန်းများဖြစ်ကြသည့် သန့်ဇော်ဦး (ခ) အစ်ဇာဟတ်ပါ၁၇ ဦးတို့နှင့်အတူ နွားများအား တရားမဝင် မှောင်ခိုလုပ်ငန်းလုပ်ကိုင်ရာတွင် ဦးစီးလုပ်ကိုင်သူ ဇော်ရှိန်း (ခ) နွားမလီ (၃၈ နှစ်)အား အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စံမောင်**

# တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် တီဗွီမျိုးစုံ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၇၇ စီး၊ သွင်းကုန် ၁၀၀၃ စီး ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး ၊ သွင်းကုန်အစီး ၁၅၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၈၂၀ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၂ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သည့် ရွှေဖြူ ရှောင်ကွင်းလမ်း၌ ဆိုင်ကယ်ကယ်ရီများဖြင့် စုပုံထားသည့် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Used TV (ဆိုဒ်စုံ) (111)U စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၆၅ သန်း ခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပင်လည်ဘူးမြို့နယ်အတွင်းမှ ဘိန်းဖြူ ၁၂၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၃၉ ပြား ဖမ်းမိ

**ပင်လည်ဘူး ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပေကုန်းကျေးရွာသစ်ကွင်းအနီးမှ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ငွေကျပ် သိန်း ၁၂၀၀ ကျော်ဖိုး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**အရေးယူဆောင်ရွက်**

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၂ ရက် ည ၁၁ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့စုမှူး ဒုရဲမှူး မြင့်နိုင်ဦး ဦးဆောင်သော ပူးပေါင်းအဖွဲ့က ကောလင်း - ပင်လည်ဘူးသွား ကားလမ်း ပေကုန်းကျေးရွာရှိ သစ်ကွင်းအနီး၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ဇော်မင်းဆိုသူ မောင်းနှင်ပြီး နောက်မှ ကျော်လွမ်းမိုးလိုက်ပါလာသော ဆိုင်ကယ်ကို မသင်္ကာ၍ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူ ၁၂၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၃၉ ပြား စုစုပေါင်းကာလတန်ဖိုး ငွေကျပ် သိန်း ၁၂၀၀ ကျော်ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့အား ပင်လည်ဘူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# စည်းကမ်းပျက် ရပ်နားထားသည့် ယာဉ်များကို မြစ်ကြီးနားတွင် စတင် အရေးယူတော့မည်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၃**

လမ်းမပေါ်၌ စည်းကမ်းပျက်ရပ်နားထားသည့် မော်တော်ကား၊ သုံးဘီးနှင့် မော်တော်ဆိုင်ကယ်များကို အရေးယူမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့ အမှတ် -၉၈ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မြစ်ကြီးနားမြို့ မြို့မရပ်ကွက်နှင့် မင်းရပ် ရပ်ကွက်အနီးရှိ ဈေး ၁၊ ဈေး ၂၊ ရေစင်ကွင်းဈေး၊ ဈေးကြီးတိုက်တန်း၊ ဘူတာတိုက်တန်းရှေ့၌ စည်းကမ်းပျက်ရပ်နားထားသည့်ယာဉ်များကို ဒီဇင်ဘာ ၁၀ ရက်က အမှတ်၉၈ ယာဉ်ထိန်းရဲများက လက်ကမ်းစာစောင်များဖြန့်ဝေ၍ ပညာပေးကာလ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"တစ်လအကြာ ပညာပေးကာလ လုပ်မယ်၊ လုပ်ပြီးရင် ဇန်နဝါရီလထဲမှာ စပြီး အရေးယူမယ်၊ စည်းကမ်းပျက် ရပ်နားထားတဲ့ကားဖြစ်ဖြစ်၊ ဆိုင်ကယ်ဖြစ်ဖြစ်၊ သုံးဘီးဖြစ်ဖြစ် တွေ့ရှိခဲ့ရင် ဒဏ်ကြေးငွေ ပေးဆောင်ခိုင်းမှာပါ"ဟု မြစ်ကြီးနားမြို့ အမှတ်-၉၈ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး ကျော်စိုးဦးက ပြောသည်။

အဆိုပါ တစ်လအကြာ ပညာပေးကာလ ကျော်လွန်ပါက ၂၀၁၅ မော်တော်ယာဉ်ဥပဒေပုဒ်မ ၆၅ အရ စည်းကမ်းပျက်ယာဉ်များကို တရားဝင်ဒဏ်ကြေးငွေကျပ် သုံးသောင်း ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

စည်းကမ်းပျက်ယာဉ်များအဖြစ် ပလက်ဖောင်းနှင့် တစ်ပေအတွင်း မရပ်နားသည့် ယာဉ်၊ ယာဉ် နှစ်ထပ်ရပ်သည့် ယာဉ်၊ ယာဉ်ကြောပြောင်းပြန်ရပ်သည့် ယာဉ်၊ ယာဉ်မရပ် ရ သတ်မှတ်နေရာ၌ ရပ်သည့်ယာဉ်များကို အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

# ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ မီးလောင်

**ဖျာပုံ ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ နယ်မြေ ၃ ၌ ဒီဇင်ဘာ ၁၃ ရက် နံနက် ၆ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် ခြောက်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုမှာ ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ နယ်မြေ ၃ ကမ်းနားလမ်းနေ ဒေါ်မြင့်မြင့်ဆန်း၏နေအိမ်၌ ဘုရားမီးပူဇော်ထားသည့် ဖယောင်းတိုင်မှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး နေအိမ်ခြောက်လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

မီးဘေးသင့်ခဲ့ရသော အိမ်ထောင်စုခြောက်စုမှ လူဦးရေ ၂၂ ဦးအား မြို့နယ်သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ထောက်ပံ့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ချစ်ကြည်ရေး ကားမောင်းပြိုင်ပွဲမှ ကားတစ်စီး ဘားအံမြို့၌ ယာဉ်တိုက်မှုဖြစ်

**ဘားအံ ဒီဇင်ဘာ ၁၃**

ကရင်ပြည်နယ် မြဝတီ-ဘားအံ ကားလမ်းအတိုင်း မြဝတီဘက်မှ အိန္ဒိယ- မြန်မာ-ထိုင်း သုံးနိုင်ငံချစ်ကြည်ရေး ကားမောင်းပြိုင်ပွဲတွင်ပါဝင်သော ယာဉ်အစီး၂၀ သည် ယာဉ်တန်းဖြင့် မောင်းနှင်လာစဉ် ဘားအံမြို့နယ် ရှမ်းကုန်းကျေးရွာအရောက်တွင် ပြိုင်ပွဲဝင်နံပါတ် ၁၂ ယာဉ်မောင်း အိန္ဒိယနိုင်ငံသား မောင်းနှင်သည့် ယာဉ်နှင့် ဘားအံဘက်မှ မြဝတီဘက်သို့ မောင်းနှင်လာသည့် နစ်ဆန်း ခြောက်ဘီးယာဉ်တို့သည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ပွတ်တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြိုင်ပွဲဝင်နံပါတ် ၁၂ တပ်ဆင်ထားပြီး ယာဉ်မောင်း အိန္ဒိယနိုင်ငံသား GONCHEN မောင်းနှင်သည့် စတေရှင်ဝက်ဂွန်းယာဉ်နှင့် ဘားအံဘက်မှ မြဝတီဘက်သို့ ကိုပြည့်ပိုင်ဦး (၂၁နှစ်) လယ်ဝေးမြို့နေသူ မောင်းနှင်သည့် ဝက်ဂွန်းယာဉ်တို့ ပွတ်တိုက်မိ၍ ယာဉ်မှာဆက်လက်မောင်းနှင်၍ မရတော့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ပျက်စီးသွားသည့် ယာဉ်အား ကရိန်းယာဉ်ဖြင့် တင်ဆောင်ကာ ကျိုက်ထိုတွင် တည်းခိုစဉ် ဆက်လက်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ယာဉ်တိုက်မှုဖြစ်ပွားသည့် သုံးနိုင်ငံချစ်ကြည်ရေး ကားမောင်းပြိုင်ပွဲမှ မော်တော်ယာဉ် တွေ့ရစဉ်။

# ရန်ကုန်အသင်းနှင့် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်း ယနေ့ ခြေစမ်းမည်



**ရန်ကုန် ဒီဇင်ဘာ ၁၃**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် ရန်ကုန်အသင်းသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းနှင့် ဒီဇင်ဘာ ၁၄ ရက် ညနေ ၃ နာရီတွင် YUSC ကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်း(**ယာပုံ**)သည် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ဒီဇင်ဘာပထမပတ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပြီး နောက်ဆုံးခြေစမ်းပွဲအဖြစ် ရန်ကုန်အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင် ကစားခဲ့ပြီး ယှဉ်ပြိုင်ကစားပြီးသည့် ခြေစမ်းပွဲနှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် ပထမခြေစမ်းပွဲတွင် ဇွဲကပင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲတွင် မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းသည် အပျော်တမ်း ကလပ်အသင်းများမှ ခြေစွမ်းပြနေသည့် ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး နောက်ဆုံးခြေစမ်းပွဲဖြစ်သောကြောင့် ကစားသမားများအားလုံး အစုံအလင် အသုံးပြုဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် ယခုခြေစမ်းပွဲတွင် ခေါ်ယူစမ်းသပ်နေသည့် နိုင်ငံခြားသားကစားသမားများ၏ ခြေစွမ်းကို အဓိကစမ်းသပ်မည်ဖြစ်ပြီး ပြည်တွင်း ကစားသမားများဖြင့် ပေါင်းစပ်ပွဲထုတ်မည်ဖြစ်သော်လည်း လူငယ်ကစားသမားများကို နေရာပေးဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် ရာသီကြို ပထမဆုံးခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၉ ရက်က ရခိုင်အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ သည်။ ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများအတွက် အကျိုးရှိသည့် ခြေစမ်းပွဲများဖြစ်ခဲ့သည်။

**သတင်း-ညီမြတ်သော်တာ၊ဓာတ်ပုံ-စိုးညွန့်**

# အမျိုးသားတံခွန်စိုက် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်က ကျင်းပမည့် ၂၀၁၈ခုနှစ် အမျိုးသားတံခွန်စိုက်ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂၁ ရက်တွင် ရန်ကုန်မြို့အင်းစိန်မြို့နယ် မင်းဓမ္မလမ်း MCC ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသားကာယဗလ ကီလို ၆၀၊၆၅၊၇၀၊၇၅ နှင့်၇၅ အထက်ပြိုင်ပွဲများ၊Man Sport physique Championship အလွတ်တန်းပြိုင်ပွဲ နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု Women Model physique Championship အလွတ်တန်းပြိုင်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အမျိုးသားပြိုင်ပွဲတွင် ၂၀၁၇ခုနှစ် အာရှနှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိထားသူများ ယှဉ်ပြိုင်ခွင့်မရှိကာ၊ အသက်ကန့်သတ်ချက်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူ ကစားသမားများသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ် နောက်ဆုံးထား၍ ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင် အားကစားခန်းမအဖွဲ့ချုပ် ကာယဗလလေ့ကျင့်ရေးရုံးခန်း၌ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ပေါ့ဂ်ဘာသည် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခွင့်ရှိသည့် အခွင့်အရေးတစ်ရပ်ကို ပယ်ချခဲ့ပြီး မန်ချက်စတာယူနိုက်တက်အသင်းနှင့် ပြန်လည်ပေါင်းစည်းမှုအပေါ် နောင်တမရကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ၎င်းသည် ဂျူဗင်တပ်စ်အသင်းနှင့်အတူ လေးနှစ်ဆက် စီးရီးအေဖလား ရရှိခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် စံချိန်တင်ပြောင်းရွှေ့တစ်ရပ်ဖြင့် ၎င်းကစားသမားဘဝစတင်ရာ မန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့သူဖြစ်သည်။
- ဒေါ့မွန်အသင်းသည် ၁၃ ပွဲတွင် တစ်ပွဲသာ နိုင်ပွဲရအောင် စွမ်းဆောင်ပေးနိုင်သော နယ်သာလန်မန်နေဂျာ ပီတာဘော့ဇ်ကို ထုတ်ပယ်လိုက်ပြီးနောက် တနင်္ဂနွေနေ့တွင် ကိုလုံး မန်နေဂျာဟောင်း ပီတာစတော့ဂါကို အစားထိုးခန့်အပ်ခဲ့သည်။ ထိုကဲ့သို့ အစားထိုးခန့်အပ်ပြီးနောက် ၎င်းကိုင်တွယ်သည့် ပထမဆုံးပွဲတွင် မိန့်ဇ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ၎င်းကိုင်တွယ်ခဲ့သည့် ကိုလုံးအသင်းသည်လည်း တန်းဆင်းဇုန် အောက်ဆုံးတွင် ရပ်တည်နေမှုကြောင့် ကိုလုံးအသင်းက ပြီးခဲ့သောအပတ်က ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။
- ဝက်စ်ဟမ်းမန်နေဂျာ ဒေးဗစ်မိုယက်စ်သည် အာဆင်နယ်ကွင်းလယ်ကစားသမား ဂျက်ဝီရှိုင်းယားကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းကိုခေါ်ယူရန် ဆန္ဒရှိနေသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်သည် အင်္ဂါနေ့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ကြားပွဲစဉ်တွင် ဝက်ဖို့ဒ်အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ခြောက်ပွဲဆက် မရှုံးအောင် ကစားထားနိုင်ကြောင်း သိရသည်။ ထို့ကြောင့် ရွိုင်းဟော့ဂ်ဆန်၏ အသင်းသည် လက်ရှိတွင် တန်းဆင်းဇုန် အထက်တွင် တစ်မှတ်အသာဖြင့် အဆင့် ၁၇ နေရာတွင် ရပ်တည်နေသည်။ ထို့အပြင် ခရစ္စတယ်ပဲလေ့စ်အသင်းသည် ပရီမီယာလိဂ် နောက်ဆုံး ခြောက်ပွဲတွင် ၁၀ မှတ်ရရှိထားကြောင်းလည်း သိရသည်။

**ဇော်ဇော်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး လုပ်ငန်းဆောင်ရွက်ချိန်အတွင်း ယာယီဓာတ်အားပြတ်တောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ 66/33/6.6 KV စိန်ပန်းမြိုင် ဓာတ်အား ခွဲရုံ၌ Outgoing Pannel များ တပ်ဆင်စမ်းသပ်ပြီးဖြစ်သဖြင့် 33 KV Cable များ ပြောင်းရွှေ့တပ်ဆင်ခြင်းလုပ်ငန်းအား ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီမှ မွန်းလွဲ ၃ နာရီ အထိ လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။

အထက်ဖော်ပြပါ လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ် ဓာတ်အားပိုမိုပြည့်ဝစွာရရှိရေးအတွက် မဖြစ်မနေ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ရခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း မရမ်းကုန်းမြို့နယ်ရှိ (၃၊ ၄၊ ၅၊ ၆) ရပ်ကွက်များ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေး အခက်အခဲများပေါ်ပေါက်နိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မြန်မာအသင်းယှဉ်ပြိုင်နေသည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယနေ့ ဆက်လက်ကျင်းပမည်

**ကန်တို ဒီဇင်ဘာ ၁၃**

၂၀၁၇ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဒီဇင်ဘာ ၁၄ ရက် (**ယနေ့**)တွင် ဗီယက်နမ်နိုင်ငံ ကန်တိုမြို့၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၁ အသင်းသည် ပွဲဦးထွက် အနိုင်ရထားသည့် ထိုင်း ယူ-၂၁ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မြန်မာ ယူ-၂၁ အသင်းနှင့် ထိုင်း ယူ-၂၁ အသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင် ဗီယက်နမ် ယူ-၁၉ အသင်းနှင့် လက်ရှိချန်ပီယံ ဂျပန်ကလပ် ယိုကိုဟားမား လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းလေးသင်းအနက် ယိုကိုဟားမားအသင်းမှာ ပထမဆုံးပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အသင်းများမှာ ဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပထမနေ့တွင် မြန်မာ ယူ-၂၁ အသင်းနှင့် ဗီယက်နမ် ယူ-၁၉ အသင်း တစ်ဂိုးစီ သရေကျခဲ့ပြီး ထိုင်း ယူ-၂၁ အသင်းက အိမ်ရှင်ဗီယက်နမ် ယူ-၂၁ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းအနေဖြင့် အဖွင့်ပွဲတွင် သရေကျခဲ့သောကြောင့် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် လက်ကျန်ပွဲများမှာ အရေးပါလာခဲ့ပြီး အမှတ်ဆုံးရှုံး၍ မရတော့ပေ။ မြန်မာ ယူ-၂၁ အသင်းသည် ပထမပွဲတွင် သရေကျခဲ့သော်လည်း ခြေစွမ်းပိုင်းအရ အကောင်းဆုံးအနေအထား မရှိခဲ့ဘဲ အပြောင်းအလဲ ပြုလုပ်နိုင်မှသာ ထိုင်းအသင်းကို ယှဉ်ကစားနိုင်ဖွယ်ရှိနေသည်။

အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ထိုင်းအသင်းနှင့်ပွဲပြီးပါက ဒီဇင်ဘာ ၁၆ ရက်တွင် ဗီယက်နမ် ယူ-၂၁ အသင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ဂျပန်ကလပ် ယိုကိုဟားမား လူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**


## အမြန်ပြန်လာပါ



(၄၄) ရပ်ကွက်၊ ရွှေစင် (၇) လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးအောင်မြင့်၏သား မောင်ရဲသူအောင် ၁၂/ဒဂမ(နိုင်)၀၂၂၂၈၂ အမြန်ပြန်လာပါ။ သားအမေ အသည်းအသန်ဖြစ်နေသည်။

**ဖေဖေ ဦးအောင်မြင့်**
**ဖုန်း-၀၉-၄၄၈၀၁၄၀၉၃၊ ၀၉- ၄၂၁၁၇၈၇၀၉**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၂)၊ နဝမတန်းမှ မနန်းအိရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးဘိုးပါ ၅/ဟမလ(နိုင်) ၀၅၇၉၉၂ ဖြစ်ပါကြောင်း။

**ဦးဘိုးပါ**

## ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ (အလက) အင်ကြင်းကုန်းကျေးရွာ အဋ္ဌမတန်းမှ မောင်ဇော်ဝိတ်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွေး ၇/ရတရ(နိုင်)၀၉၈၆၁၈ ဖြစ်ပါကြောင်း။ **ဦးသိန်းထွေး**

## ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံပုံစံ ''ဃ'' ထောက်ခံချက် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၉၀၉၀ Toyota Corolla S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်စမ်းစမ်း ၉/မနမ(နိုင်)၀၁၆၀၀၇ က ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံပုံစံ 'ဃ' ပျောက်ဆုံး၍ ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံပုံစံ 'ဃ' ထောက်ခံချက်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၆)ပဒေသာ၊ ဦးပိုင်အမှတ်(၂၀၈၊ ၂၁၁)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေကွက်ကို ဒေါ်အေးအေးကြည် ၁၂/ရကန (နိုင်) ၀၀၇၇၇၁က ဂရန်သစ်လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကြည် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၄၀)**
**အမှတ်၂၃၂၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**

## ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
## Yangon Bus Public Company Limited
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ဘတ်စ်ကားအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်(Yangon Bus Public Company Limited)တွင် ကုမ္ပဏီပိုင်ခရီးသည်တင် City Bus ယာဉ်များတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများနှင့် ဝန်ထမ်းများအတွက် ဝတ်စုံများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) **မော်တော်ယာဉ်သုံးပစ္စည်းများ**
(၁) CNGသုံးမော်တော်ယာဉ်များအတွက်-Coolant, Engine Oil, Gear Oil, Crown Oil,Clutch Oil,Power Oil, Greaseနှင့် Filter မျိုးစုံ၊
(၂) 12V.200AH Battery
(၃) TYRE-11 R-22.5

(ခ) **ဝန်ထမ်းဝတ်စုံများ**
(၁) ယာဉ်မောင်းများအတွက် မိကျောင်းသားစပို့ရှပ်၊ ကုမ္ပဏီ Logo ပါရမည်။
(၂) (အမျိုးသား)ရုံးဝန်ထမ်းများအတွက် ကော်လာလည်ကတုံးရှပ်အင်္ကျီလက်ရှည်နှင့် ဆင်တူပုဆိုးချော။
(၃) (အမျိုးသမီး)ရုံးဝန်ထမ်းများအတွက် ခေတ်ပေါ်ဒီဇိုင်းဖြင့် ချုပ်လုပ်ထားသည့် ကုမ္ပဏီဝတ်စုံ။

၂။ တင်ဒါပုံစံများကို ၁၅-၁၂-၂၀၁၇ရက်မှ ၂၁-၁၂-၂၀၁၇ရက်အတွင်း မင်္ဂလာဒုံမြို့နယ်၊ ပြည်လမ်း၊ ထောက်ကြန့်၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၆)အကြီးစားစက်ရုံခွဲအတွင်းရှိ ရန်ကုန်ဘတ်စ်ကားအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ ရုံးချုပ်၌ ဝယ်ယူ၍ ၃၀-၁၂-၂၀၁၇ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်။

၃။ အသေးစိတ် သိရှိလိုပါက ဖုန်းအမှတ်-၀၁-၉၄၃၇၇၄၆၊ မန်နေဂျာ ဦးမြင့်ဟန် ဖုန်း-၀၉-၄၂၅၀၀၄၈၀၈(စက်ပြင်ဌာန)နှင့် အကြီးတန်းမန်နေဂျာ ဦးကျော်တင့် ဖုန်း-၀၉-၅၀၀၈၃၉၆ (စီမံဌာန)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၄၂ နှင့်ဆက်သွယ်သည့်**
**၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၄၀**

ဒေါ်ယုကြည်ကြည် **နှင့်** ၁။ ဦးမျိုးကျော်သူ
၂။ ဒေါ်လွဲ့လွဲ့ရည်မွန်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့ချောင်းကျေးရွာအုပ်စု၊ မြို့ချောင်းရွာနေ တရားရှုံး ဦးမျိုးကျော်သူ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၄၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၈ ရက် (၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ-၂) ဦးပိုင်အမှတ် (၇၆)၊ ၅၈×၅၉လမ်းကြား၊ မနော်ဟရီနှင့် နှင်းဆီလမ်းကြားရှိ ဦးထွန်းတင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ဘီဘီအောင် ၅/စကန(နိုင်)၁၅၇၇၅၄မှ ဦးပိုင် -၇၆(ခဲစင်း) တောင်ဘက်ခြမ်းအား မြေစလစ်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ လမ်းဖိုးပေးသွင်းခြင်းပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက်မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ ဦးပိုင်ခွဲအမည်ပြောင်းအမှတ်ခွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/5344,Toyota Mark II G×1000(4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောနန်းနွယ် ၉/မရတ(နိုင်)၀၂၈၇၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃ဒီ၁၊ မြေကွက်အမှတ် V Class ၂၉၀၊ မြေကွက်တည်နေရာ အမှတ်(၆)၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ဦးမြသန်း (အေဒီ-၀၀၁၅၀၂)၊ မောင်ကျော်ဝင်း (အေဒီ-၀၀၁၉၇၃)၊ အမည်ပေါက် နှစ်(၉၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ(ဖခင်)ဦးမြသန်းနှင့်(မိခင်) ဒေါ်အမာ၊ အမည်ပေါက်တစ်ဦး မောင်ကျော်ဝင်း(ခင်ပွန်း)တို့ အသီးသီးကွယ်လွန်သဖြင့် ဇနီးတော်စပ်သူ ဒေါ်မြင့်မြင့်စန်း ၁၂/အလန(နိုင်)၀၂၇၀၁၃မှ ကွယ်လွန်သူ မောင်ကျော်ဝင်းအစုနှင့်(ဖခင်)ဦးမြသန်း၏ အစုအတွက် သား/သမီးများဖြစ်သော ဒေါ်မြင့်မြင့်စန်း ၁၂/အလန(နိုင်)၀၂၇၀၁၃၊ ဦးအောင်မြင့် ၁၂/အလန(နိုင်)၀၂၇၂၅၄၊ ဦးအုန်းလှိုင် ၁၂/အလန(နိုင်)၀၃၁၁၃၀၊ ဦးအောင်ကျော်သန်း ၁၂/အလန(နိုင်)၀၃၈၀၇၉၊ ဒေါ်အေးအေးသန်း ၁၂/အလန(နိုင်)၀၂၇၀၁၆၊ ဦးလှမျိုး ၁၂/အလန(နိုင်)၀၃၄၆၁၀တို့မှ အမည်ပေါက်များ၏ ဇနီး၊ သား/သမီးအရင်းတော်စပ်မှု တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဆီးရီးယားနိုင်ငံကို ဘေးကင်းစေမည့် အပြောင်းအလဲဖန်တီးနိုင်ရေး အစိုးရနှင့်အတိုက်အခံအဖွဲ့တို့ တိုက်ရိုက်မဟုတ်သော ဆွေးနွေးပွဲများဆက်လက်ကျင်းပ

**ဂျီနီဗာ ဒီဇင်ဘာ ၁၃**

ဆီးရီးယား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဂျီနီဗာတွင် အင်္ဂါနေ့ကဆက်လက်ကျင်းပခဲ့ရာ ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် စတက်ဖန်ဒီမစ်တူရာသည် ဆီးရီးယားအစိုးရအဖွဲ့နှင့် သာမက အတိုက်အခံကိုယ်စားလှယ်များအဖွဲ့နှင့်ပါ တွေ့ဆုံခဲ့ပြီး သီးခြားစီဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂအထူးသံတမန်၏ ကမကထဆောင်ရွက်မှု အောက်တွင် အတူထိုင်၍ မျက်နှာစုံညီဆွေးနွေးရန် အခွင့်အလမ်းပင်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ စည်းမျဉ်းစည်းကမ်းများကို အခြေခံလျက် နိုင်ငံရေးအပြောင်းအလဲဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများကို စတင်ဆွေးနွေးရမည့် အချိန်ပင်ဖြစ်ကြောင်း အတိုက်အခံဘက်မှ ကိုယ်စားလှယ်က ဒီမစ်တူရာနှင့်တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ဖော်ပြခဲ့သည်။

ကျွန်ုပ်တို့အားလုံး၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ပြည်သူများဘေးကင်းစွာ အိမ်ပြန်လာနိုင်ရေးအတွက် ဆီးရီးယားနိုင်ငံကို လုံခြုံစိတ်ချရသည့် အပြောင်းအလဲတစ်ခုဖန်တီးရန်ပင်ဖြစ်ကြောင်း ဖော်ပြချက်တွင် ပါရှိသည်။



အတိုက်အခံများဘက်မှ သဘောထားရပ်တည်ချက်မှာ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ဖြုတ်ချရန်ဖြစ်ပြီး ယင်းဖြုတ်ချမှုကသာ နိုင်ငံရေးဖြစ်စဉ်၏နိဒါန်းဖြစ်မည်ဟု ခိုင်မာသေချာလျက်ရှိသည်။

သို့သော် ဆီးရီးယားအစိုးရ အင်အားစုများက အဓိကကျပြီး ကြီးမားသည့်ဧရိယာများကို သူပုန်များထံမှ ပြန်လည်ရယူခဲ့ပြီးချိန်မှစတင်ကာ ယင်းအချက်ကို အစိုးရဘက်မှ လက်မခံသည့် အနေအထားကို တွေ့မြင်ရသည်။

ကုလသမဂ္ဂ ဦးဆောင်သည့် ဆီးရီးယား ငြိမ်းချမ်းရေးဆွေးနွေးပွဲ သစ်တစ်ခုကို နိုဝင်ဘာ ၂၈ ရက်က စတင်ခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်မတိုင်မီအထိ ဆက်လက်ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

မျှော်လင့်ထားသည့် အတိုင်း အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရာတွင် အကြီးမားဆုံး အတားအဆီးတစ်ရပ်မှာ ယုံကြည်မှုကင်းမဲ့ခြင်း ဖြစ်ကြောင်း ကုလသမဂ္ဂက ဖော်ပြခဲ့သည်။

**ရိုက်တာ**

## အလာဘားမား၌ အထူးရွေးကောက်ပွဲတွင် ဒီမိုကရက်တို့ အနိုင်ရ

**အလာဘားမား ဒီဇင်ဘာ ၁၃**

အလာဘားမားပြည်နယ်၌ ပြုလုပ်သည့် အထူးရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ဒီမိုကရက်တစ် အမတ်လောင်းသည် လစ်လပ်နေသည့် ဆီးနိတ်လွှတ်တော်တွင် နေရာရရှိသွားပြီ ဖြစ်သည်။ အင်္ဂါနေ့က ပြုလုပ်သော မဲရေတွက်မှုအားလုံးမှာ ပြီးစီးသွားပြီဖြစ်ကြောင်း အမေရိကန်မီဒီယာများက ပြောသည်။ မဲအရေအတွက်မှာ ဒီမိုကရက်မှ Doug Jones မှာ ၄၉ ဒသမ ၉ ရာခိုင်နှုန်းရရှိခဲ့ပြီး ရီပတ်ဘလစ်ကန်မှ Roy Moore က ၄၈ ဒသမ ၄ ရရှိခဲ့သည်။

Moore က ယင်းရလဒ်ကို လက်ခံအတည်ပြုရန် ငြင်းဆိုခဲ့သော်လည်း သမ္မတထရန့်ကမူ Jones အတွက် ဂုဏ်ယူကြောင်း တွစ်တာစာမျက်နှာပေါ်တွင်ရေးသားခဲ့သည်။ အလာဘားမားပြည်နယ်မှာ ရီပတ်ဘလစ်ကန်တို့ အစဉ်ကြီးစိုးထားသော နေရာတစ်ခုဖြစ်သည်။

၁၉၉၂ ခုနှစ်မှစ၍ ယင်းပြည်နယ်တွင် ဒီမိုကရက်တို့ကြီးစိုးနိုင်ခြင်းမရှိခဲ့ရာ ယခု Jones ၏အနိုင်မှာ ဒီမိုကရက်တို့အတွက် အလာဘားမားပြည်နယ်တွင် ဒီမိုကရက်တစ်ဦး ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ Jones အနိုင်ရရှိခဲ့သည့် မဲအရေအတွက်မှာလည်း ပွတ်ကာသီကာဖြင့် အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။ Moore ကို သမ္မတထရန့်ကထောက်ခံခဲ့သော်လည်း အခြားရီပတ်ဘလစ်ကန်ခေါင်းဆောင်အများစုက ဆန့်ကျင်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

## ကြားဖြတ်ရွေးကောက်ပွဲ ရှုံးနိမ့်ခဲ့လျှင် အစိုးရအဖွဲ့ အခက်တွေ့မည်ဟု ဩစတြေးလျဝန်ကြီးချုပ်ပြောကြား

**ဆစ်ဒနီ ဒီဇင်ဘာ ၁၃**

ဩစတြေးလျဝန်ကြီးချုပ် မယ်လ်ကွန်တန်ဘူသည် ယခုတစ်ပတ်အတွင်း ကျင်းပမည့် ဆစ်ဒနီကြားဖြတ်ရွေးကောက်ပွဲတွင် ၎င်း၏အစိုးရအဖွဲ့ ရှုံးနိမ့်ခဲ့လျှင် အစိုးရအဖွဲ့၏ အနာဂတ်မှာအခြေအနေမကောင်းတော့ကြောင်းနှင့် မဲအများစုဖြင့် နေရာတစ်နေရာပြန်လည်ရရှိရန် မဖြစ်နိုင်တော့ကြောင်း ပြောကြားခဲ့သည်။

ကွန်ဆာဗေးတစ်အများစု၏ ထောက်ခံမှုရရှိသည့် ဘန်နီလောင်းမဲဆန္ဒနယ်မှာလည်း အင်္ဂါနေ့ကထွက်ပေါ်လာသည့် ဆန္ဒမဲရလဒ်များအရ လုံလောက်သည့်မဲရလဒ် မရရှိတော့ကြောင်း သိရသည်။

ဩစတြေးလျသတင်းစာ Newspoll က တန်ဘူလ်၏ လစ်ဘရယ်အမျိုးသားမဟာမိတ်အဖွဲ့နှင့် အတိုက်အခံ အလုပ်သမားအဖွဲ့တို့သည် နှစ်ပါတီဦးစားပေးမဲထည့်ဝင်မှုတွင် အနိုင်ရရှိရန် ၅၀ ရာခိုင်နှုန်းစီဖြစ်နေကြောင်း၊ လစ်ဘရယ်ထောက်ခံသည့် မဲဆန္ဒရှင်များသည် အသစ်ဖွဲ့စည်းထားသည့် ကွန်ဆာဗေးတစ်သို့ ကူးပြောင်းသွားခဲ့ကြောင်းဖော်ပြထားသည်။

အင်မတန်ခက်ခဲသည့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး အကယ်၍ အလုပ်သမားပါတီသာ ဘန်နီလောင်းမဲဆန္ဒနယ်၌ အနိုင်ရရှိခဲ့လျှင် အလုပ်သမားခေါင်းဆောင် ဘီလ်ရှော့တန်အနေဖြင့် ဝန်ကြီးချုပ်ဖြစ်လာရန် အလွန့်အလွန် နီးစပ်သွားပြီဖြစ်ကြောင်း တန်ဘူလ်က ဆစ်ဒနီ၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

အကယ်၍ ဘန်နီလောင်း၌ တန်ဘူလ်ရှုံးနိမ့်ခဲ့လျှင် အစိုးရအဖွဲ့အနေဖြင့် ယုံကြည်ချက်မရှိတော့ကြောင်း သတင်းစာတွင် ဖော်ပြခဲ့သည်။

**ရိုက်တာ**



## မြောက်ကိုရီးယားနှင့် ဆွေးနွေးရန် အဆင်သင့်ဖြစ်ကြောင်း တေလာဆန် ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်သည် မြောက်ကိုရီးယားနှင့် တိုက်ရိုက်ဆွေးနွေးပွဲများ ပြုလုပ်ရန်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံက အမေရိကန် ကုန်းမြေတစ်ခုလုံးအထိ ရောက်ရှိနိုင်သည့် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ကြေညာခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ်အကြာတွင် တေလာဆန်၏ သံတမန်ရေးအရ လမ်းဖွင့်ပေးလိုက်သည့် ကမ်းလှမ်းမှုအသစ် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

အင်္ဂါနေ့က ဝါရှင်တန်ရှိ အတ္တလန္တိတ်ကောင်စီ အမျိုးသားအကျိုးစီးပွားပြဿနာဆိုင်ရာ အကြံပေးပါရဂူအဖွဲ့သို့ ပြောကြားခဲ့သည့်မိန့်ခွန်းတွင် တွေ့ဆုံဆွေးနွေးကြစို့ဟု တေလာဆန်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က တေလာဆန်သည် မြောက်ကိုရီးယားနှင့် စကားပြောဆိုဆွေးနွေးရန် ကြိုးပမ်းမှုဖြင့် အချိန်များကို အလဟဿဖြုန်းတီးပစ်နေသည်ဟု ယခင်ကပြောဆိုခဲ့သော်လည်း စကားပြောဆို ဆွေးနွေးရန်အတွက် ခွင့်ပြုလိုက်ကြောင်း အိမ်ဖြူတော်က ဖော်ပြခဲ့သည်။



မြောက်ကိုရီးယားနိုင်ငံအပေါ်တွင် ရှုမြင်သည့်အမေရိကန်၏သဘောထားမှာ ပြောင်းလဲခြင်း မရှိကြောင်းကိုလည်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံ၏ အပြုအမူများသည် လူတစ်ဦးတစ်ယောက်စီအတွက် သာမက မြောက်ကိုရီးယားအတွက်လည်း လုံးဝမကောင်းကြောင်း အိမ်ဖြူတော်က ဖော်ပြသည်။

တေလာဆန်၏ မိန့်ခွန်းပြောကြားမှု မတိုင်မီတွင် မြောက်ကိုရီးယားခေါင်းဆောင်သည် နျူကလီးယားလက်နက်များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ**

## ယီမင်မြို့တော် ဆာနားရှိ ရဲတပ်ဖွဲ့လေ့ကျင့်ရေးစခန်းကို ဆော်ဒီ ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ယီမင်နိုင်ငံသား ၄၀ နီးပါးသေဆုံး

**ဒူဘိုင်း ဒီဇင်ဘာ ၁၃**

ဆော်ဒီဦးဆောင်သည့် မဟာမိတ်အဖွဲ့များသည် ဟူသီသူပုန်တို့ထိန်းချုပ်ထားသည့် ယီမင်မြို့တော်ဆာနားရှိ ရဲတပ်ဖွဲ့လေ့ကျင့်ရေးစခန်းကို လေကြောင်းမှတိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ရာ လူ ၃၉ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၉၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူများတွင် အကျဉ်းသားအချို့ပါဝင်ကြောင်း အာဏာပိုင်တစ်ဦးနှင့်မျက်မြင်သက်သေများက ပြောကြားခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုသည် အီရန်တို့က မဟာမိတ်ပြုထားသည့် ဟူသီသူပုန်များအား အနောက်အုပ်စုက ကျောထောက်နောက်ခံပေးထားသည့် မဟာမိတ်အဖွဲ့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုတစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ယီမင်သမ္မတဟောင်းဆာလေကို ဟူသီသူပုန်တို့က သတ်ဖြတ်လိုက်ပြီးချိန်မှစတင်ကာ ပဋိပက္ခတိုက်ပွဲများ အရှိန်အဟုန်ပြင်းထန်လာခဲ့သည်။

**ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆီးရီးယားအရေး ရုရှားနှင့်တူရကီ ပူးပေါင်းဆောင်ရွက်မည်

**မော်စကို ဒီဇင်ဘာ ၁၃**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဆီးရီးယားနိုင်ငံအတွင်း ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက်တွင် နိုင်ငံအတွင်း အာဏာပြန်လည်တည်မြဲရေး ဆွေးနွေးရန်အတွက် တူရကီ သမ္မတ အာဒိုဂန်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် တနင်္လာနေ့တွင် တူရကီမြို့တော် အန်ကာရာ၌ တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံမှုအပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ပူတင်က အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန် ရည်ရွယ်လျက် ဆီးရီးယား၌ ကုလသမဂ္ဂက ကြီးကြပ်ဆောင်ရွက်သည့် ရွေးကောက်ပွဲများ ဖြစ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် တူရကီသမ္မတနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရုရှား၊ တူရကီနှင့် အီရန်တို့သည် ဆီးရီးယား၌ ငြိမ်းချမ်းရေးရရှိရန် ဂျီနီဗာ၌ ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် အပြိုင်မူဘောင်ရေးဆွဲလျက် ကြိုးပမ်းဆောင်ရွက်နေသည်။ ယင်းသုံးနိုင်ငံတို့သည် လာမည့်လတွင်း ရုရှားတောင်ပိုင်းဆိုချီ၌ ဆွေးနွေးပွဲများ ကျင်းပရန်အတွက် ဆီးရီးယားအစိုးရနှင့် အတိုက်အခံအင်အားစုများကို ဖိတ်ခေါ်ရန်စီစဉ်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ကမ္ဘောဒီးယား ရွေးကောက်ပွဲအတွက် ငွေကြေးထောက်ပံ့မှုကို ဥရောပသမဂ္ဂရပ်ဆိုင်း

**ဖနွမ်ပင် ဒီဇင်ဘာ ၁၃**


ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၈ ခုနှစ်၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ငွေကြေးထောက်ပံ့မှုကို ဥရောပသမဂ္ဂက ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။ အဓိကအတိုက်အခံ ပါတီဖျက်သိမ်းသွားပြီးနောက် မဲပေးခြင်းမှာ ယုံကြည်စိတ်ချလောက်ဖွယ် မရှိတော့သည့်အတွက် ထိုသို့ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း အင်္ဂါနေ့တွင် အမျိုးသားရွေးကောက်ပွဲကော်မတီသို့ ပေးပို့ခဲ့သည့် စာတစ်စောင်အရ သိရသည်။

အတိုက်အခံခေါင်းဆောင် ကင်မ်ဆွတ်ခါကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ဖမ်းဆီးခဲ့ပြီးနောက်တွင် ကမ္ဘောဒီးယား အမျိုးသားကယ်ဆယ်ရေးပါတီ (CN-RP) ကို ပြီးခဲ့သည့်လက ဝန်ကြီးချုပ်ဟွန်ဆန်၏တောင်းဆိုချက်အရ ကမ္ဘောဒီးယားအမြင့်ဆုံးတရားရုံးက ဖျက်သိမ်းစေခဲ့သည်။

အဓိကအတိုက်အခံပါတီကို ဖယ်ထုတ်လိုက်ပြီဖြစ်သည့် ရွေးကောက်ပွဲဖြစ်စဉ်သည် တရားဝင်တော့မည်မဟုတ်ကြောင်း ဒီဇင်ဘာ ၁၂ ရက်တွင်ပေးပို့ခဲ့သည့် စာအရ ရိုက်တာသတင်းတွင် ဖော်ပြခဲ့သည်။ ထိုအခြေအနေများကြောင့် ဥရောပသမဂ္ဂသည် ရွေးကောက်ပွဲအတွက် ငွေကြေးထောက်ပံ့မှုကို ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။ **ရိုက်တာ**

# သဘောထားကွဲလွဲမှုများကို ကုစားနိုင်ဖွယ်မရှိသည့် တေလာဆန်၏ ဥရောပခရီးစဉ်

**ကလျာမိုးမြင့်**



အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ရက်စ်တေလာဆန်ဟာ ပြီးခဲ့တဲ့ သောကြာနေ့မှာ ငါးရက်ကြာမြင့်တဲ့ သုံးနိုင်ငံ ဥရောပခရီးစဉ် သွားရောက်ခဲ့ပြီး ကျွမ်းကျင်သူတွေက ဒီခရီးစဉ်ကို သက်ဆိုင်တဲ့ဒေသတွင်းနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ အကြောင်းအရာတွေအပေါ်မှာ သဘောထားကွဲလွဲမှုတွေ ပိုမိုကြီးမားလာတာကို ကုစားဖို့ဖြစ်ဟန် မတူဘူးလို့ မှတ်ချက်ချခဲ့ကြပါတယ်။

တေလာဆန်ဟာ ဘရပ်ဆဲလ်၊ ဗီယင်နာနဲ့ ပါရီသို့ရောက်ခဲ့ပြီး ဒီလိုသွားရောက်မှုဟာ ၎င်းစတင်တာဝန်ထမ်းဆောင်ခဲ့တဲ့ ဖေဖော်ဝါရီလကစတင်ပြီး ခုနစ်ကြိမ်မြောက်သွားရောက်မှုဖြစ်ပါတယ်။ ဒီခရီးစဉ်က အကျိုးမရှိတဲ့ အလဟဿ ခရီးစဉ်တစ်ခုအဖြစ် ဖော်ပြနေတယ်ဆိုပြီးတော့လည်း ကျွမ်းကျင်သူတွေက သုံးသပ်ပါတယ်။

**အရှေ့အလယ်ပိုင်းဒေသမှ သဘောထားကွဲလွဲမှုများ**

ဝါရှင်တန်နဲ့ ဘရပ်ဆဲလ်တို့အကြား တင်းမာမှုတွေ မြင့်တက်နေတာကို လျော့ပါးသက်သာအောင် ဆိုပြီးရည်ရွယ်ခဲ့တဲ့ အလည်အပတ်ခရီးဟာ ခရီးစဉ်စတင်တဲ့တနင်္လာနေ့ မတိုင်ခင်မှာဘဲ ဂျေရုဆလင်အရေးနဲ့ သက်ဆိုင်တဲ့ထရန့်ရဲ့ဆုံးဖြတ်ချက်တွေနဲ့ ပတ်သက်တဲ့ ကောလာဟလတွေနဲ့ အရိပ်လွှမ်းမိုးနေခဲ့ပါတယ်။

ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်လိုက်ကြောင်း ထရန့်က ဗုဒ္ဓဟူးနေ့တွင် ကြေညာလိုက်ပြီး အစ္စရေးမှာရှိတဲ့ အမေရိကန်သံရုံးကို တဲလ်အဗစ်ကနေ ဂျေရုဆလင်သံရုံးကိုရွှေ့ပြောင်းဖို့အမိန့်ထုတ်လိုက်တဲ့အခါမှာတော့ တေလာဆန်ဟာ ၎င်းရဲ့ ကျန်ရှိနေတဲ့ခရီးစဉ်အများစုကို ထရန့်ရဲ့ဆုံးဖြတ်ချက်ဟာ ဥရောပမဟာမိတ်တွေကို မကျေမချမ်းဖြစ်စေတယ်ဆိုတဲ့ အကြောင်းတွေကို လှည့်လည်ပြောကြားရင်းနဲ့ပဲ ကုန်ဆုံးစေပါတော့တယ်။

အစ္စလာမ်ဘာသာဝင်တွေကို ဆန့်ကျင်တဲ့ ပို့စ်တွေကို ထရန့်ကတွစ်တာပေါ်မှာ ပြန်လည်ရေးသားမှုတွေ ပြုလုပ်ခဲ့မှုက နှစ်နိုင်ငံ ရန်လိုမုန်းတီးမှုတွေကို ဖောက်ခွဲပစ်လိုက်သလို ဖြစ်သွားခဲ့ပါတယ်။ ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေက ထရန့်ရဲ့ ရေးသားဖော်ပြမှုတွေဟာ မှားယွင်းနေတယ်လို့ ပြောဆိုခဲ့ပြီး ထရန့်ကတော့ ဝန်ကြီးချုပ်မေကို ကိုယ့်နိုင်ငံရဲ့ လုံခြုံရေးကိစ္စကိုသာ အာရုံစိုက်ဖို့ ဆတ်ဆတ်ထိမခံ တုံ့ပြန်ပြောဆိုခဲ့ပါတယ်။

ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်မှုကို ထရန့်က အတိအလင်းထောက်ခံခဲ့တာနဲ့ပတ်သက်ပြီး စိတ်ကသိကအောက်ဖြစ်ခဲ့ရတဲ့ ဘရပ်ဆဲလ်ဟာ တေလာဆန်ကို မျက်နှာချင်းဆိုင်တွေ့ရာမှာ နှစ်နိုင်ငံ သဘောထားကွဲလွဲမှုတွေကို ပြည်သူလူထုသိအောင် ချပြခဲ့ပါတယ်။

ဥရောပသမဂ္ဂအဖွဲ့ရဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာမဟာမင်းကြီး ဖက်ဒရီကာမိုဟီရီနီက အီးယူအဖွဲ့ကြီးဟာ ပါလက်စတိုင်းနဲ့ အစ္စရေးနှစ်နိုင်ငံအတွင်းမှာ ငြိမ်းချမ်းရေးကြိုးပမ်းမှုကို ပျက်ပြားစေမယ့် ဘယ်လိုအပြုအမူမျိုးကိုမဆို လုံးဝရှောင်ကြဉ်ရမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

အီရန်နျူကလီးယား သဘောတူစာချုပ်နဲ့ ပတ်သက်ပြီးတော့လည်း ဖက်ဒရီကာက အမေရိကန်ရဲ့ရပ်တည်မှုကို ဘယ်လိုတုံ့ပြန်ခဲ့သလဲဆိုတော့ အီရန်နျူကလီးယားစာချုပ်ကို ဆက်လက်အကောင်အထည်ဖော်မှုဟာ ဥရောပလုံခြုံရေးအတွက် မဟာဗျူဟာမြောက်တဲ့အဓိကဦးစားပေးကိစ္စဖြစ်သလို ဒေသတွင်းနဲ့ တစ်ကမ္ဘာလုံးရဲ့ လုံခြုံရေးဆိုင်ရာအတွက်လည်း အချက်အချာဖြစ်တယ်လို့ တုံ့ပြန်ပြောကြားခဲ့ပါတယ်။

ထရန့်ဟာ အစွန်းရောက်တဲ့ အမျိုးသားရေးဝါဒကို ဖက်တွယ်ထားခြင်းအားဖြင့် ဆက်ဆံရေးတွေဆိုးရွားလာအောင် လုပ်ဆောင်ခဲ့သလို အမေရိကန်မဟာမိတ်တွေကိုလည်း ကြမ်းတမ်းရိုင်းပျစွာပြုမူခဲ့ပါတယ်။ ဒီတိုင်းဆက်သွားနေဦးမယ်ဆိုရင်တော့ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့ဟာ သီးခြားစီ ခွဲထွက်လွင့်ပါးသွားလိမ့်မယ်လို့ Brooking Institution မှ နိုင်ငံရေးကျွမ်းကျင်သူ ဒါရယ်လ်ဝက်စ်က သုံးသပ်ခဲ့ပါတယ်။

ဥရောပခေါင်းဆောင်အချို့က တွစ်တာပေါ်မှာ ထရန့်ရေးသားခဲ့တာတွေနဲ့ပတ်သက်ပြီး အံ့သြထိတ်လန့်မှုတွေကို ဖော်ပြခဲ့ကြတယ်။ဒါပေမယ့် တချို့တွေအတွက်ကတော့ ၎င်းတို့ဟာ အိမ်ဖြူတော်မှာ သာမန်လူထုကို ကိုယ်စားပြုမယ့် နိုင်ငံရေးသမားတစ်ဦးနဲ့ အမျိုးသားရေးဝါဒီမျိုးဆက်တစ်ဦးကို ရှာတွေ့လိုက်သလို ဖြစ်စေခဲ့တယ်လို့ အမေရိကန်ကွန်ဂရက်လွှတ်တော်နဲ့ သမ္မတရုံးဆိုင်ရာ လေ့လာမှုဗဟိုဌာနမှ မူဝါဒပိုင်းဆိုင်ရာ ဒါရိုက်တာတစ်ဦးလည်းဖြစ် ဒုတိယဥက္ကဋ္ဌလည်းဖြစ်တဲ့ ဒန်မဟာဖီက မှတ်ချက်ချခဲ့ပါတယ်။

လူအများစုဟာ အမေရိကန်က နေတိုးအဖွဲ့အပေါ်မှာထားရှိခဲ့တဲ့ ကတိကဝတ်နဲ့ ရုရှားကို ရင်ဆိုင်ဖို့စိတ်အားထက်သန်မှုကို အတည်ပြုဖို့ တခြားအုပ်ချုပ်ရေးအာဏာပိုင်တွေဆီက မှတ်ချက်ချတာတွေကို စောင့်စားနေကြတယ်။ သဘောထားကွဲလွဲမှုတွေကို နားလည်လက်ခံပုံနဲ့အမေရိကန်နဲ့ ဥရောပသမဂ္ဂနှစ်ဖက်စလုံးက နိုင်ငံရေးအခြေအနေတွေအပေါ်မှာ အာရုံစိုက်နေတဲ့ပုံစံတွေဟာ တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ပြင်းထန်တဲ့ အခြေအနေတွေအတွက် အကောင်းဆုံး အချက်ပြမှုတွေမဟုတ်ဘူးလို့ ၎င်းက ပြောကြားခဲ့ပါတယ်။

**မသေချာမရေရာမှုများ ပိုမိုများပြားလာမှုနှင့်အတူ ယုံကြည်မှုများလည်း ပျောက်ဆုံးလာ**

အရှေ့အလယ်ပိုင်းဒေသရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး အတ္တလန္တိတ်ကို ဖြတ်ကျော်လာတဲ့ များစွာသောသဘောထားကွဲလွဲမှုတွေအောက်မှာ ပါရီရာသီဥတုသဘောတူစာချုပ်နဲ့ အီရန်နျူကလီးယားသဘောတူစာချုပ်ဟာ ထရန့်ရဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ မသေချာမရေရာမှုတွေ စုပုံများပြားလာချိန်မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ဘရပ်ဆဲလ်က အကြီးအကျယ်ယုံကြည်မှုကင်းမဲ့လာမှုကို လိမ်ညာထားသလို ဖြစ်နေတယ်လို့ နိုင်ငံရေးလေ့လာသူတွေက ထောက်ပြခဲ့ပါတယ်။

အမေရိကန်က နေတိုးအဖွဲ့အပေါ်မှာ အလေးအနက်ထားမှုဟာ အမေရိကန်ဦးဆောင်တဲ့နေတိုးအဖွဲ့ ယန္တရားအောက်မှာ ဥရောပတပ်မတော်တည်ဆောက်မှုအတွင်း ဇက်ကြိုးထိန်းထားဖို့နဲ့ ဥရောပကို ကာကွယ်ရာမှာ အမေရိကန်ရဲ့အခန်းကဏ္ဍကို အားဖြည့်ဖို့ဆိုတဲ့ လိုလားချက်တွေအပေါ်မှာ တည်မှီနေတာဖြစ်တယ်လို့ တရုတ်နိုင်ငံတကာလေ့လာမှုအဖွဲ့မှ ဥရောပဆိုင်ရာလေ့လာမှု ဒါရိုက်တာ ကွီဟုန်ကျန်က ဝေဖန်သုံးသပ်ခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်စေ ဘရပ်ဆဲလ်ဟာ အမေရိကန်ရဲ့ဒေသတွင်းနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တွေအပေါ်မှာ သိပ်လိုလိုလားလား မရှိတော့တဲ့အပြင် အမေရိကန်ရဲ့ နိုင်ငံခြားရေးမူဝါဒအပေါ်မှာ ပြည်တွင်းရေးဆိုင်ရာ အကြောင်းအရာတွေရဲ့ ကုပ်အားကန်အားနဲ့ ပတ်သက်ပြီးတော့လည်း တော်တော်လေး စိုးရိမ်နေပြီဖြစ်တဲ့အတွက် တေလာဆန်ရဲ့ မျှော်မှန်းတွက်ချက်မှုတွေဟာ ပျက်စီးမှု ကြုံရမယ့် ကိန်းဆိုက်နေပါတယ်။

အတ္တလန္တိတ်ရဲ့ နှစ်ဖက်အတွင်းမှာ အပြန်အလှန်တန်ဖိုးထားမှုတွေ ကင်းမဲ့လာမှုနဲ့အတူ တေလာဆန်ရဲ့ ဖြစ်နိုင်ဖွယ် ရာထူးမှနုတ်ထွက်ရတော့မယ့် အခြေအနေကလည်း နီးကပ်လာနေပြီလို့ ကျွမ်းကျင်သူတွေက ခန့်မှန်းတွက်ချက် ပြောဆိုခဲ့ကြပါတယ်။

အခုချိန်မှာ ဥရောပခေါင်းဆောင်တွေ လိုလားနေတဲ့အချက်ကလည်း အမေရိကန်ရဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ တည်ငြိမ်မှုပဲဖြစ်ပါတယ်။ ထရန့်ရဲ့ အမေရိကကို ရှေ့တန်းတင်တဲ့မူဝါဒနဲ့ နေတိုးအဖွဲ့နဲ့ ဥရောပသမဂ္ဂတို့နဲ့ ပတ်သက်ပြီးသဟဇာတမဖြစ်တဲ့ ဖော်ပြချက်တွေက ဥရောပခေါင်းဆောင်တွေကို အခက်တွေ့စေခဲ့တာပါ။

လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေတွေအရဆို အတ္တလန္တိတ်ဖြတ်ကျော်တဲ့ ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းလာအောင် ခြယ်မှုန်းဖို့ဆိုတာဟာ လက်တွေ့မကျတဲ့ အနေအထားမှာပဲ သောင်တင်နေဦးမှာဖြစ်ပြီး တေလာဆန်အနေနဲ့ နှစ်ဦးနှစ်ဖက်ဆက်ဆံရေး ဒီထက်ပိုပြီး ယိုယွင်းမသွားအောင် ထိန်းသိမ်းထားနိုင်သရွေ့ကတော့ ၎င်းရဲ့ ခရီးစဉ်ဟာ အောင်မြင်ဖြစ်ထွန်းတဲ့ ခရီးစဉ်လို့ မှတ်ယူနိုင်မှာ ဖြစ်ပါတယ်။ ။

**ကိုးကား - ရိုက်တာ**

> **“အခုချိန်မှာ ဥရောပခေါင်းဆောင်တွေ လိုလားနေတဲ့ အချက်ကလည်း အမေရိကန်ရဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ တည်ငြိမ်မှုပဲဖြစ်ပါတယ်။ ထရန့်ရဲ့ အမေရိကကို ရှေ့တန်းတင်တဲ့ မူဝါဒနဲ့ နေတိုးအဖွဲ့နဲ့ ဥရောပသမဂ္ဂတို့နဲ့ ပတ်သက်ပြီး သဟဇာတမဖြစ်တဲ့ ဖော်ပြချက်တွေက ဥရောပခေါင်းဆောင်တွေကို အခက်တွေ့စေခဲ့တာပါ”**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(င) ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းနှင့်ဆိုင်သော အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်း၌ ပြောင်းလဲပေးသည့်အခါ ဤပုဒ်မအရ ကုမ္ပဏီအမျိုးအစားပြောင်းလဲမှုသည် အကျိုးသက်ရောက်စေရမည်။ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်စာရင်း၌ပြောင်းလဲပြီးနောက် မှတ်ပုံတင်သက်သေခံလက်မှတ်အသစ်တစ်ခုကို ကုမ္ပဏီသို့ထုတ်ပေးရမည်။ ကုမ္ပဏီ၏အမည်ကို ဤပုဒ်မအရထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်တွင် ဖော်ပြထားသောအမည်အတိုင်း ဖြစ်စေရမည်။

**ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှု**

၅၉။ (က) ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းသည်-

(၁) ဥပဒေအရရပ်တည်နိုင်သည့် အဖွဲ့အစည်းအသစ်တစ်ရပ် ပေါ်ပေါက်လာခြင်းမရှိစေရ၊

(၂) ကုမ္ပဏီတွင်ပါဝင်သူများအဖြစ် ဆောင်ရွက်နိုင်သည့်ကိစ္စရပ်တွင် ကုမ္ပဏီတွင် ပါဝင်သူများအပေါ် သတ်မှတ်သည့်ကိစ္စရပ်မှအပ ကုမ္ပဏီ၏ လက်ရှိပစ္စည်းများ၊ အခွင့်အရေးနှင့် တာဝန်များကို ထိခိုက်ခြင်းမရှိစေရ၊

(၃) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများကသော်လည်းကောင်း၊ ၎င်းတို့အပေါ်တွင်လည်းကောင်း ဆောင်ရွက်နေသည့်တရားစွဲဆိုမှုများကို ထိခိုက်စေခြင်းမရှိစေရ။

(ခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီမှ အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ်သို့ ပြောင်းလဲသည့်အခါတွင်-

(၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အာမခံသူအဖြစ် ကုမ္ပဏီတွင်ပါဝင်သူနှင့် ယခင်ကပါဝင်ခဲ့သူများ၏ တာဝန်ရှိမှုသည် ရပ်စဲပြီး ဖြစ်စေရမည်။

(၂) အာမခံချက်ပေးခြင်း သို့မဟုတ် အာမခံချက်ပေးရန် သဘောတူခြင်းကြောင့် ကုမ္ပဏီတွင်ပါဝင်သူဖြစ်ခဲ့သော ပုဂ္ဂိုလ်သည် ထိုကုမ္ပဏီတွင် ပါဝင်သူအဖြစ်မှရပ်စဲသည်။ သို့ရာတွင် ယင်းတို့သည် ကုမ္ပဏီမှ အစုရှယ်ယာများထုတ်ယူပါက ကုမ္ပဏီတွင်ပါဝင်သူများအဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။

(၃) ပုဒ်မ ၅၈၊ ပုဒ်မခွဲ(က)၊ပုဒ်မခွဲငယ်(၄)၊ပုဒ်မခွဲငယ်စိတ်(ခခ) အရ ဆောင်ရွက်ရန်လိုအပ်သည့် ရေးသားဖော်ပြချက်တွင် ထည့်သွင်းဖော်ပြရန် လိုအပ်သော ကုမ္ပဏီတွင်ပါဝင်သူများ၏စာရင်း၌ သတ်မှတ်ထားသောပုဂ္ဂိုလ်တစ်ဦးဦးသို့ အစုရှယ်ယာများအား ထုတ်ဝေမည်ဆိုလျှင် အောက်ပါကိစ္စရပ်များကိုမှတ်ယူရမည် -

(ကက) အစုရှယ်ယာများအား အဆိုပါပုဂ္ဂိုလ်သို့ ထုတ်ပေးထားကြောင်း၊

(ခခ) ထိုပုဂ္ဂိုလ်က ကုမ္ပဏီတွင်ပါဝင်သူအဖြစ်ဆောင်ရွက်ရန် သဘောတူကြောင်းနှင့်

(ဂဂ) ထိုပုဂ္ဂိုလ်သည် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဖြစ်ကြောင်း။

## အပိုင်း (၃)

## ကုမ္ပဏီ၏ မတည်ငွေရင်းနှင့် စပ်လျဉ်းသည့် အစုရှယ်ယာများ၊ ယင်းနှင့်သက်ဆိုင်သည့်အကြောင်းအရာများ

## အခန်း (၁၁)

## အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များ

### အစုရှယ်ယာ မတည်ငွေရင်း

**အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များအကြောင်း**

၆၀။ (က) ကုမ္ပဏီတစ်ခုတွင် ပါဝင်သူတစ်ဦးဦး၏ အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ဤဥပဒေအရသော်လည်းကောင်း၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ပြဋ္ဌာန်းထားသည့် သို့မဟုတ် ခွင့်ပြုထားသည့် နည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်ခွင့်ရှိသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ဖြစ်စေရမည်။

(ခ) အစုရှယ်ယာတစ်ခုတွင် အမည်ခံတန်ဖိုး သို့မဟုတ် မူရင်းတန်ဖိုးတစ်ရပ်ပါရှိရန်မလို။

**အစုရှယ်ယာများနှင့် ဆက်စပ်ပါရှိသော အခွင့်အရေးများနှင့် လုပ်ပိုင်ခွင့်များ**

၆၁။ (က) ပုဒ်မခွဲ(ခ)နှင့်အညီ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာတစ်ခုသည် အဆိုပါ အစုရှယ်ယာအား ပိုင်ဆိုင်သူသို့ အောက်ပါအခွင့်အရေးများကို ရရှိစေရမည်-

(၁) ကုမ္ပဏီ၏ အစည်းအဝေးတစ်ခုတွင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဆန္ဒမဲကောက်ယူရာ၌ ဆန္ဒမဲတစ်မဲပေးနိုင်ခွင့်၊

(၂) အမြတ်ဝေစုခွဲဝေရာတွင် တူညီသည့်အချိုးအတိုင်းရရှိခွင့်နှင့်

(၃) ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရာတွင် တူညီသည့်အချိုးအတိုင်းရရှိခွင့်။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသောအခွင့်အရေးများကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ၊ အစုရှယ်ယာများထုတ်ဝေခြင်းအတွက် သတ်မှတ်ထားသောစည်းကမ်းချက်များတွင်ဖြစ်စေ ငြင်းပယ်ခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်သည်။

**ကုမ္ပဏီတစ်ခု၏အစုရှယ်ယာများနှင့် အခြားသောငွေချေးသက်သေခံလက်မှတ်များ အမျိုးအစားများ**

၆၂။ (က) အစုရှယ်ယာများနှင့် အခြားသောငွေချေးသက်သေခံ လက်မှတ်များအား ထုတ်ဝေရန်နှင့် အဆိုပါအစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသည့်စည်းကမ်းချက်များအား သတ်မှတ်ရန်အတွက် ကုမ္ပဏီတစ်ခု၏ အခွင့်အာဏာများတွင် ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ၊ အစုရှယ်ယာထုတ်ဝေသည့် စည်းကမ်းချက်များအရဖြစ်စေ အောက်ပါအစုရှယ်ယာများကို ထုတ်ဝေနိုင်သည့် အခွင့်အာဏာများလည်း ပါဝင်သည် -

(၁) အစုရှယ်ယာအမျိုးအစားအမျိုးမျိုး၊

(၂) ပြန်လည်ရွေးနုတ်ရယူနိုင်သော အစုရှယ်ယာများ၊

(၃) မတည်ငွေရင်းခွဲဝေခြင်း သို့မဟုတ် ဝင်ငွေပေးဝေခြင်းနှင့် သက်ဆိုင်သော ဦးစားပေး သို့မဟုတ် ကန့်သတ်ထားသည့် အခွင့်အရေးများပါရှိသော အစုရှယ်ယာများ၊

(၄) အထူးမဲပေးနိုင်သည့် သို့မဟုတ် ကန့်သတ်ချက် သို့မဟုတ် စည်းကမ်းချက်ထားရှိသော မဲပေးနိုင်သည့်အခွင့်အရေးများပါရှိသည့် အစုရှယ်ယာများနှင့်

(၅) မဲပေးနိုင်သည့် အခွင့်အရေးမပါရှိသော အစုရှယ်ယာများ။

(ခ) ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ၊ အစုရှယ်ယာထုတ်ဝေသည့် စည်းကမ်းချက်များအရဖြစ်စေ ကုမ္ပဏီသည် အောက်ပါတို့ကိုလည်း ထုတ်ဝေနိုင်သည် -

(၁) အစုရှယ်ယာရယူရန်အတွက် အော့ပ်ရှင်(option) များ၊

(၂) အစုရှယ်ယာများအဖြစ် ပြောင်းလဲနိုင်သည့် အခြားငွေချေးသက်သေခံလက်မှတ်များနှင့်

(၃) အခြားသောအကျိုးခံစားခွင့်များ။

**အစုရှယ်ယာ ထုတ်ဝေခြင်း**

၆၃။ (က) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ဤဥပဒေနှင့် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တို့နှင့်အညီ ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို မည်သည့်အချိန်တွင်မဆို ဒါရိုက်တာအဖွဲ့ဝင်များကသင့်သည်ထင်မြင်သော စည်းကမ်းချက်များအား သတ်မှတ်၍ ပုဂ္ဂိုလ်တစ်ဦးဦးသို့ ထုတ်ဝေရောင်းချနိုင်သည်။

(ခ) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊တစ်စိတ်တစ်ဒေသဖြစ်စေ ငွေပေးချေရန် ထုတ်ဝေရောင်းချနိုင်သည်။ အစုရှယ်ယာများကို တစ်စိတ်တစ်ဒေသအားဖြင့် ငွေပေးချေပြီး ထုတ်ဝေရောင်းချခဲ့လျှင် အစုရှယ်ယာထုတ်ဝေသည့် စည်းကမ်းချက်၌ မည်သည့်အချိန်တွင် ငွေပေးချေစေရန် တောင်းခံမည်ဖြစ်ကြောင်းနှင့် အစုရှယ်ယာရှင်သည် အဆိုပါတောင်းခံသည့် ငွေအားပေးချေရန် တာဝန်ရှိကြောင်းဖော်ပြပါရှိစေရမည်။

(ဂ) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဒါရိုက်တာများသည် ကုမ္ပဏီ၏ မတည်ငွေရင်းကိုအစုရှယ်ယာများ ထပ်မံထုတ်ဝေရောင်းချခြင်းဖြင့် တိုးမြှင့်ရန်ဆုံးဖြတ်သည့်အခါ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီကပိုင်ဆိုင်ထားသည့် လက်ရှိအစုရှယ်ယာအချိုးအစားအားဖြင့် မည်သည့်အစုရှယ်ယာအမျိုးအစားဖြစ်စေ အဆိုပါအစုရှယ်ယာများကို ၎င်းတို့မှ ဝယ်ယူကမ်းလှမ်းနိုင်ရန် ထည့်သွင်းဖော်ပြနိုင်သည်။

**ထုတ်ဝေသည့် အစုရှယ်ယာများအားတန်ဖိုးသတ်မှတ်ခြင်း**

၆၄။ (က) ထုတ်ဝေရောင်းချမည့် အစုရှယ်ယာများအတွက်တန်ဖိုးကို ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထားသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) အစုရှယ်ယာများ ထုတ်ဝေရောင်းချခြင်းအတွက် တန်ဖိုးသတ်မှတ်ခြင်းကို ငွေသားဖြင့် မပြုလုပ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ခဲ့ပါက ဒါရိုက်တာအဖွဲ့သည်-

(၁) ယင်းအား ပိုင်းခြားသတ်မှတ်နိုင်မည့် လုံလောက်သော အသေးစိတ်ဖော်ပြချက်များဖြင့် တန်ဖိုးသတ်မှတ်ခြင်းအား မှတ်တမ်းတင်ထားရှိရမည်။

(၂) ထုတ်ဝေရောင်းချခြင်းအတွက် တန်ဖိုးသတ်မှတ်မှုအား သင့်လျော်သော လက်ရှိ ငွေတန်ဖိုးဖြင့်ဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်ဆောင်ရွက်မှုနှင့် အကဲဖြတ်မှု အခြေခံများကို မှတ်တမ်းတင်ထားရှိရမည်။ ၎င်းအပြင်

(၃) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင် တန်ဖိုးသတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည် -

(ကက) အစုရှယ်ယာများကို ထုတ်ဝေရောင်းချရန်အတွက် တန်ဖိုးသတ်မှတ်ချက်နှင့် စည်းကမ်းချက်များသည် ကုမ္ပဏီနှင့်ယင်းတွင် တည်ဆဲပါဝင်သူများအတွက် သင့်လျော်မျှတမှုရှိကြောင်း၊

(ခခ) အဆိုပါ တန်ဖိုးသတ်မှတ်မှု၏ လက်ရှိငွေတန်ဖိုးသည် အစုရှယ်ယာများအား ထုတ်ဝေရောင်းချခြင်းအတွက် ရရှိမည့်ဝင်ငွေပမာဏထက် မလျော့နည်းကြောင်း တွေ့ရှိရလျှင်။

(ဂ) အစုရှယ်ယာများထည့်ဝင်မှုနှင့် ထုတ်ဝေမှုအတွက်တန်ဖိုးကိုငွေသားဖြင့် မသတ်မှတ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ပါက ယင်းနှင့်စပ်လျဉ်း၍ ချုပ်ဆိုဆောင်ရွက်သည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အတွက် သက်ဆိုင်ရာဥပဒေအရ တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီ၏စာရင်းစာအုပ်များနှင့် မှတ်တမ်းများတွင် ထိန်းသိမ်းထားရှိရမည်။

၆၅။ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ခ)ပါပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်သည့် ဒါရိုက်တာတစ်ဦးစီသည်ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**ငွေသားဖြင့်မပြုလုပ်ဘဲ တန်ဖိုးသတ်မှတ်ခြင်းနှင့် သက်ဆိုင်သည့် ခြွင်းချက်ကိစ္စရပ်များ**

၆၆။ ပုဒ်မ ၆၄ ၏ ပုဒ်မခွဲ(ခ) သည် အောက်ပါကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) ကုမ္ပဏီ၏ရှယ်ယာများကိုရယူရန် အော့ပ်ရှင် (option) တစ်ခုခုကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ခ) ကုမ္ပဏီ၌ အစုရှယ်ယာများအဖြစ်သို့ ပြောင်းလဲနိုင်သည့် အခြားငွေချေးသက်သေခံလက်မှတ်များကို ပြောင်းလဲသတ်မှတ်ခြင်း၊

(ဂ) ကုမ္ပဏီ၏ သီးသန့်ဘဏ္ဍာငွေမှ အပြည့်အဝပေးချေထားသည့် အစုရှယ်ယာများကို တူညီသော အစုရှယ်ယာအမျိုးအစားအား ပိုင်ဆိုင်ထားသည့် ပါဝင်သူအားလုံးထံသို့ ၎င်းတို့၏အစုရှယ်ယာအရေအတွက် အချိုးအစားဖြင့် အစုရှယ်ယာများအား ထုတ်ဝေရောင်းချခြင်း၊

(ဃ) ကုမ္ပဏီရှိအစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာအမျိုးအစားတစ်ရပ်ရပ်တို့အား အဆိုပါ အစုရှယ်ယာများ သို့မဟုတ် အဆိုပါအမျိုးအစားရှိ အစုရှယ်ယာများနှင့် တူညီသည့် အချိုးအစားအားဖြင့် စုပေါင်းခြင်းနှင့် ပိုင်းခြားခြင်း၊

(င) ကုမ္ပဏီရှိအစုရှယ်ယာများ သို့မဟုတ် အမျိုးအစားတစ်ရပ်ရပ်ရှိ အစုရှယ်ယာတို့အား အဆိုပါအစုရှယ်ယာများ သို့မဟုတ် အဆိုပါအမျိုးအစားရှိ အစုရှယ်ယာများနှင့် တူညီသည့် ရှယ်ယာအချိုးအစားအားဖြင့် ထပ်ဆင့်ပိုင်းခြားခြင်း။

**လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေခြင်းအတွက် တန်ဖိုးသတ်မှတ်ခြင်း**

၆၇။ (က) ကုမ္ပဏီ၏အစုရှယ်ယာများရယူရန်အတွက် အော့ပ်ရှင် (option) များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေရောင်းချမည့်တန်ဖိုးကို ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ထားသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) အော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များအတွက် သို့မဟုတ် အဆိုပါအော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များဖြင့်နောင်တွင်လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာများအတွက် တန်ဖိုးသတ်မှတ်ခြင်းကို ငွေသားဖြင့် မပြုလုပ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ခဲ့ပါက ဒါရိုက်တာအဖွဲ့သည် -

(၁) ယင်းအား ပိုင်းခြားသတ်မှတ်နိုင်မည့် လုံလောက်သော အသေးစိတ်ဖော်ပြချက်များဖြင့် တန်ဖိုးသတ်မှတ်ခြင်းအား မှတ်တမ်းတင်ထားရှိရမည်။

(၂) အော့ပ်ရှင် (option) များ၊ လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ၊ အဆိုပါ အော့ပ်ရှင် (option)များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များဖြင့် နောင်တွင်လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာများတို့အတွက် တန်ဖိုးသတ်မှတ်မှုအား သင့်လျော်သော လက်ရှိငွေတန်ဖိုးဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုသို့ သတ်မှတ်ဆောင်ရွက်မှုနှင့် အကဲဖြတ်မှုအခြေခံများကို မှတ်တမ်းတင်ထားရှိရမည်။ ၎င်းအပြင်

(၃) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ခဲ့လျှင် တန်ဖိုးသတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည် -

(ကက) အော့ပ်ရှင်(option)များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေး သက်သေခံလက်မှတ်များ သို့မဟုတ် အဆိုပါ အော့ပ်ရှင် (option)နှင့်ငွေချေးသက်သေခံလက်မှတ်များဖြင့် နောင်တွင်လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာတို့အတွက် တန်ဖိုးသတ်မှတ်ချက်များ၊ စည်းကမ်းချက်များသည် ကုမ္ပဏီနှင့် ယင်းကုမ္ပဏီတွင်တည်ဆဲပါဝင်သူများအတွက် သင့်လျော်မျှတမှုရှိကြောင်းနှင့်

(ခခ) အဆိုပါတန်ဖိုးသတ်မှတ်မှု၏ လက်ရှိငွေတန်ဖိုးသည်အော့ပ်ရှင် (option)များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အစုရှယ်ယာများအား ထုတ်ဝေရောင်းချခြင်းအတွက် ရရှိမည့် ဝင်ငွေပမာဏထက် မလျော့နည်းကြောင်း။

(ဂ) အော့ပ်ရှင် (option)များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များထည့်ဝင်မှုနှင့် ထုတ်ဝေမှုအတွက်တန်ဖိုးကို ငွေသားဖြင့် မသတ်မှတ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ပါက ယင်းနှင့်စပ်လျဉ်း၍ ချုပ်ဆိုဆောင်ရွက်သည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကို သက်ဆိုင်ရာဥပဒေအရ တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီ၏စာရင်းစာအုပ်များနှင့် မှတ်တမ်းများတွင် ထိန်းသိမ်းထားရှိရမည်။

၆၈။ ပုဒ်မ ၆၇၊ ပုဒ်မခွဲ(ခ)ပါပြဋ္ဌာန်းချက်ကိုလိုက်နာရန် ပျက်ကွက်သည့်ဒါရိုက်တာတစ်ဦးစီသည်ဒဏ်ကြေးငွေကျပ် နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

၆၉။ တာဝန်ရှိမှုအားထိခိုက်စေမည့် အစုရှယ်ယာများထုတ်ဝေခြင်းတွင် သဘောတူညီချက်ရယူရန် အစုရှယ်ယာပိုင်ဆိုင်သူဖြစ်လာမည့်ပုဂ္ဂိုလ်မှ စာဖြင့်ရေးသား၍ ကြိုတင်သဘောတူညီထားခြင်းမရှိလျှင် ကုမ္ပဏီသည် လူပုဂ္ဂိုလ်တစ်ဦး၏တာဝန်ရှိမှုများကို ပိုမိုများပြားလာစေမည့် သို့မဟုတ် ၎င်းအပေါ်တွင်တာဝန်ရှိမှုတစ်ရပ်ရပ် ဖြစ်ပေါ်လာစေမည့် အစုရှယ်ယာတစ်ခုခုအား ထုတ်ဝေခြင်းသည် ပျက်ပြယ်စေရမည်။

**အစုရှယ်ယာများအတွက် ပေးချေရမည့်ငွေပမာဏအသီးသီးအပေါ်တွင် ကုမ္ပဏီက စီစဉ်ဆောင်ရွက်နိုင်မည့် အခွင့်အာဏာ**

၇၀။ ကုမ္ပဏီတစ်ခုသည် ယင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါကိစ္စတစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်သည် -

(က) အစုရှယ်ယာများအတွက် ပေးချေရမည့်ငွေပမာဏနှင့် ပေးချေရမည့် အချိန်ကာလတို့ကို အစုရှယ်ယာပိုင်ရှင်များအကြားခြားနား၍ အစုရှယ်ယာထုတ်ဝေမှုနှင့် သက်ဆိုင်သော စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

(ခ) အစုရှယ်ယာအတွက် ပေးချေရမည့် ငွေပမာဏတစ်စိတ်တစ်ဒေသကို ပေးချေရန် တောင်းဆိုခြင်းမပြုသော်လည်း အစုရှယ်ယာရှင်မှ ၎င်းပိုင်ဆိုင်ထားသည့် အစုရှယ်ယာအတွက် ပေးချေရန်ကျန်ရှိနေသော ငွေပမာဏအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပေးချေပါက လက်ခံနိုင်သည်။

(ဂ) အစုရှယ်ယာတစ်ခုစီအတွက် ပေးချေထားသည့်ငွေပမာဏ အချိုးအစားအလိုက် အမြတ်ငွေခွဲဝေမှုကို ပြုလုပ်နိုင်သည်။

**ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေရန် အချိန်ကာလသတ်မှတ်ခြင်းနှင့် မှတ်တမ်းတင်ထားရှိခြင်း**

၇၁။ (က) အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေသည့်နေ့မှ ၂၁ ရက်အတွင်း ကုမ္ပဏီသည် -

(၁) ကုမ္ပဏီ၏ သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းဖော်ပြရမည်။ ၎င်းအပြင်

(၂) အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။ အဆိုပါအကြောင်းကြားစာတွင် အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းအတွက် ပေးချေသည့်တန်ဖိုးများနှင့် အဆိုပါ အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအတွက် တန်ဖိုးကိုအပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပေးချေပြီးခြင်း ရှိ မရှိတို့အား ထည့်သွင်းဖော်ပြရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၁၁)

**သိပ္ပံစာရေးဆရာကိုကိုအောင်**



ယခုနှစ် ဇွန်လအတွင်းက ဥရုချောင်းရေလျှံမှုကြောင့် ဖားကန့်မြို့နယ်အတွင်း ရေကြီးမှုဖြစ်စဉ်။

**နေရာများပြောင်း ရေဖောင်ဖောင်**

ကမ္ဘာပေါ်ရှိ အရပ်ဒေသအသီးသီးတို့တွင် ရေလွှမ်းမိုးမှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်ကို နိုင်ငံတကာ သတင်းမျက်နှာစာများ၌ တွေ့မြင်နေကြရသည်။ ကမ္ဘာက မိမိဝင်ရိုးပေါ်၌ ၂၄ နာရီလျှင် တစ်ပတ်ကျ လည်ပတ်နေခြင်းနှင့် နေလုံးကြီးကိုလည်း ၃၆၅ ရက်လျှင် တစ်ပတ်ကျ ပုံမှန်လှည့်ပတ်လျက်ရှိနေခြင်း စသော ပထဝီသဘောတရားကြောင့် ကမ္ဘာ့အရပ်ဒေသများတွင် မတူညီသောရာသီဥတုများ ဖြစ်တည်နေရသလို နေ့စဉ်အားဖြင့်လည်း ကွဲပြားသော မိုးလေဝသအခြေအနေများ ဖြစ်ပေါ်လျက်ရှိနေသည်။

**ထိပ်တိုက်ရင်ဆိုင်နေရ**

နေ့စဉ်ကြုံတွေ့နေကြရသော မိုးလေဝသအခြေအနေများသည် သဘာဝယန္တရားကြီးက လည်ပတ်နေခြင်းကြောင့် ဖြစ်ပေါ်လာရသည်ဟု ဆိုသော်လည်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို မတန်တဆ ထုတ်လွှတ်နေခြင်းကဲ့သို့သော လူတို့၏ ပယောဂများက သဘာဝယန္တရားကြီး၏ ပုံမှန်လှုပ်ရှားလည်ပတ်နေမှုအပေါ် လွှမ်းမိုးချုပ်ကိုင်နေခြင်းကြောင့် အစွန်းရောက်ရာသီဥတုများနှင့် ပိုမိုကြုံတွေ့နေကြရကာ ကစဥ့်ကလျားဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများနှင့်လည်း ထိပ်တိုက်ရင်ဆိုင်နေကြရသည်။

ကမ္ဘာ့မြောက်ခြမ်း၌ ရာသီဥတုကောင်းမွန်နေချိန်မျိုးတွင် ကမ္ဘာ့တောင်ခြမ်း၌ အပူလှိုင်းဖြတ်သန်းခြင်းကဲ့သို့သော လွန်ကဲသည့် မိုးလေဝသအခြေအနေများနှင့် ကြုံတွေ့နေကြရသလို ကမ္ဘာ့အရှေ့ခြမ်း၌ ကြည်လင်သာယာသောနေ့များကို ဖြတ်သန်းနေချိန်မျိုးတွင် ကမ္ဘာ့အနောက်ခြမ်း၌ ကြောက်မက်ဖွယ်ကောင်းသော မုန်တိုင်းကြီးများနှင့် ကြုံတွေ့ကြရပြန်သည်။

**ထိပ်ဆုံးနေရာက ရပ်**

ကမ္ဘာ့ပြည်သူတို့၏ ရှင်သန်ရပ်တည်ခြင်းဟူသော လူမှုဘဝများကို ခြိမ်းခြောက်အန္တရာယ်ပြုနေသော သဘာဝဘေးအန္တရာယ်များသည် ကပ်ဆိုးကြီးကျရောက်လာသည့်နှယ် ညှာတာခြင်းတရားကင်းမဲ့စွာဖြင့် လူသားမျိုးဆက်တို့၏ ပစ္စုပ္ပန်ဘဝများနှင့် အနာဂတ်ကိုပါ ဖျက်လိုဖျက်ဆီးလုပ်ဆောင်လျက် ရှိနေကြသည်။ ထိုထိုသော သဘာဝဘေးအန္တရာယ်များအနက် ရေလွှမ်းမိုးမှုဖြစ်စဉ်များသည် နံပါတ်တစ်မဟုတ်သည့်တိုင် ထိပ်ဆုံးနေရာက မားမားမတ်မတ် ရပ်လျက်ရှိနေသည်။

အရပ်ဒေသအချို့၌ ရေဖောင်နေသောမြင်ကွင်းများကို မြင်တွေ့ကြည့်ရှုနေကြရသူတို့က စိတ်မသက်မသာဖြစ်ခြင်းကို ခံစားကြရသကဲ့သို့ မိမိတို့၏အသိုက်အမြုံဖြစ်သော နေအိမ်များကိုစွန့်ခွာလျက် ရေဘေးလွတ်ရာသို့ အသက်လုကာ ပြေးလွှားတိမ်းရှောင်နေရသူတို့၏ ဘဝများကလည်း အလွန်တရာ ပင်ပန်းဆင်းရဲကြသည်။ ထိုသို့ပြေးလွှားရှောင်တိမ်းရင်း မမျှော်လင့်ဘဲ အသက်ဆုံးရှုံးခဲ့ကြရသည်များ ရှိသလို ရုတ်တရက် ရေကြီးရေလျှံဖြစ်မှုကြောင့် ပြေးလွှားရှောင်တိမ်းရန်ပင် အချိန်မရတော့ဘဲ အသက်ပေးလိုက်ရသည့် ဖြစ်ရပ်များစွာတို့ကလည်း ကာယကံရှင် မိသားစုများအတွက် ဖြေမဆည်နိုင်စရာများပင် ဖြစ်တော့သည်။

ရှေးမြန်မာစာဆိုတို့အနေဖြင့် ဝါဆိုဝါခေါင်ရေဖောင်ဖောင်ဟု ဆိုရိုးပြုခဲ့စဉ်တုန်းက ရာသီဥတုဖောက်ပြန်ခြင်းကင်းပြီး မိုးလေဝသလည်း မှန်ခဲ့သည်။ ယခုအခါ၌မူကား မြန်မာနိုင်ငံအတွင်း၌ သီတင်းကျွတ် တန်ဆောင်မုန်း ရေတွေဖုံး ဟူ၍လည်းကောင်း၊ တန်ဆောင်မုန်း နတ်တော် ရေတွေကျော် ဟူ၍လည်းကောင်း ဆိုစမှတ်ပြုကြရမည့်နှယ်ပင် ဖြစ်နေသည်။ ထို့အတူ ကမ္ဘာ့တိုက်ကြီးများရှိ အရပ်ဒေသအသီးသီးတို့၌လည်း အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း၊ ပုံမှန်ရနေကျ မိုးရေချိန်ပမာဏထက် အဆများစွာတိုး၍ ရွာသွန်းခြင်း၊ ရက်ပိုင်းကိုပင် ကျော်လွန်လျက် ရက်သတ္တပတ်များစွာ ဆက်၍ဆက်ကာ မိုးရွာသွန်းခြင်းများကြောင့် နွေလယ်ကောင်၌ ရေကြီးခြင်း၊ ဆောင်းဦးရာသီ၌ ရေလွှမ်းခြင်း၊ မိုးနှောင်းရာသီ၌ ရေဖောင်ခြင်းများကို ကြုံတွေ့နေကြရသည်။

**ရေကြီးစေသောအကြောင်းရင်းများ**

ရေဖောင်စေသော အကြောင်းရင်းအမျိုးမျိုးရှိကြသည့်အနက် မိုးရာသီ၌ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အချိန်အခါမဟုတ် မိုးသည်းခြင်းများကလည်း တစ်တပ်တစ်အား ပါဝင်လျက်ရှိသည်။ အတိတ်ကာလများက ကမ္ဘာ့အရပ်ဒေသအသီးသီးတွင် ရေဖောင်သောဖြစ်ရပ်များ အများအပြားရှိခဲ့ပြီး၊ ထိုဖြစ်ရပ်များ ပေါ်ပေါက်လာရခြင်း၏ အခြေခံအကြောင်းရင်း ဇာစ်မြစ်များအားလုံးကို ခြုံငုံသုံးသပ်ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိကြရမည်ဖြစ်သည်။

(က) မြစ်ရေကြီးခြင်း
(ခ) မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း
(ဂ) မုန်တိုင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်းလုံးကြီးများရိုက်ခတ်ခြင်း
(ဃ) ဆည်နှင့်တမံများ ကျိုးပေါက်ပြိုပျက်ခြင်း
(င) ဆူနာမီဖြစ်ပေါ်ခြင်း
(စ) ရေခဲပြင်များ အရည်ပျော်နှုန်းမြန်ဆန်လာခြင်း
(ဆ) ရေခဲအိုင်များပေါက်ကွဲခြင်း
(ဇ) ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း

မုတ်သုန်လေအား အလွန်ကောင်းသည့်အခါ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးရွာသွန်းမှုအချိန်ကာလ ရှည်ကြာခြင်းများ ဖြစ်ပေါ်မှုကြောင့် ရေဝေဒေသအသီးသီးမှ ထုထည်ပမာဏများပြားလှသော မိုးရေများ အလုံးအရင်းနှင့်စီးဝင်လာပြီး အချိန်တိုအတွင်းမှာပင် မြစ်ရေများလျှံတက်ကာ ပတ်ဝန်းကျင်ဒေသများ၌ ရေလွှမ်းမိုးမှုကို ဖြစ်ပေါ်လာစေသည်။

ကမ်းလွန်ပင်လယ်ပြင်များနှင့် ပင်လယ်အော်များ၌ ဖြစ်တည်လာသော လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းအဖြစ်သို့အသွင်ပြောင်းပြီး ကုန်းတွင်းပိုင်းသို့ ဖြတ်သန်းဝင်ရောက် တိုက်ခတ်သည့်အခါ မုန်တိုင်း၏ အရှိန်သက်ရောက်ရာ မြို့ရွာဒေသများ၌ မိုးသည်းထန်စွာရွာသွန်းစေပြီး ရေလွှမ်းမိုးမှုကို ဖြစ်ပေါ် လာစေနိုင်သည်။ တစ်ခါတစ်ရံ၌ ရက်သတ္တတစ်ပတ်မျှအထိပင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှု ရက်ကာလကြာရှည်ကာ နေအိမ်အဆောက်အအုံများ ပျက်စီးမှောပါခြင်း၊ လူ့အသက်ဆုံးရှုံးရမှုနှင့် ပျောက်ဆုံးမှုများဖြစ်ပေါ်ခြင်း၊ ကျွဲနွားတိရစ္ဆာန်များ ရေနစ်သေဆုံးခြင်း၊ ကောက်ပဲသီးနှံစိုက်ခင်းများ အကြီးအကျယ် ပျက်စီးဆုံးရှုံးခြင်းများနှင့်ပင် ကြုံတွေ့ကြရသည်။

**အလုံးစုံပျက်သုဉ်းမှု ဖြစ်ပေါ်**

မုန်တိုင်းဖြစ်ပေါ်သည့်အခါ မုန်တိုင်းအစပြုတိုက်ခတ်ရာ ပင်လယ်ပြင်၌ ရေမလှိုင်းလုံးကြီးများ ဖြစ်ပေါ်ပြီး ပင်လယ်ကမ်းခြေဆီသို့ အလုံးအရင်းနှင့် ဝင်ရောက်မှုကြောင့် ကမ်းခြေဒေသရှိ ကုန်းတွင်းဧရိယာ အများအပြား ရေလွှမ်းမိုးခြင်းခံရကာ ကမ်းခြေမြို့ငယ်နှင့်ရွာကလေးများ အလုံးစုံပျက်သုဉ်းမှု ဖြစ်ပေါ်ကြရသည်။ ဖြစ်စဉ်အချို့၌မူ မုန်တိုင်းမဖြစ်ပေါ်သည့်တိုင် လေပြင်းတိုက်ခတ်မှုပြင်းထန်သည့် အခါများ၌လည်း လေတိုက်ခတ်နှုန်း အလွန်မြင့်မားမှုကြောင့် ကမ်းခြေ မြို့ရွာများဆီသို့ ဒီရေလှိုင်းကြီးများရိုက်ခတ်ကာ ရေလွှမ်းမိုးခြင်းကို ခံကြရသည်။

မုတ်သုံလေအားကောင်းသော မိုးရာသီကာလ၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့်ဖြစ်စေ၊ ရာသီဥတု ရုတ်ခြည်း ဖောက်ပြန်ပြောင်းလဲမှုကြောင့် အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းသောအခါ၌ဖြစ်စေ အကြိမ်ကြိမ် ပြည့်လျှံတက်လာသော မိုးရေများကြောင့် သို့တည်းမဟုတ် ရေပြည့်လျှံနေမှု ရက်ကာလ ကြာညောင်းလာခြင်းကြောင့် ဆည်၏ခိုင်ခံ့တောင့်တင်းမှုကို ထိပါးလာနိုင်သည့်အရေးနှင့် ကြုံကြရသည့်အခါ ဆည်အိုဆည်ဟောင်းများနှင့် အရည်အသွေးစံမမီသော ဆည်များ၌ ရေဖိအားကို လျှော့ချနိုင်ရန် ဆည်ရေပိုလွှဲပေါက်များကို ဖွင့်ချခြင်းကြောင့်လည်း မြေပြန့်လွင်ပြင်များနှင့် မြစ်ချောင်းများ၌ ရေမျက်နှာပြင် အဆမတန်မြင့်တက်လာကာ ရုတ်တရက်ရေလွှမ်းမိုးမှုကြီး ဖြစ်ပေါ်လာနိုင်သည်။ အကယ်၍ ထိုအခြေအနေမျိုး၌ ဆည်တမံများ ကျိုးပေါက်ပြိုပျက်သွားမည် ဆိုလျှင်မူကား ဖြစ်ပေါ်လာမည့် ရေလွှမ်းမိုးမှုကြီးက မတွေးဝံ့စရာပင်ဖြစ်တော့သည်။

အင်အားပြင်းမြေငလျင်ကြီးများ လှုပ်ခတ်မှုကြောင့် ပင်လယ်ကြမ်းပြင်၌ ကွဲအက်မှုကြီး ဖြစ်ပေါ်သည့်အခါမျိုး၌လည်း ဆူနာမီဖြစ်ပေါ်နိုင်ပြီး၊ အကယ်၍ ဆူနာမီ ဖြစ်ပေါ်ခဲ့လျှင် အလျားအလွန်ကျယ်ပြန့်ပြီး မြန်နှုန်းအလွန်မြင့်မားသော ရေမဆူနာမီလှိုင်းတံပိုးကြီးများက ဦးတည်ရွေ့လျားရောက်ရှိရာ ကမ်းခြေဒေသများကို အလွန်ကြီးမားသော ရေလွှမ်းမိုးမှုကြီး ဖြစ်ပေါ်စေခြင်းဖြင့် တစ်ခဏအတွင်းမှာပင် ဖျက်ဆီးပစ်လိုက်လိမ့်မည် ဖြစ်သည်။

**အရည်ပျော်ကျ**

ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းသည် အစဉ်သဖြင့်ခဲနေသော ဝင်ရိုးစွန်းရေခဲလွှာများနှင့် တောင်ထိပ် ရေခဲပြင်ကြီးများကို အရည်ပျော်ကျနှုန်း မြင့်မားလာစေပြီး၊ ရေခဲလွှာနှင့်ရေခဲပြင်တဖြစ်လဲ ရေချိုထုထည်ပမာဏ အများအပြားတို့ အဆက်မပြတ် စီးဆင်းလာမှုကြောင့်လည်း ရေလွှမ်းမိုးမှုကြီးများကို ဖြစ်ပေါ်လာစေနိုင်သည်။

ထို့အတူ အိုက်စလန်ကျွန်းပေါ်ရှိ မီးတောင်ရှင်များ၏ ထိပ်ပေါ်၌ သဘာဝအလျောက် ဖြစ်ပေါ်တည်ရှိနေသည့် ရေခဲအိုင်များကဲ့သို့သော မီးတောင်ထိပ်ရေခဲအိုင်များသည် မီးတောင် ပေါက်ကွဲပွင့်အန်သည့်အခါ ဆက်စပ်ပေါက်ကွဲမှုဖြစ်ပေါ်ပြီး ရေခဲအိုင်တစ်ဖြစ်လဲ ဆူပွက်နေသည့်ရေများက မြေသားနံရံများကို ထိုးဖောက်ဖြတ်သန်း စီးဆင်းလာခြင်းများကြောင့်လည်း မီးတောင်ဝန်းကျင် အနိမ့်ပိုင်းဒေသများ၌ ရေမရေလွှမ်းမိုးမှုကြီး ဖြစ်ပေါ်လာနိုင်သည်။

အလားတူပင် ကမ္ဘာကြီး ပိုမိုပူနွေးလာမှုဖြစ်စဉ်ကြီး၏ အကျိုးဆက်အဖြစ် ပင်လယ်ရေမျက်နှာပြင် တဖြည်းဖြည်းမြင့်တက်လာခြင်းကြောင့် မော်လ်ဒိုက်ကဲ့သို့သော ကျွန်းစုနိုင်ငံများကို ရေလွှမ်းမိုးမှုများ ကြိမ်ဖန်များစွာ ဖြစ်ပေါ်လာစေနိုင်သည်။ ယခုအခါ မော်လ်ဒိုက်ကျွန်းစုများ၊ မာရှယ်ကျွန်းစုများနှင့် ပစိဖိတ်သမုဒ္ဒရာ ကျွန်းစုများသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းကြောင့် အကြိမ်ပေါင်းများစွာသော ရေလွှမ်းမိုးမှုကြီးများနှင့် ထိပ်တိုက်ရင်ဆိုင်နေကြရသည်။

**ရေလွှမ်းမိုးမှုဖြစ်ရပ်ကြီးများ**

လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ ရေဖောင်သောဖြစ်ရပ်အများအပြား ဖြစ်ပေါ်ခဲ့သည့်အနက် ပျက်စီးဆုံးရှုံးမှုအလွန်ကြီးမားပြီး ကြောက်မက်ဖွယ်အလွန်ကောင်းသည့် ရေလွှမ်းမိုးမှု ဖြစ်ရပ်တချို့ကို လေ့လာသင့်ကြသည်။ တရုတ်နိုင်ငံတွင် ၁၉၅၄ ခုနှစ်ကဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှု ဖြစ်စဉ်များကြောင့် လူ ၃၀၀၀၀ နီးပါး သေဆုံးခဲ့ကြရသလို ၁၉၉၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုကလည်း လူပေါင်း ၂၇၀၀ ကို အသက်ဆုံးရှုံးစေခဲ့ကာ လူသန်းပေါင်းများစွာတို့ကို အိုးအိမ်မဲ့ဖြစ်စေခဲ့သည်။ ထို့အတူ ၁၉၉၈ ခုနှစ်က ဖြစ်ပွားခဲ့သော နိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှုများကြောင့်လည်း လူပေါင်း ၄၀၀၀ ကျော်သေဆုံးကာ သိန်းနှင့်ချီသော မိသားစုတို့ အတိဒုက္ခ ရောက်ခဲ့ကြရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌လည်း ၁၉၇၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုများကြောင့် လူ ၃၀၀၀၀ ခန့် သေဆုံးခဲ့ကြရသလို ၁၉၉၁ ခုနှစ် နိုင်ငံအနှံ့ရေကြီးမှုဖြစ်စဉ်များကြောင့်လည်း လူပေါင်း ၁၄၀၀၀၀ နီးပါးခန့် အသက်ဆုံးရှုံးခဲ့ကြရသည်။

**အသက်ဆုံးရှုံးခဲ့**

အလားတူပင် ၁၉၉၈ ခုနှစ်အတွင်းက ကိုရီးယားနိုင်ငံ၌ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုဖြစ်စဉ်များသည် လူ ၄၀၀ ခန့်ကို အသက်ဆုံးရှုံးစေခဲ့သလို ထိုနှစ်ထဲ၌ ဗီယက်နမ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုများကလည်း လူ ၅၀ ကျော်ကို သေဆုံးစေခဲ့သည်။ ထိုနှစ်ထဲ၌ပင် ပါကစ္စတန်နိုင်ငံ၌ ရေလွှမ်းမိုးမှုကြောင့် လူ ၁၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ကြရသလို ဖိလစ်ပိုင်နိုင်ငံ၌ ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုကြောင့်လည်း လူ ၅၀၀ နီးပါး သေဆုံးခဲ့ကြရသည်။

၁၉၉၈ ခုနှစ်သည် ရေလွှမ်းမိုးမှု အကြီးအကျယ်ဖြစ်ပေါ်သော ပြက္ခဒိန်နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ထိုနှစ်ထဲ၌ ဆူဒန်နိုင်ငံ၌ ရေဘေးကြောင့် လူပေါင်း ၁၄၀၀ သေဆုံးရခြင်း၊ နီပေါနိုင်ငံရေဘေးကြောင့် လူ ၃၀၀၀ ကျော်သေဆုံးရခြင်း၊ ပါပူအာနယူးဂီနီနိုင်ငံရေဘေးကြောင့် လူပေါင်း ၂၂၀၀ အသက်ဆုံးရှုံးရခြင်း၊ ဆလိုဗက်ကီးယားနိုင်ငံရေဘေးကြောင့် လူ ၅၀ ကျော်သေဆုံးရခြင်း၊ ရိုမေနီးယားနိုင်ငံ ရေဘေးကြောင့် လူ ၂၅ ဦးသေဆုံးရခြင်း၊ အာဂျင်တီးနားနိုင်ငံ ရေဘေးကြောင့် လူ ၂၀ သေဆုံးရခြင်း စသည်တို့သည် ၁၉၉၈ ခုနှစ်၏ ကမ္ဘာ့သတင်းမျက်နှာစာများတွင် အနိဋ္ဌာရုံသတင်းများ ဖြစ်ခဲ့ရသည်။

**ရေလွှမ်းမိုးမှုကြောင့်ဖြစ်ရသော ပျက်စီးဆုံးရှုံးမှုများ**

ရေလွှမ်းမိုးမှုကြောင့်ဖြစ်ရသော ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို လေ့လာကြည့်လျှင်လည်း ၁၉၉၃ ခုနှစ်က အမေရိကန်ပြည်ထောင်စု မစ်ဇူရီပြည်နယ်၌ ရေလွှမ်းမိုးမှုကြောင့် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံဖိုးခန့် ဆုံးရှုံးခဲ့ရသလို ၁၉၉၈ ခုနှစ် တရုတ်နိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှုများကြောင့် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံဖိုး ဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ထို့အတူ ၁၉၉၈ ခုနှစ်က ဗဟိုအမေရိကဒေသများ၌ ဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှုများကြောင့် အမေရိကန်ဒေါ်လာ ၇ ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရခြင်း၊ ၁၉၉၅ ခုနှစ် ဂျာမနီနိုင်ငံရေဘေးကြောင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံဖိုး ဆုံးရှုံးခဲ့ရခြင်း၊ ၁၉၉၈ ခုနှစ် အာဂျင်တီးနားနိုင်ငံရေဘေးကြောင့် အမေရိကန်ဒေါ်လာ ငါးဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရခြင်း၊ ၁၉၉၆ ခုနှစ် အီတလီနိုင်ငံရေဘေးကြောင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံဖိုး ဆုံးရှုံးခဲ့ရခြင်း၊ ၁၉၉၈ ခုနှစ် ကိုရီးယားနိုင်ငံရေဘေးကြောင့် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ဖိုး ဆုံးရှုံးခဲ့ရခြင်းနှင့် ၁၉၈၃ ခုနှစ် ပီရူးနိုင်ငံရေဘေးကြောင့် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဖိုး ဆုံးရှုံးခဲ့ရခြင်း၊ ၁၉၇၄ ခုနှစ် ဩစတြေးလျနိုင်ငံရေဘေးကြောင့် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ဖိုး ဆုံးရှုံးခဲ့ရခြင်း၊ ၁၉၉၈ ခုနှစ် ရုရှားနိုင်ငံရေဘေးကြောင့် အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖိုးခန့် ဆုံးရှုံးခဲ့ရခြင်းစသည်တို့ကလည်း သဘာဝဘေးဆိုးကြီးဖြစ်သော ရေလွှမ်းမိုးခြင်းဖြစ်စဉ်များ၏ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော အကျိုးဆက်များပင် ဖြစ်ပေတော့သည်။ ။

**"ရှေးမြန်မာစာဆိုတို့အနေဖြင့် ဝါဆိုဝါခေါင်ရေဖောင်ဖောင်ဟု ဆိုရိုးပြုခဲ့စဉ်တုန်းက ရာသီဥတုဖောက်ပြန်ခြင်းကင်းပြီး မိုးလေဝသလည်း မှန်ခဲ့သည်။ ယခုအခါ၌မူကား မြန်မာနိုင်ငံအတွင်း၌ သီတင်းကျွတ် တန်ဆောင်မုန်း ရေတွေဖုံးဟူ၍ လည်းကောင်း၊ တန်ဆောင်မုန်း နတ်တော် ရေတွေကျော် ဟူ၍လည်းကောင်း ဆိုစမှတ်ပြုကြရမည့်နှယ်ပင် ဖြစ်နေသည်"**

# မကွေး၌ ကလေးစာပေပွဲတော် စည်ကားစွာကျင်းပမည်

**မကွေး ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ပူးပေါင်း၍ မကွေးမြို့ ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက် (သောကြာ၊ စနေနေ့)တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ မကွေးတက္ကသိုလ်ဘက်စုံခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် ကလေးငယ်များအတွက် ပြိုင်ပွဲများအဖြစ် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ မူကြိုကဗျာရွတ်ပြိုင်ပွဲ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ပွဲတော်သို့လာသော ကလေးတိုင်း ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်သည်။

ထို့အပြင် ကလေးများအတွက် ပြခန်းများအဖြစ် ကလေးစာဖတ်ခန်း၊ စာအုပ်ပြခန်း၊ ကာတွန်း၊ ကဗျာပြခန်းနှင့် မျက်လှည့်ပြပွဲ၊ အရုပ်၊ ပန်းအလှပြခန်းနှင့် သင်ကြားပေးခြင်း၊ ယဉ်ကျေးမှုနှင့် ဒေသဆိုင်ရာပြခန်း၊ အာကာသနှင့် စကြဝဠာပြခန်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာပြခန်းနှင့် ကျန်းမာရေးပြခန်းစသည့် အသိပညာပေး ပြခန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကလေးစာပေပွဲတော်ကို ကျင်းပရန် ရက်နီးကပ်လာပြီဖြစ်၍ ပြပွဲသို့ မြို့နယ်အတွင်းမှ ကလေးငယ်များ၊ ကလေးမိဘများ အပါအဝင်မည်သူမဆို လွတ်လပ်ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲကြရန်အတွက် မြေစိုက် ကြော်ငြာပိုစတာကြီးများ စိုက်ထူကာ နွေးထွေးပျူငှာစွာ ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မြန်မာ့ဆယ်မာအူးလ်အွန်ဒုန်စီမံကိန်းအဖွဲ့ စေပုတ်ကေကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ကျောက်ဖြူ ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာအုပ်စု စေပုတ်ကေကျေးရွာ၌ နိုဝင်ဘာလမှစတင်၍ ဒီဇင်ဘာ ၁၁ ရက်အထိ ဆယ်မာအူးလ်ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းအဖွဲ့မှ ဦးဆောင်ကာ စေပုတ်ကေကျေးရွာသူ ကျေးရွာသားများ စုပေါင်းကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ခဲ့ကြသည်။

ဆယ်မာအူးလ် အွန်ဒုန်ကျေးရွာသစ်လူပ်ရှားမှုစီမံကိန်းမှ စီမံကိန်းခွဲတစ်ခုဖြစ်သော လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ တိုးတက်ဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ဆယ်မာအူးလ်စိတ်ဓာတ်ဖြစ်သော လုံ့လ၊ ဝိရိယရှိခြင်း၊ အများနှင့်အတူပူးပေါင်းပါဝင်ခြင်း၊ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လိုစိတ်များ စိတ်ဓာတ် သုံးရပ်ကို အစဉ်အမြဲကိန်းအောင်း ရှင်သန်လျက်ရှိပါကြောင်း၊ ယခု စေပုတ်ကေ ကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်း ပေ ၁၁၀၀ ထိအား ၂၀၁၇ ခုနှစ် ဒုတိယ ဘတ်ဂျက်အတွက် လျာထားလျက်ရှိရာ ယနေ့အထိ ၇၈၈ ပေထိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကျွန်မတို့ စီမံကိန်းကျေးရွာများသည် အခြား ကျေးရွာများအတွက် စံပြဖြစ်အောင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အခြားရွာများကိုလည်း အားကောင်းအောင်ဆောင်ရွက်သွားရာတွင် စိတ်ပိုင်းဆိုင်ရာများကိုလည်း ပြောင်းလဲပြီး ကျေးရွာတိုးတက်အောင် မိမိတို့အားသင်တန်းမှ သင်ယူခဲ့ရသောအတွေ့အကြုံများဖြင့် ကျေးရွာများအား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကွန်ကရစ်ခင်းခြင်းအား မိမိတို့နှင့်ကျေးရွာနေပြည်သူများဖြင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း ဆယ်မာအူးလ် အဖွဲ့ခေါင်းဆောင် ဒေါ်ခင်ဝင်းရွှေထံမှ သိရှိရသည်။ အဆိုပါ စီမံကိန်းအား ကျောက်ဖြူမြို့နယ်တွင် ကျေးရွာငါးရွာမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အစုအဖွဲ့ပိုင်သစ်တောဆိုင်ရာများ ပညာပေးဟောပြော

**မိုင်းယု ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်နေပြည်သူများ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတ တိုးပွားစေရန် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် သစ်တောသစ်ပင်များကို ချစ်ခင်ပြီး ထိန်းသိမ်းတတ်လာစေရန်နှင့် ကြိုးဝိုင်းအတွင်း ကျူးကျော်စိုက်ပျိုးခြင်း မရှိစေရန်အတွက် အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာများ ဟောပြောပွဲကို ဒီဇင်ဘာ ၁၀ ရက်က မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အေးအေးစိုးက ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် အားလပ်ချိန်တွင် စာပေဖတ်ရှုလေ့လာကြရန်နှင့် မိမိတို့၏ သားသမီးများကိုလည်း ငယ်ရွယ်စဉ်မှစပြီး စာဖတ်ဝါသနာပါအောင် ပြုစုပျိုးထောင်ပေးရေး၊ စာဖတ်ခြင်းအလေ့အထမှသည် အလေ့အကျင့်သို့ ရောက်ရှိအောင် ဆောင်ရွက်ပေးကြရန်နှင့် စာဖတ်ခြင်းမှ ရရှိနိုင်သော အကျိုးကျေးဇူးများကို ဟောပြောသည်။



ထို့နောက် သစ်တောဦးစီးဌာနမှ မြို့နယ်တာဝန်ခံတောအုပ် ဦးကျော်အောင်အောင်က သစ်တောကြိုးဝိုင်းအတွင်း သစ်တောသစ်ပင်များ ခုတ်ထွင်ရှင်းလင်း၍ တောင်ယာစပါး၊ ရော်ဘာစိုက်ခင်း၊ ငှက်ပျောစိုက်ခင်းများ ကျူးကျော်စိုက်ပျိုးခြင်းမရှိစေရေးနှင့် ဒေသခံများ၏ စိုက်ပျိုးမြေလိုအပ်ချက်အတွက် ဥပဒေနှင့်အညီ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လျှောက်ထားဆောင်ရွက်စေပြီး သီးနှံသစ်တော ရောနှောစိုက်ပျိုး၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း အသိပညာပေးဟောပြောခဲ့ကာ ကျေးလက်နေပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြပြီး မေးမြန်းချက်များအပေါ် မြို့နယ်သစ်တောတာဝန်ခံက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျေးလက်နေပြည်သူများအား သက်ဆိုင်ရာဌာနများမှ ထုတ်ဝေထားသော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကိုလည်း ခင်းကျင်းပြသခဲ့ကြသည်။ **အေးအေးစိုး(ပြန်/ဆက်)**

# မြန်မာ့ပထဝီဝင်ပညာရပ် ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်၍ အသင်းရုံးချုပ်(ယာယီ)ဖွင့်လှစ်ထား

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ပထဝီဝင်ပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ မြန်မာ့ပထဝီဝင်အသင်းရုံးချုပ်(ယာယီ)ရုံးခန်းကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သိပ္ပံမောင်ဝလမ်း၌ ဒီဇင်ဘာ ၁၀ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

"ဒီအဆောက်အအုံလေးကတော့ ယာယီပေါ့၊ နောက်တော့ ဒီထက်ကောင်းတဲ့ အသင်းရုံးချုပ်ကို ဆောက်ဖို့ လုပ်ဆောင်နေပါတယ်၊ ဒီအသင်းရုံးချုပ် ဖွင့်လှစ်ရခြင်း ရည်ရွက်ချက်ကတော့ ပထဝီဝင်ပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဖို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ ပထဝီဝင်ဘာသာရပ်က ပထဝီဝင်ပညာနဲ့ အထောက်အကူပြုဆောင်ရွက်နိုင်ဖို့၊ ပြည်သူလူထုအတွင်း ပထဝီအသိပညာတွေ၊ အသိသညာတွေ (Geographic Concepts) တိုးတက်ပြန့်ပွားစေဖို့၊ အသင်းသူအသင်းသားအချင်းချင်း ချစ်ခင်ရင်းနှီး ရိုင်းပင်းကူညီမှုရှိစေဖို့၊ နိုင်ငံတကာ ပထဝီဝင်သမဂ္ဂ(IGU)အပါအဝင် ကမ္ဘာပေါ်ရှိ ပထဝီဝင်အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ပြီး ချစ်ကြည်ရင်းနှီးရေး အပြန်အလှန်အကျိုးပြုရေးတို့အတွက် ဆောင်ရွက်ဖို့ ရည်ရွယ်ပြီး ဖွင့်လှစ်တာပါ၊ တစ်ဆက်တည်းမှာပဲ အများပြည်သူလေ့လာနိုင်ဖို့ ဝန်းကျင်ကမ္ဘာစာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ပေးထားပါတယ်"ဟု အသင်းဥက္ကဋ္ဌ ပါမောက္ခဦးမောင်မောင်အေးက ပြောသည်။




အဆိုပါရုံးခန်းဖွင့်ပွဲသို့ မြန်မာ့ပထဝီဝင်အသင်းဥက္ကဋ္ဌ ပါမောက္ခဦးမောင်မောင်အေး၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာအေးကိုနှင့် အသင်းသူ အသင်းသားများ တက်ရောက်ကြပြီး အဆိုပါ ယာယီရုံးခန်းတွင် အသင်းကြီးအနေဖြင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ သင်တန်းများ၊ အများပြည်သူနှင့် ကျောင်းသားကျောင်းသူများ ပထဝီဝင်ပညာဗဟုသုတပြည့်စုံစေရန် ပညာပေးစာစောင်များ၊ ပထဝီဝင်ပညာနှီးနှောပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများကို ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းအောင်ရှိန်၊ ဓာတ်ပုံ-စစ်မှူး**

# မြို့နယ်များ၌ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများ လူထုအခြေပြု၍ ဒုတိယအကြိမ်ထိုးနှံပေး

နိုင်ငံတစ်ဝန်းတွင် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးပေးခြင်းကို ကျောင်းအခြေပြုအဖြစ် နိုဝင်ဘာလအတွင်းက ဆောင်ရွက်ခဲ့ပြီး ယခု ဒီဇင်ဘာ ၁၁ ရက်မှစ၍ ဒုတိယအကြိမ်အဖြစ် ပြည်သူလူထုအခြေပြု အစုလိုက်ထိုးနှံပေးခြင်းလုပ်ငန်းများကို မြို့နယ်အသီးသီး၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေကူ**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့၌ ပြည်သူအခြေပြု ကာကွယ်ဆေးထိုးခြင်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းထွန်းက ကျောင်းအခြေပြု ကာကွယ်ဆေးထိုးသည့် အစီအစဉ်ကို ပြန်လည်သုံးသပ်တင်ပြပြီး ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကာကွယ်ဆေးထိုးပေးရာတွင် အဖွဲ့ ၃၄ ဖွဲ့ခွဲ၍ အသက်ကိုးလမှ ငါးနှစ်အထိကလေးများ၊ ကျောင်းမနေသော ၁၅ နှစ်အောက် ကလေးများနှင့် ကျောင်းအခြေပြုဆေးထိုးပေးစဉ်က ကျန်ခဲ့သော ကျောင်းသားကျောင်းသူများအား ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ဖလမ်း**

ဖလမ်းမြို့နယ်၌ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း ဖွင့်ပွဲကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန ရုံးရှေ့၌ ကျင်းပပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုး၊ ဖလမ်းခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမင်းဇော်အေးနှင့် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးညွန့်တို့က ဖွင့်လှစ်ပေးသည်။ ဖလမ်းမြို့၌ ကာကွယ်ဆေးထိုးခြင်းအစီအစဉ်ကို မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ဆေးထိုးအဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်လျက်ရှိပြီး အသက်ကိုးလမှ ငါးနှစ်အထိကလေးများ၊ ၁၅ နှစ်အောက် ကျောင်းမနေသော ကလေးလူငယ်များ၊ ကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးထိုးရန် လွတ်ကျန်ခဲ့သော ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးပြီး ကာကွယ်ဆေးများ ထိုးပေးလျက်ရှိသည်။

**ခရိုင် (ပြန်/ဆက်)**



**ဆော**

ဂန့်ဂေါခရိုင် ဆောမြို့နယ်၌ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအံ့ထူးလှိုင် ဦးဆောင်သည့် ကျန်းမာရေးဌာနဝန်ထမ်းများက အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ လုပ်အားအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးများထိုးပေးရာတွင် ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ပုံ နည်းလမ်းများ၊ ရောဂါကူးစက်မှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးများနှင့် ကာကွယ်ဆေးထိုးနှံရမည့် အစီအစဉ်များကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး HA(1) ဒေါ်ရှိန်းပိုင်က ရှင်းလင်းပြောကြားပြီး ကာကွယ်ဆေးများ ထိုးပေးလျက်ရှိသည်။ ဆောမြို့နယ်အတွင်း ရပ်ကွက်ငါးခုနှင့် ကျေးရွာ ၁၁၅ ရွာမှ အသက် ငါးနှစ်အောက် ကလေးငယ် ၄၄၈၇ ဦးနှင့် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံရာတွင် ကျန်ရှိနေသေးသည့် ကလေးများအား ကာကွယ်ဆေးများ ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ချောင်းဆုံ**

မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်၌ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းကို ချောင်းဆုံမြို့နယ် ကျန်းမာရေးဌာနနှင့် မိခင်နှင့် ကလေးကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍ ဒီဇင်ဘာ ၁၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများတွင် ကွင်းဆင်းပြီး ကာကွယ်ဆေးများ ထိုးနှံပေးနေခြင်းဖြစ်ကာ လာမည့် ၂၀၁၈ ခုနှစ်တွင်လည်း ဇန်နဝါရီလမှ စတင်၍ ပုံမှန်ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်တွင် အသက် ကိုးလပြည့်ပြီးသည့် ကလေးများအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများ ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ် မိခင်နှင့် ကလေးကျန်းမာရေးဌာန တာဝန်ရှိသူထံမှ သိရသည်။ ချောင်းဆုံမြို့နယ်တွင် ပထမကြိမ်အဖြစ် ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာလအတွင်း ဆောင်ရွက်ခဲ့ရာတွင် အခြေခံပညာကျောင်းပေါင်း ၁၁၁ ကျောင်းမှ အသက် ၁၅ နှစ်အောက် ကလေးများအား ကာကွယ်ဆေးများ ထိုးနှံခဲ့ပြီးဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

**လှိုင်သာယာ**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့နှင့်အတူ World Health Organization၊ ယူနီဆက်ဖ်တို့ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်အတွင်းမှ ရပ်ကွက်၊ ကျေးရွာများ၌ စုရပ်ပေါင်း ၃၁ ခု ဖွင့်လှစ်ထားကာ စုစုပေါင်း ကလေးဦးရေ ခန့်မှန်း ၆၁၄၁ ဦးကို ကာကွယ်ဆေးများ ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စုရပ်များ၌ ကာကွယ်ဆေးများ ထိုးပေးလျက်ရှိရာတွင် မြို့နယ်တာဝန်ရှိသူများက ကြီးကြပ်၍ မြို့နယ်ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များက ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပဲစင်းငုံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**မကွေး ဒီဇင်ဘာ ၁၃**

ပြည်တွင်း ပဲစိုက်ပျိုးသူများ၏ အဓိကထွက်ကုန်ပဲတစ်မျိုးဖြစ်သော ပဲစင်းငုံကို အခြေခံ၍ တာရှည်ခံ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လာနိုင်ပြီး မိသားစုဝင်ငွေ တိုးပွားရရှိလာစေကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပဲစင်းငုံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းကို မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ဒီဇင်ဘာ ၁၁ ရက်မှ စတင်ဖွင့်လှစ်ကာ ၁၅ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံအတွင်း မကွေးတိုင်းဒေသကြီးမှာ ပဲစင်းငုံ စိုက်ဧက ၄၄၄၆၂၆ ရှိပြီး တစ်နှစ်ကို ပဲစင်းငုံ ၈၃၇၆၀၃ တင်း ထွက်ရှိနေပါတယ်၊ ထွက်ရှိလာတဲ့ ပဲစင်းငုံတွေကို ပြည်တွင်း စားသုံးမှုနဲ့ ပြုပြင်တင်ပို့မှုကို ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ပြည်ပကို အများဆုံးတင်ပို့နေတဲ့ အိန္ဒိယနိုင်ငံက အဝယ်ရပ်လိုက်တဲ့အခါ စိုက်ပျိုးတဲ့ တောင်သူတွေမှာ အခက်အခဲတွေ ဖြစ်ပေါ်နေကြပါတယ်၊ ဒါကြောင့် ပြည်သူတွေအနေနဲ့ အာဟာရ ရှိပြီး ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရန် ပဲစင်းငုံကနေ တန်ဖိုးမြှင့် စားသောက်ကုန်တွေ ထုတ်လုပ်တဲ့ သင်တန်းကို ဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်၊ ပဲစင်းငုံကနေ တန်ဖိုးမြှင့်စားသောက်ကုန်တွေ ထုတ်လုပ်ခြင်းဖြင့် ပြည်သူတွေအတွက် အာဟာရရှိတဲ့ စားသောက်ကုန်တွေ ရရှိစေမှာဖြစ်ပြီး တောင်သူတွေအတွက်လည်း တစ်ဖက် တစ်လမ်းမှ အထောက်အကူဖြစ်စေပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က သင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်းစုံမှ သင်တန်းသား ၂၀ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းတွင် ပဲစင်းငုံမှ ခေါက်ဆွဲ၊ အာဟာရမှုန့်၊ ဟင်းခတ်မှုန့်၊ ပဲလမှုန့်၊ ပဲချောင်းအဆိမ့်၊ ပူတင်း၊ ကွတ်ကီး၊ ရွှေကြည်ဆနွင်းမကင်း၊ တိုဟူးခြောက်၊ ကိတ်မုန့်စသည်ဖြင့် တန်ဖိုးမြှင့်စားသောက်ကုန် အမျိုးအစားစုံလင်စွာ ထုတ်လုပ်နည်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေး ကဏ္ဍကြီး (၈)ရပ်အနက် တစ်ခု အပါအဝင်ဖြစ်သော ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် နည်းပညာသင်တန်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေများနှင့်အညီ မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အောက်ဆီဂျင်အသင်းများသို့ အသက်ကယ်အောက်ဆီဂျင်လှူဒါန်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဒုတိယအကြိမ် အောက်ဆီဂျင် အလှူတော်အဖွဲ့များ တွေ့ဆုံပွဲနှင့် လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၇ ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် အောင်သပြေလမ်းနှင့် ဓမ္မာရုံလမ်းထောင့်ရှိ ဝီရိယာဓိက သာသနာ့ဗိမာန်၌ ကျင်းပသွားမည်ဖြစ်ကြောင်း အသက်ကယ်အောက်ဆီဂျင် အလှူတော်အဖွဲ့များထံမှ သိရသည်။

အောက်ဆီဂျင်အလှူတော်အဖွဲ့များ တွေ့ဆုံပွဲနှင့် လှူဒါန်းပွဲကို ရန်ကုန်တိုင်းဒေသကြီးမှ အသင်း ၁၃ သင်းက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ဦးဆောင်အသင်း ၁၃ သင်း၏ မတည်လှူဒါန်းငွေများအပြင် အလှူရှင်များ ပါဝင်လှူဒါန်းသော ငွေများဖြင့် ၁၀ လီတာအိုး အလုံး ၁၃၀၊ ငါးလီတာအိုး အလုံး ၁၀၀၊ မီတာအလုံး ၂၃၀၊ လေပိုက်အချောင်း ၄၀၀၀၊ Novelizen (ခွဲပျော်စက်)အလုံး ၃၀ နှင့် Out Connecter အလုံး ၅၀ တို့ကို အားနည်းသည့် အောက်ဆီဂျင်အသင်းများသို့ လှူဒါန်းသွားရန် စီစဉ်ထားကြောင်း အသက်ကယ်အောက်ဆီဂျင် အလှူတော်အဖွဲ့မှ ဦးတင့်လွင်က ရှင်းပြသည်။ လှူဒါန်းသွားမည့် ပစ္စည်းခြောက်မျိုးကို ကချင်ပြည်နယ်မှ တစ်သင်း၊ ကရင်ပြည်နယ်မှ နှစ်သင်း၊ မွန်ပြည်နယ်မှ ၂၁ သင်း၊ ရခိုင်ပြည်နယ်မှ ခြောက်သင်း၊ ရှမ်းပြည်နယ်မှ ၁၀ သင်း၊ နေပြည်တော်မှနှစ်သင်း၊ တနင်္သာရီမှ တစ်သင်း၊ မကွေးမှ ရှစ်သင်း၊ ပဲခူးမှ ၂၃ သင်း၊ ဧရာဝတီမှ ၃၃ သင်း၊ စစ်ကိုင်းမှ လေးသင်း၊ မန္တလေးမှ ၁၆ သင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၄ သင်းတို့သို့ လှူဒါန်းသွားရန် စီစဉ်ထားကြောင်း သိရသည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံ ဒေသအသီးသီးရှိ အသက်ကယ်အောက်ဆီဂျင် အလှူတော် လှူဒါန်းပွဲနှင့်စပ်လျဉ်း၍ ပါဝင်လှူဒါန်းလိုပါက ၀၉-၇၇၇၇၀၄၄၆၁၊ ၀၉-၇၇၇၇၀၄၄၆၂ နှင့် ၀၉-၇၇၇၇၀၄၄၆၃ တို့ကို ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**မင်းမောင်**

# ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်ရှစ်ဦးအား ပြည်နယ်အစိုးရက ငွေကျပ်လေးသိန်း ချီးမြှင့်ဂုဏ်ပြု

**မြစ်ကြီးနား ဒီဇင်ဘာ ၁၃**

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲကို ပြင်ဦးလွင်မြို့၌ ကျင်းပမည်ဖြစ်ရာ ပြင်ဦးလွင်မြို့သို့ သွားရောက်မည့် ကချင်ပြည်နယ်ကိုယ်စားပြု ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင် ရှစ်ဦးကို ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ငွေကျပ်လေးသိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

"ကြက်ခြေနီဆိုတာ မြန်မာမှာရော ကမ္ဘာမှာပါ သမိုင်းအစဉ်အလာကြီးမားတဲ့ လူမှုအကျိုးပြု အဖွဲ့အစည်းဖြစ်ပါတယ်၊ ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲဆိုတာကလည်း လူမှုကရုဏာလုပ်ငန်းတွေမှာ ထူးချွန်စွာ ပါဝင်ခဲ့တဲ့သူတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ကျင်းပတာဖြစ်ပြီး လူမှုရေးလုပ်ငန်းတွေမှာ ယခုထက် ပိုမိုဦးဆောင် ပါဝင်လာနိုင်စေရေး အချင်းချင်းတွေ့ဆုံ အတွေ့အကြုံဖလှယ်ပြီး ကောင်းမွန်တဲ့အတွေ့အကြုံတွေ ရှိလာအောင် ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ကချင်ပြည်နယ် လူမှုရေးဝန်ကြီးက ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ တက်ရောက်ရန်သွားမည့် တပ်ဖွဲ့ဝင်များအား တိုက်တွန်းအမှာစကားပြောကြားသည်။ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူးကလည်း တပ်ဖွဲ့ဝင်များအား အဓိကအားဖြင့် တပ်ဖွဲ့မှ ချမှတ်ထားသော စည်းကမ်းများကို တစ်သဝေမတိမ်း လိုက်နာကြရန် ထပ်လောင်းမှာကြားခဲ့သည်။

၂၀၁၇ ခုနှစ် ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ကြက်ခြေနီသင်တန်းကျောင်းတွင် ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ငါးရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ၁၉၇၁ ခုနှစ်မှ စတင်ကာ လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော လူမှုစေတနာ့လုပ်အားရှင်များကို ဂုဏ်ပြုသောအားဖြင့် စံပြကြက်ခြေနီစခန်းများ ဖွင့်လှစ်ဂုဏ်ပြုခဲ့ကြပြီး ၁၉၉၃ ခုနှစ်မှ စတင်၍ ထူးချွန် ကြက်ခြေနီတွေ့ဆုံပွဲဟု ပြောင်းလဲဂုဏ်ပြုခေါ်ဝေါ်ခဲ့ကြောင်း၊ ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ တက်ရောက်ခွင့်ရရန်အတွက် မြို့နယ်အဆင့်တွင် ရေးဖြေ ဖြေဆိုပြီး အောင်မြင်သူများကို ပြည်နယ်အဆင့်တွင် ရေးဖြေ၊ စစ်ရေးပြ၊ လက်တွေ့၊ အထွေထွေဗဟုသုတ စသည်တို့ကို စစ်ဆေးကာ ထူးချွန်စွာအောင်မြင်သူများထဲမှ ရှစ်ဦးကို အဆင့်ဆင့် ရွေးချယ်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး(EPN)**

# မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပွဲ ကော့သောင်းမြို့၌ကျင်းပ

**ကော့သောင်း ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာအားကစားလ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ကော့သောင်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီနှင့် မြို့ခံ ခြင်းလုံးအားကစားသမားများ ပူးပေါင်း၍ မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပွဲကို ကော့သောင်းမြို့ မဥ္ဇူသခန်းမရှေ့၌ ဒီဇင်ဘာ ၁၀ ရက် ညပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပွဲတွင် အရှေ့တောင်အာရှရွှေတံဆိပ်ဆုရှင် ဝါသနာလှလင် အောင်စိုးမိုးက မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ကစားနည်းကို မြို့ခံ တနင်္သာရီတိုင်းဒေသကြီး လက်ရွေးစင် ခြင်းလုံးအားကစားသမားများ၊ ဝါသနာရှင်လူငယ်များနှင့်တွဲ၍ အလှခတ်ကစားပြခဲ့ကာ မြို့ခံ ခြင်းလုံးအားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက် အားပေးကြည့်ရှုခဲ့ကြပြီး ခြင်းလုံးအားကစားသမားများအား ဆုငွေများလည်း ပေးအပ်ချီးမြှင့် ဂုဏ်ပြုခဲ့ကြသည်။




မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ကစားခြင်းကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စပြုလာနေသည့် ထိုင်း-မြန်မာနယ်စပ် ကော့သောင်းမြို့၌ ကျင်းပခြင်းဖြင့် ကော့သောင်းမြို့သို့ ဝင်ရောက်လည်ပတ်ကြမည့် နိုင်ငံတကာ ခရီးသွားဧည့်သည်များအနေဖြင့် ခက်ခဲနက်နဲသည့် မြန်မာ့ခြင်းလုံးခတ်ကစားနည်းကို စိတ်ပါဝင်စား လေ့လာလိုစိတ်များနှင့် ခြင်းခတ်ကစားချင်စိတ်များ ဖြစ်ပေါ်လာကြစေရန်၊ ခရီးသွားလုပ်ငန်းများအတွင်း မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ကစားနည်း စိမ့်ဝင်ထိုးဖောက်ခြင်းဖြင့် ကမ္ဘာသို့ ပျံ့နှံ့ သိရှိစေနိုင်ပြီး ထိုမှတစ်ဆင့် နိုင်ငံခြားဝင်ငွေကို တစ်နည်းတစ်ဖုံရှာဖွေပေးနိုင်စေရန် ရည်ရွယ်ချက်များဖြင့်လည်း ခြင်းအလှခတ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ ပင်လောင်းမြို့နယ်၌ ပြုလုပ်

**ပင်လောင်း ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျောင်းသား ကျောင်းသူများအား နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဒီဇင်ဘာ ၁၁ ရက်က စင်းတောင်းကျေးရွာအုပ်စု ထီတလီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပြုလုပ်သည်။

ဟောပြောပွဲတွင် အထက(ခွဲ)ထီတလီ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလှိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းက လွတ်လပ်ရေးနေ့သမိုင်းကြောင်းနှင့် စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများအကြောင်း ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသသည့် 'အရေးကြုံရင် ကြေးမုံရှိတယ်' ဗွီဒီယိုဇာတ်လမ်းခွေ၊ နှစ် ၇၀ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နံရံကပ်စာစောင်၊ နိုင်ငံတော်အကြီးအကဲများ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်း နံရံကပ်စာစောင်နှင့် ပညာပေးကာတွန်းဗီနိုင်းများကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# မိုးများသဖြင့် ကျေးရွာချင်းဆက်လမ်း ပျက်စီးမှုကို ပြုပြင်ပေးရန် ဒေသခံများ လိုလားနေ

**ဗန်းမောက် ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တွင် ဒီဇင်ဘာ ဒုတိယပတ်အတွင်း အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် ကျွဲကောကုန်းကျေးရွာနှင့် ဗန်းမောက်မြို့ကြား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် ကားလမ်းမကြီးတွင် ရွှံ့အိုင်များဖြစ်ပေါ်ကာ လမ်းများပျက်စီးနေပြီး လမ်းပန်းဆက်သွားလာရေးတွင်လည်း အခက်အခဲများဖြစ်ပေါ်နေကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

"မိုးရွာတာက အချိန်အခါမဟုတ်ဆိုတော့ ကျွဲကောကုန်းကျေးရွာကိုသွားတဲ့လမ်းက မကောင်းတော့ဘူး၊ ရွှံ့ဗွက်တွေရှိနေတော့ ကျောင်းသွားကျောင်းပြန်ကလေးတွေအတွက်ရော၊ ဒေသခံတွေအတွက်ရော သွားလာရေးမှာ မကောင်းဖြစ်နေတယ်၊ လမ်းကိုပြန်လည် ပြုပြင်ပေးစေလိုပါတယ်"ဟု အောင်သာကုန်းကျေးရွာမှ ဒေသခံတဦးက ပြောသည်။

ထိုကျေးရွာချင်းဆက်လမ်းသည် အောင်သာကုန်း၊ ကျွဲကောကုန်း ကျေးရွာတို့မှ ပြည်သူများ ဗန်းမောက်မြို့သို့ဆက်သွယ်ရာတွင် အားထားနေရသည့် အဓိကလမ်းမကြီးတစ်ခုဖြစ်နေသလို ဗန်းမောက်မြို့ကို ဝန်းရံလျက်ရှိသော လမ်းလည်းဖြစ်၍ ယခု လမ်းများ ပျက်စီးနေချိန်တွင် သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ပြန်လည်ပြုပြင်ပေးရန် ကျေးရွာနှစ်ရွာမှ ဒေသခံများက လိုလားနေကြကြောင်း သိရသည်။

**သန်းမောင်လေး**



# ကျေးရွာရေရရှိရေးအတွက် မိမိတို့ပိုင်မြေနေရာများတွင် ထာဝရ ရေပဒေသာပင် စိုက်ထူနိုင်

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှ နှစ်စဉ် နွေရာသီရေရှားပါးမှုကို ကြုံတွေ့နေရသော ကျေးရွာများ၌ ရေရှားပါးပြတ်လပ်မှု အခက်အခဲ ပြေလည်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နှစ်စဉ် ရေလှူဒါန်းမှုများ ဆောင်ရွက်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နွေရာသီကာလ ပုံမှန်ရေပြတ်လပ်နိုင်သည့် ကျေးရွာများအတွက် ကျေးလက်ရေရရှိရေးမဟာဗျူဟာများ ရေးဆွဲ၍ ရေတို၊ ရေရှည် စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ရေရရှိရေး မဟာဗျူဟာ ရေရှည်စီမံချက်များအရ ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၅ ရွာတွင် တွင်းတိမ် ခုနစ်တွင်း၊ တွင်းနက် ရှစ်တွင်းနှင့် ရေပေးဝေရေး စင်မြင့်ရေကန် ရှစ်ကန်၊ လက်တူးတွင်း ခုနစ်တွင်း၊ မြေသားရေကန် တစ်ကန်တို့ အပါအဝင် ကျေးလက်ရေရရှိရေးလုပ်ငန်းစု ၂၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာနိုင်ခဲ့ခြင်းအပေါ် ကျေးရွာနေပြည်သူများမှလည်း ဝမ်းမြောက်ဝမ်းသာ ပူးပေါင်းဆောင်ရွက်မှုများ ရှိလာခဲ့ကာ ကျေးရွာရေပေးရေးဆောင်ရွက်ရန် လိုအပ်သည့် မိမိတို့ပိုင်ခြံဝင်းများမှ မြေနေရာများကိုပါ သဒ္ဒါတရားထက်သန်စွာဖြင့် လှူဒါန်းပေးခြင်းများ ရှိလာကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ဘားအံမြို့နယ် ကျုံမသွယ်ကျေးရွာအုပ်စု ဘန့်ဘွေးကုန်းမှာ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပေးဝေရေးဆောင်ရွက်နိုင်ဖို့အတွက် စက်ရေတွင်းတူးဖို့ရယ်၊ စင်မြင့်ရေကန်ဆောက်ဖို့ရယ် နေရာရွေးချယ်ဖို့ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့နဲ့ ကျေးရွာလူထု ညှိနှိုင်းတိုင်ပင်ပြီး နေရာရွေးချယ်ကြတာ၊ အဲဒီရွာက ဦးစောမြသန်းနဲ့ ဒေါ်နန်းအေးမြိုင်တို့က သူတို့ပိုင်မြေတွေထဲက ပေ (၃၀ × ၅၀) မြေကို စက်ရေတွင်းနဲ့ စင်မြင့်ကန်ဆောက်ဖို့ အများပိုင် ထာဝရသုံးစွဲနိုင်ဖို့အတွက် ရပ်ရွာအုပ်ချုပ်ရေးမှူးတွေရှေ့မှာ လက်မှတ်ထိုး လှူဒါန်းပေးခဲ့ပါတယ်၊ အဲဒီလိုပဲ သံလွင်အနောက်ဘက်ခြမ်း အထက်ကော့ရင်း ကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာက ဖထီးစောအောင်မြွှယ် အမိုးဒေါ်နန်းတင်ညွှန့်နဲ့ သမီးဖြစ်သူ နန်းမိအေးညိုတို့ကလည်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ရပ်မိရပ်ဖတွေ သက်သေတည်ပြီး သူတို့ကျေးရွာရေရရှိရေး ရေပေးဝေရေးအတွက် စက်ရေတွင်းနဲ့ စင်မြင့်ကန်ဆောက်ဖို့ သူတို့ပိုင်တဲ့မြေထဲက ပေ (၃၀ × ၄၀) မြေကို ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူတွေရှေ့မှာ နိုဝင်ဘာလအတွင်းက လက်မှတ်ရေးထိုး လှူဒါန်းပေးခဲ့ပါတယ်" ဟု ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောသည်။

ဘားအံမြို့နယ်အတွင်း ကျေးလက်ဒေသများ ရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေရှည်စီမံချက်များရေးဆွဲ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း ၁၀၀ ကျော် အသုံးပြု၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးရွာများမှ ပြည်သူများအနေဖြင့်လည်း စက်ရေတွင်းများနှင့် စင်မြင့်ကန်များ တည်ဆောက်နိုင်ရေးအတွက် မိမိတို့ပိုင်ဆိုင်သည့် မြေများကို လှူဒါန်းခြင်းဖြင့် ထာဝရရေအလှူ ပဒေသာပင် စိုက်ထူနိုင်ကြကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**



ရေရရှိရေးဆောင်ရွက်ရန်အတွက် မြေနေရာကို အလှူရှင်က လက်မှတ်ထိုးလှူဒါန်းစဉ်။



လူထုအခြေပြုစင်တာ တစ်ခုအဖြစ် မြင်းခြံမြို့နယ် ပန်းချီ၊ ပန်းပုအစည်းအရုံးက ထနောင်းလွင်ပြင် ပန်းချီပြပွဲကို မြင်းခြံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ ရေဆေး၊ ဆီဆေး၊ 3D၊ ခဲခြစ် လက်ရာများနှင့် ပန်းပုအနုပညာလက်ရာများကို ကျောင်းသား ကျောင်းသူများ၊ ပန်းချီပညာနှင့် ပန်းပုပညာကို စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုကြစဉ်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကျောက်မှုန့်မြေဩဇာကို စနစ်တကျအသုံးပြုရန် မြေပဲစိုက်တောင်သူများအား ကွင်းဆင်းသရုပ်ပြသ

**ဘားအံ ဒီဇင်ဘာ ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှ မြေပဲစိုက်တောင်သူများအနေဖြင့် ဆောင်းမြေပဲစိုက်ပျိုးကြရာတွင် ၄၅ ရက်သားအရွယ် ဥစွယ်ချချိန်၌ ကျောက်မှုန့်မြေဩဇာသုံးစွဲသည့်အခါ စနစ်တကျအသုံးပြုရန် ကွင်းသရုပ်ပြပွဲကို ကော့လိုက်ကျေးရွာရှိ တောင်သူဦးချစ်မြိုင်၏ မြေပဲစိုက်ခင်း၌ ဒီဇင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် မြေပဲစိုက်တောင်သူများအနေဖြင့် ကျောက်မှုန့်မြေဩဇာကို စနစ်တကျ အသုံးပြုတတ်စေရန်အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက မြေပဲခင်းများအတွင်း မြေဩဇာထည့်သွင်းအသုံးပြုမှုများကို လက်တွေ့သရုပ်ပြခဲ့ကြပြီး တောင်သူများကလည်း လက်တွေ့ပြုလုပ် လေ့လာခဲ့ကြသည်။

"ကျောက်မှုန့်မြေဩဇာကိုသုံးတဲ့နေရာမှာ မြေပဲစစိုက်ပျိုးတဲ့အချိန်နဲ့ မြေပဲစိုက်ပြီး ၄၅ ရက်ကြာတဲ့အချိန်မှတစ်ခါ နှစ်ကြိမ်ကျွေးရတယ်၊ မြေဩဇာမှာက ဆာလ်ဖာနဲ့ ကယ်လ်ဆီယမ် နှစ်မျိုးပါတဲ့အတွက် မြေရဲ့အချဉ်ဓာတ်ကို ပြုပြင်ပေးသလို မြေပဲအထွက်နှုန်း၊ ဆီထွက်နှုန်းနဲ့ ဥကြီးထွားမှု ပိုကောင်းတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းဦးက ပြောသည်။

အဆိုပါ ကျောက်မှုန့်မြေဩဇာကို မြေပဲစိုက်ခင်း တစ်ဧကလျှင် ပေါင် ၂၀၀ အထိ ထည့်သွင်းသုံးစွဲရမည်ဖြစ်ကာ အသုံးပြုရာတွင် မြေဩဇာကို ပင်စည်ထိအောင် သုံးစွဲပေးရမည်ဖြစ်ပြီး ကျောက်မှုန့်မြေဩဇာသည် မြေပဲပင်အပါအဝင် ဥထွက်သီးနှံများအတွက် အကောင်းဆုံးသော မြေဩဇာတစ်မျိုးဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် မြေပဲသည် တောင်သူများ စီးပွားဖြစ်စိုက်ပျိုးနေကြသော သီးနှံတစ်မျိုးဖြစ်ရာ ကော့လိုက်ကျေးရွာတွင် မြေပဲစိုက်တောင်သူ ၁၂၀ ကျော်ရှိပြီး စိုက်ဧက ၈၀၀ ကျော်ရှိနေသည်။ ဘားအံမြို့နယ်အတွင်း၌ မြေပဲစိုက်ဧက ၆၀၀၀ ကျော်ရှိနေပြီး ထွက်ရှိသောမြေပဲများကို ထိုင်းနိုင်ငံသို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ဘားအံမြို့နယ်အတွင်း လက်ရှိ မြေပဲဈေးနှုန်းများအရ မြေပဲအဖြူမှာ တစ်ပြည်လျှင် ကျပ် ၃၅၀၀ နှင့် မြေပဲအနီမျိုးမှာ တစ်ပြည်လျှင် ကျပ် ၃၁၀၀ နှုန်း ပေါက်ဈေးရှိနေကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ပြည်သူများလျှပ်စစ်မီး ပြည့်ဝစွာသုံးစွဲနိုင်ရေး လက်ပံတန်းမြို့တွင် လျှပ်စစ်ထရန်စဖော်မာများ လဲလှယ်တပ်ဆင်ပေး

**လက်ပံတန်း ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ကျွန်းကလေး ဓာတ်အားခွဲရုံတွင် ဒီဇင်ဘာ ၇ ရက်က တိုင်း၊ ခရိုင် လျှပ်စစ်အင်ဂျင်နီယာတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်စိုးနှင့် ဝန်ထမ်းများသည် 33/11KV၊ 5 MVA ထရန်စဖော်မာအား 10 MVA ထရန်စဖော်မာကြီးဖြင့် လဲလှယ်တပ်ဆင်ပြီး ညနေ ၆ နာရီ မိနစ် ၅၀ တွင် ဓာတ်အားပုံမှန်ဖြန့်ဖြူးနိုင်ခဲ့ သည်။

ထရန်စဖော်မာလဲလှယ်တပ်ဆင်ပေးခြင်းကြောင့် မြို့ပေါ် လေးရပ်ကွက်နှင့်ကျေးရွာ ၅၇ ရွာ ဓာတ်အားသုံးစွဲသူ ၇၈၆ ဦးတို့မှာ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ကြောင်း သိရသည်။

**အောင်ဆင့်**



# လျှပ်စစ်ဓာတ်အားကွန်ရက် ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ လူထုတွေ့ဆုံပွဲ ကျင်းပ

**ကလိန်အောင် ဒီဇင်ဘာ ၁၃**

မော်လမြိုင်-ရေး-ထားဝယ် လျှပ်စစ်ဓာတ်အားကွန်ရက် ဖွံ့ဖြိုးရေးစီမံကိန်းအရ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးလုပ်ငန်းကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေနှင့် ပတ်သက်၍ လူထုတွေ့ဆုံပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၁ ရက်က ကျင်းပသည်။

လူထုတွေ့ဆုံပွဲတွင် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ Social Consultant ဒေါ်ခင်မိုးမိုးအောင်က အာရှဖွံ့ဖြိုးရေးဘဏ်၏ ကူညီဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းကြောင့် ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများ ကျရောက်မှုမရှိရန် တတ်နိုင်သမျှ ကာကွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဒေသနှင့်အဆင်ပြေကိုက်ညီသည့် လူထုဆက်သွယ်ရေးနည်းလမ်းများ အသုံးပြု၍ အများပြည်သူသို့မျှဝေသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ "လုပ်ငန်းစတင်ပြီဆိုတာနဲ့ စီမံကိန်းဧရိယာအတွင်းထဲမှာပါတဲ့ ဒေသခံတွေရဲ့အသီးအနှံအပင်များ၊ ပျက်စီးဆုံးရှုံးမှုကို ဒေသဈေးကွက်အတိုင်း အာရှဖွံ့ဖြိုးရေးဘဏ်က သတ်မှတ်ထားတဲ့စံနှုန်းနှင့်အညီ ပေးလျော်သွားမှာပါ"ဟုလည်း ၎င်းက ဆက်ပြောသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက မော်လမြိုင်-ရေး-ထားဝယ် လျှပ်စစ်ဓာတ်အားကွန်ရက်ဖွံ့ဖြိုးရေးစီမံကိန်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးလုပ်ငန်းအခန်းကဏ္ဍနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများက စီမံကိန်းအပေါ် လူထုဝေဖန်သုံးသပ်ချက်၊ စီမံကိန်း၏ မျှော်မှန်းရသော ရလဒ်များ၊ စီမံကိန်း၏ မျှော်မှန်းရသော ထိခိုက်မှုများ စသည်တို့ကို ဝေဖန်အကြံပြုကြကာ ပြည်သူများ၏ မေးမြန်းမှုများကိုလည်း တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မော်လမြိုင်-ရေး-ထားဝယ် လျှပ်စစ်ဓာတ်အားကွန်ရက်ဖွံ့ဖြိုးရေးစီမံကိန်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးလုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ဖြစ်နိုင်ခြေလေ့လာဆန်းစစ်ခြင်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလထဲတွင် ပြီးစီးရန် ဆောင်ရွက်မည်ဖြစ်ပြီး အစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့က စီမံကိန်းဝေဖန်သုံးသပ်ခြင်းနည်းစဉ်ကို ၂၀၁၈ မတ်လမှ စက်တင်ဘာလအထိ ဆောင်ရွက်မည်ဖြစ်ကာ တည်ဆောက်ခြင်းလုပ်ငန်း စတင်ချိန်မှာ ၂၀၁၉ ခုနှစ်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းပြီးစီးမှုမှာ ၂၀၂၅ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




MPT
ရွှေသို့လှမ်းချီမြန်မာပြည်
အကြီးကျယ် အခမ်းနားဆုံး
ပျော်ရွှင်ကံထူး နှစ်သစ်ကူး
အထူးဆုကံထူးရှင်ရွေးချယ်ပွဲကြီး
၂၀၁၇ ဒီဇင်ဘာလ ၁၃ ရက် မှ ၂၀၁၈ ဇန်နဝါရီလ ၄ ရက် အထိ
အဆင့်မြင့်ကွန်ဒိုမီနီယမ်အသစ်
GALAXY
TOWERS at STAR CITY
Toyota VIOS Brand New ကား(၃)စီး
iPhone X (၃၀)လုံး
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယနိုင်ငံ၏ လှူဒါန်းမှုဖြင့် စစ်တွေ ပြည်သူ့ဆေးရုံကြီးအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၉-၁၂-၂၀၁၇ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၁-၂၀၁၈ရက် မွန်းလွဲ ၀၂:၀၀နာရီ

**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၁၁၅၁၀/၀၆၇-၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မုံရွာ စီးပွားရေးတက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ မုံရွာ စီးပွားရေးတက္ကသိုလ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လျှောက်လွှာပုံစံများကို မုံရွာ စီးပွားရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနခွဲတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် တစ်လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော ၂လက်မ×၁လက်မခွဲ အရွယ်ဓာတ်ပုံ(၃) ပုံကို ပူးတွဲလျက် ၁၅-၁၂-၂၀၁၇ရက်မှစ၍ ၂၉-၁၂-၂၀၁၇ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

**အစမ်းလေ့ကျင့်မည့်ရက်**
**(၁၈-၁-၂၀၁၈) ကြာသပတေးနေ့ နံနက်ပိုင်း (၀၉:၀၀)နာရီ**
**ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက် (၂၀-၁-၂၀၁၈) စနေနေ့**

| **ပထမပိုင်း (၁၀:၀၀)နာရီ** | **ဒုတိယပိုင်း (၁၄:၀၀)နာရီ** |
|---|---|
| အပ်နှင်းမည့်ဘွဲ့အမျိုးအစားနှင့်ခုံအမှတ် ပါရဂူဘွဲ့ (ဝါဏိဇ္ဇဗေဒ၊ ဘောဂဗေဒ) ဂုဏ်ထူးတန်းဘွဲ့ (ဘောဂဗေဒ၊ စာရင်းကိုင်ပညာ) ဝါဏိဇ္ဇဗေဒဘွဲ့ (B & F) စာရင်းကိုင်ပညာဘွဲ့ စာရင်းအင်းပညာဘွဲ့ (စစ-၁မှ စစ-၆၁ထိ) | အပ်နှင်းမည့်ဘွဲ့အမျိုးအစားနှင့် ခုံအမှတ် မဟာဘွဲ့ (ဝါဏိဇ္ဇဗေဒ၊ ဘောဂဗေဒ) ဂုဏ်ထူးတန်းဘွဲ့ (ဝါဏိဇ္ဇဗေဒ) ဖွံ့ဖြိုးမှုပညာဘွဲ့လွန် ဒီပလိုမာ (Dip.DS 10th Batch) စာရင်းအင်းပညာဘွဲ့ (စစ-၆၂ မှ ပြင်ပ စစ-၁ထိ) |

**အစမ်းလေ့ကျင့်မည့်ရက်**
**(၁၈-၁-၂၀၁၈) ကြာသပတေးနေ့ မွန်းလွဲ (၁:၀၀)နာရီ**
**ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက် (၂၁-၁-၂၀၁၈) တနင်္ဂနွေနေ့**

| **တတိယပိုင်း (၁၀:၀၀)နာရီ** | **စတုတ္ထပိုင်း (၁၄:၀၀)နာရီ** |
|---|---|
| အပ်နှင်းမည့်ဘွဲ့အမျိုးအစားနှင့်ခုံအမှတ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA 15th Batch, MPA 16th Batch) ဂုဏ်ထူးတန်းဘွဲ့ (စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ စာရင်းအင်းပညာ) ဘောဂဗေဒဘွဲ့(စဘ-၁မှ စဘ-၅၄ထိ) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (HRM) | အပ်နှင်းမည့်ဘွဲ့အမျိုးအစားနှင့် ခုံအမှတ် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့ (MBA 15th Batch, MBA 16th Batch) ဝါဏိဇ္ဇဗေဒဘွဲ့ (HRM) ဘောဂဗေဒဘွဲ့ (စဘ-၅၅ မှ စဘ-၁၀၆ထိ) စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာဘွဲ့ (MM) |

၂။ ဘွဲ့နှင်းကြေးတက်ရောက်ဘွဲ့အတွက် ကျပ် ၁၅၀၀၀/-နှင့် အဝေးရောက်ဘွဲ့ကြေးအတွက် ကျပ် ၁၀၀၀၀/-ကို ပေးသွင်းရမည်။

၃။ ဘွဲ့လျှောက်လွှာများကို ကာယကံရှင်ကိုယ်တိုင်ဖြည့်စွက်၍ ဖြည့်စွက်ထားသည့်အချက်အလက်များ မှန်ကန်ကြောင်းခံဝန်ချက်နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်မူရင်း၊ မိတ္တူများနှင့် ပူးတွဲတင်ပြရမည်။

၄။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

၅။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁၆-၁-၂၀၁၈ ရက်မှစတင်၍ မုံရွာ စီးပွားရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့တက်ရောက်ယူရန် ပျက်ကွက်သောသူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုသောအချက်အလက်များရှိပါက မုံရွာ စီးပွားရေး တက္ကသိုလ်သင်တန်းနေရာဌာန ဖုန်း-၀၇၁-၂၃၆၅၈၊ ၀၉-၃၃၀၃၉၉၅၇ နှင့် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနခွဲတို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** ။အခြားပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

**ယဉ်မင်းသန့် (ဌာနမှူး၊ သင်တန်းရေးရာ)**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## CLAIMS DAY NOTICE
## M.V ASIAN LEADER VOY:NO (21)

Consignees of cargo carried by M.V ASIAN LEADER VOY: NO (21) are here by notified that the vessel will arrive on about 15-12-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူခြင်းနှင့် လုပ်ငန်းတစ်ရပ်လုံး တင်ဒါဆောင်ရွက်ခြင်းလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံရယူရမည့်နေရာ** | - | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့ |
| **တင်ဒါပုံစံယူရမည့်ရက်** | - | ၁၄-၁၂-၂၀၁၇ မှ ၂၇-၁၂-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - | ၂၈-၁၂-၂၀၁၇ ရက် (ကြာသပတေးနေ့) ၁၂:၀၀ နာရီ |
| **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - | ၂-၁-၂၀၁၈ ရက် (အင်္ဂါနေ့) ၉:၀၀ နာရီ |
| **တင်ဒါဖွင့်လှစ်မည့်နေရာ** | - | တိုင်းဒေသကြီး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံး၊ ရုံးကြီးရပ်၊ မုံရွာမြို့ |

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၁၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ကျွမ်းကျင်မှုအခြေပြုပုံမှန်သင်တန်းများအတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအထောက်အကူပြု ပုံမှန်သင်တန်းများကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါ သင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| **စဉ်** | **သင်တန်းအမည်** | **လက်ခံမည့်ဦးရေ** |
|---|---|---|
| (က) | ချည်မျှင်နှင့်အထည်အလိပ်ဒီပလိုမာ (၁)နှစ် သင်တန်း | ၃၀ ဦး |
| (ခ) | ရိုးရာလွန်းရာကျအချိတ် (၆)လ သင်တန်း | ၅ ဦး |
| (ဂ) | လက်ရက်ကန်း (၆)လ သင်တန်း | ၁၀ ဦး |
| (ဃ) | ရွှေချည်၊ ငွေချည်ထိုး (၃)လ သင်တန်း | ၅ ဦး |

၂။ သင်တန်းဝင်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့်ပြည့်စုံ ရမည်-

(၁) အမှတ်စဉ်(က) သင်တန်းအတွက် အထက်တန်းအောင်မြင်ပြီးဖြစ်ရမည်။

(၂) အမှတ်စဉ်(ခ)၊ (ဂ)၊ (ဃ) သင်တန်းများအတွက် အခြေခံပညာ မူလတန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

(၃) အမှတ်စဉ်(ခ) သင်တန်းအတွက် အမျိုးသမီးများသာ လျှောက်ထား နိုင်သည်။

၃။ အောက်ပါလိပ်စာနှင့် E-mail တို့တွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်- ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(အမရပူရမြို့)

**ဆက်သွယ်ရန်ဖုန်း** - ၀၂-၄၀၅၉၉၆၄၊ ၀၂-၄၀၇၀၄၂၈၊ ၀၂-၄၀၅၆၀၄၁၊ ၀၉-၄၄၀၀၆၁၇၂

E-mail:mmsaunder@gmail.com

၄။ သင်တန်းတိုင်းအတွက် အဆောင် အခမဲ့၊ ရေ၊ မီး အပြည့်အစုံနေထိုင်ခွင့်ပြုပြီး ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀/- ချီးမြှင့်ပါမည်။

၅။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ပါဝင်စားပြီး သတ်မှတ်အရည်အချင်းရှိသူများအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ လက်ခံသွားမည် ဖြစ်ပါသည်။

**ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**၂၀၁၇ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၆၃၅**

| | | |
|---|---|---|
| ဦးအောင်လှဝင်း (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ယဉ်ယဉ်သိန်းမောင်) | **နှင့်** | ဒေါ်ကြည်မြိုင် (၎င်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်ပြည့်ပြည့်မွန်) ပါ-၅ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

၂၀၁၇ခုနှစ် ဇူလိုင် ၂၀ရက်စွဲပါ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမပြင်ဆင်မှုအမှတ်-၁၂၉/၂၀၁၇၏ အမိန့်မှပြင်ဆင်မှု လျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ (၃) ဦးဝင်းကျော်ကျော်အောင်၊ (၄) ဦးမျိုးမြင့်အောင်၊ (၅) ဒေါ်မေသွယ်အောင် (အတူနေမောင်နှမ)၊ အမှတ်(ဟ-၁၂၉)၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) သိစေရမည်။

ဤအမှုတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးမြလှိုင်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၈ရက် နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃) တံတားအထူးအဖွဲ့ (၁၂) ရွှေညောင်မြို့ အမှတ်စဉ်(၃/၂၀၁၇-၂၀၁၈) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၂)မှ (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း/အရှေ့ပိုင်း)အတွင်းရှိ တံတားလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန်အတွက် ခေါ်ယူအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့။ |
| ၃။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၁၉-၁၂-၂၀၁၇ ရက် ရုံးချိန်အတွင်း |
| ၄။ | **တင်ဒါပုံစံပိတ်မည့်ရက်/အချိန်** | - | ၅-၁-၂၀၁၈ ရက် ၁၆:၀၀ နာရီ |
| ၅။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၉-၁-၂၀၁၈ ရက် ၁၃:၃၀ နာရီ |
| ၆။ | **တင်ဒါဖွင့်မည့်နေရာ** | - | ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့။ |

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် သတင်းအချက်အလက်များကို အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၂၁၂၂၀၃၊ ၀၉-၄၄၈၅၄၅၃၅၂၊ ၀၉-၂၅၀၂၅၅၀၀၁ တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံ တစ်စောင်လျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၈) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၈)မှ တာဝန်ယူဆောင်ရွက်မည့် ကချင်ပြည်နယ်အတွင်းဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၂၀-၁၂-၂၀၁၇ |
| ၂။ | **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - | ဒုညွှန်ကြားရေးမှူးရုံး၊ အဆောက်အဦဦးစီးဌာန၊ ယန္တရားဝင်း၊ ရပ်ကွက်ရုံးအနီး၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့ |
| ၃။ | **တင်ဒါပိတ်မည့် ရက်နှင့်အချိန်** | - | ၂၇-၁၂-၂၀၁၇ ညနေ ၄:၃၀ နာရီ |
| ၄။ | **တင်ဒါဖွင့်မည့် ရက်နှင့်အချိန်** | - | ဆက်သွယ်အကြောင်းကြားပါမည် |
| ၅။ | **တင်ဒါတင်သွင်း/စိစစ် ရွေးချယ်မည့်နေရာ** | - | ဒုညွှန်ကြားရေးမှူးရုံး၊ အဆောက်အဦဦးစီးဌာန၊ ယန္တရားဝင်း၊ ရပ်ကွက်ရုံးအနီး၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့ |

၆။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၀-၁၂-၂၀၁၇ ရက်မှစတင်၍ ရုံးချိန်အတွင်း ဖုန်း-၀၉-၂၆၄၅၀၀၀၄၄ နှင့် ၀၉-၅၁၆၅၅၃၅ တို့တွင် စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ဒေါ်မာလာဆွေ ၁၂/ရကန(နိုင်)၀၂၀၃၂၇၏သား ကိုထိန်းလင်းဆွေ ၁၂/ရကန(နိုင်)၀၀၁၅၇၈ အား ၁၂-၁၂-၂၀၁၇ ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မာလာဆွေ**

## မီးစက် အမြန်ရောင်းရန်ရှိသည်

450-KVA ၁ လုံး
300-KVA ၁ လုံး
ရောင်းမည်

**ဖုန်း-၀၉-၄၂၁၁၁၄၂၆၄၊ ၀၉-၄၂၀၇၄၆၉၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**စစ်တွေမြို့နယ်တရားမရုံး၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၈**

| | | |
|---|---|---|
| ဒေါ်နုနုခိုင် အမှတ်(၂၀၃)၊ ဓညဝတီ(ခ)ရပ်ကွက်၊ စစ်တွေမြို့ | **နှင့်** | ဦးညွှန့်လှိုင် အမှတ်(၉၅၆)၊ ရတနာလမ်း၊ (၁၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၆)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၉၅၆)နေ ဦးညွှန့်လှိုင် သိစေရမည်။

သင့်အပေါ်၌ ဒေါ်နုနုခိုင်က လင်မယားကွာရှင်းပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁ရက် (၁၃၇၉ခုနှစ် ပြာသိုလပြည့်နေ့)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက် ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၈ရက် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**စစ်တွေမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက(၁)သတ္တမတန်း(F)မှ မရွှန်းလဲ့ဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ထွေး ၈/စလန(နိုင်)၁၁၀၁၆၅ ဖြစ်ပါသည်။

**ဦးအောင်ကျော်ထွေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ဇီးကုန်းကြီး အထက တက္ကသိုလ်ဝင်တန်းမှ မမြတ်နိုးဝေ၏ ဖခင် ဦးသိန်းထွန်း ၇/ညလပ(နိုင်)၀၃၈၀၆၃ နှင့် ဦးမောင်မောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသိန်းထွန်း(ခ)ဦးမောင်မောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နယ်၊ ဇာသပြင်အရှေ့ ဘက်ကမ်း၊ မွန်စုရပ်ကွက်နေ မိမေသဇင်အေး ၃/ဘအန(နိုင်)၂၇၇၆၉၉ ၏ဖခင် ဦးချစ်သန်း(ခ)ဦးချစ်စံ ၃/ဘအန(နိုင်)၁၁၆၂၀၉မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးချစ်သန်း(ခ)ဦးချစ်စံ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံတက္ကသိုလ် တတိယနှစ် ဂုဏ်ထူးတန်း ရူပဗေဒအထူးပြုမှ မောင်ထွန်းလင်းအောင်(ခ)ခွန်ထွန်းလင်းအောင် ၃/မဝတ(နိုင်)၀၂၆၉၂၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်ထွန်းလင်းအောင်(ခ) ခွန်ထွန်းလင်းအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံတက္ကသိုလ် တတိယနှစ် ဂုဏ်ထူးတန်း ရူပဗေဒအထူးပြုမှ မောင်ထွန်းလင်းအောင်(ခ)ခွန်ထွန်းလင်းအောင် ၃/မဝတ(နိုင်)၀၂၆၉၂၀ ၏ဖခင် ကိုအောင်သန်း(ခ)ဦးအောင်သန်း(ခ) ဦးခွန်အောင်သန်း ၃/ကဆက(နိုင်)၀၀၂၃၃၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ကိုအောင်သန်း(ခ) ဦးအောင်သန်း(ခ)ဦးခွန်အောင်သန်း**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ မင်္ဂလာဗေယျ ဆဋ္ဌမတန်း(A)မှ မပန်းအိဇင်၏ဖခင် ဦးဖိုးထွန်း၏အမည်မှန်မှာ ဦးထွန်းဝင်း ၈/နမန(နိုင်)၁၂၆၄၅၂ ဖြစ်ပါသည်။ **ဦးထွန်းဝင်း**

## အမည်မှန်

တောင်တွင်းကြီးမြို့နယ် ကုလားမအုပ်စု၊ ဆည်တော်ကျေးရွာနေ ဦးကြည်ထွန်း ၈/တတက(နိုင်)၀၈၆၇၀၅ ၏ သမီး မအေးဝိုခိုင်၏ အမည်မှန်မှာ မထက်ထက်ဝေ ဖြစ်ပါကြောင်း။

**မထက်ထက်ဝေ**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၁) ပဉ္စမတန်း(D)မှ မထက်မြတ်မွန်၏ ဖခင်အမည်မှန်မှာ TGI-၀၁၀၃၁၆ အရ ဦးဆန်းတင်ဦးဖြစ်ပါသည်။

**ဦးဆန်းတင်ဦး**
**TGI-၀၁၀၃၁၆၊ မိတ္ထီလာမြို့**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ မြို့သစ်ရပ်ကွက်၊ အထက-၂၊ အဋ္ဌမတန်းမှ မသန်းသန်းဌေး၏ဖခင် ဦးငယ်မောင်ချေ ၁၁/မဥန(နိုင်)၁၃၁၈၁၀ ၏ အမည်မှန်မှာ ဦးခင်မောင်ချေ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဦးမြို့နယ်၊ ထိပ်ဝပြင်ကျေးရွာ အထက စတုတ္ထတန်းမှ မစောမြင့်သန္တာ၏ဖခင် ထွန်းမြင့်လှိုင် ၁၁/ကတန(နိုင်)၀၉၅၁၄၇ ၏အမည်မှန်မှာ ဦးမောင်မြင့်လှိုင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၊ အမက၊ မုကွဲ(တောင်) ဒုတိယတန်းမှ မောင်ထက်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးမင်းညို ၆/ပလန(နိုင်)၁၂၈၆၂၃ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးတလန်းလောမ်၏သား ကလေးမြို့မ ရဲစခန်းမှ လ-၂၄၁၂၄၁ ရဲတပ်သား စီးဗွီးလွယ်(ခ)စီဖူးလွယ်(ခ)စီးဗိုးလွယ် ၅/ကလထ(နိုင်)၂၀၀၂၀၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**စီးဗွီးလွယ်(ခ)စီဖူးလွယ်(ခ)စီးဗိုးလွယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/7620 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

KBZ BANK
STRENGTH OF MYANMAR

# " အထူးဂုဏ်ယူဝမ်းမြောက်ခြင်း "

မြန်မာ့ဘဏ်သမိုင်းတွင် "ဘဏ်ခွဲ (၅၀၀) ပြည့်" ပထမဆုံးဖွင့်လှစ်နိုင်ခဲ့သော " ကမ္ဘောဇဘဏ်လီမိတက် " အနေဖြင့်

◇ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကိုတစ်နိုင်ငံလုံးတွင် ပထမနေရာမှ(၅)နှစ်ဆက် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့ခြင်း၊

◇ နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်းကျပ်ငွေ (၁၃၅)ဘီလီယံကျော် လှူဒါန်းခဲ့ခြင်း၊

◇ နိုင်ငံတော်အတွင်း အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင် အမြောက်အမြား ပေါ်ထွန်း လာအောင် ပံ့ပိုးကူညီဖော်ဆောင်ပေးနိုင်ခဲ့ခြင်း၊

◇ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ဘဏ္ဍာရေးကဏ္ဍတွင် အဓိကအခန်း ကဏ္ဍမှ အထောက်အကူပြုပါဝင်နိုင်ခဲ့ခြင်းများနှင့်အတူ

**" ဘဏ်ခွဲ (၅၀၀) ပြည့် " ကို**

၂၀၁၇-ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူး ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့် ပြည်သူပြည်သားများ အားလုံး အစဉ်အမြဲအားကိုး အားထားရသော နိုင်ငံတကာအဆင့်မီအောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည် နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

MIT
Beyond Innovation

Myanmar Information Technology Pte Ltd

Hotline : 09797001001~20

Website : www.mit.com.mm

Microsoft

ORACLE

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင် (B.A, B.L)
### ကြည်း(၉၇၈၅) ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) OTS(29)
### တရားရုံးချုပ်တရားသူကြီး
### အသက်(၇၈)နှစ်

အမှတ် ၃၄၆၊ စရည်းပင်လမ်း၊ (၂၃)ရပ်ကွက် သုဝဏ္ဏနေ ဒေါ်စောသီရိသိင်္ဂီ၏ ချစ်လှစွာသောခင်ပွန်း ဦးသူရိန်စောထွတ်နိုင်၏ဖခင်သည် ၉-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS 29 မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်နု
### အသက်(၈၉)နှစ်

ဒေါ်ဝေသီအိ(ခ)ဒေါ်ဝိုင်းဝိုင်း (ကံ့ကော်ဝတ်ရည်စာပေ)၏ အဘွားဖြစ်သူ ဒေါ်ခင်နု အသက်(၈၉)နှစ်သည် ၁၁-၁၂-၂၀၁၇ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး ဦးတင်လတ်ဝေ
### အသက်(၈၅)နှစ်

ယခင် အမှတ်(၃) ဒေသကောလိပ် (ကြည့်မြင်တိုင်နယ်မြေ)မှ ဦးတင်လတ်ဝေ(ဌာနမှူး၊ အင်္ဂလိပ်စာဌာန)သည် ၉-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၃)ဒေသကောလိပ်မှ တပည့်များ (R.C.3.AA)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ဟန် (ထိန်တော)
### က·စ·လ(ငြိမ်း)
### အသက်(၈၁)နှစ်

သူငယ်ချင်း ဗိုလ်မှူးဇော်ဇော်ဦး(တပ်မတော်-လေ)-ဒေါ်အိမွန်ဆွေတို့၏ဖခင် ဦးတင်ဟန်(က·စ·လ၊ ငြိမ်း) (ထိန်တော)သည် ၉-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)
### ဌာနကြီးမှူး(ငြိမ်း)
### ဆေးကုသမှုဌာနကြီး၊ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)
### ဆေးပညာဌာနနှင့်ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန
### တပ်မတော်ဆေးတက္ကသိုလ်
### အသက်(၇၁)နှစ်

ပါမောက္ခ ဒေါက်တာဒေါ်အေးအေးမြင့်(ရောဂါဗေဒဆရာဝန်ကြီး)၏ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း(အသည်း)**
**ဒေါက်တာဒေါ်ခင်လေးရီ**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)
### ဆေးကုသမှုဌာနကြီး၊အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)
### ဆေးပညာဌာနနှင့်ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များ
### ဆေးပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်
### အသက်(၇၁)နှစ်

ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးပညာဌာန**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းဝင်း
### အသက်(၆၅)နှစ်

ယခင် အမှတ်(၃) ဒေသကောလိပ် (ကြည့်မြင်တိုင်နယ်မြေ)မှ ဒေါ်သန်းသန်းဝင်း (ရူပဗေဒဌာန)သည် ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၃)ဒေသကောလိပ်မှ တပည့်များ (R.C.3.AA)**

## မောင်ဇော်လင်းဦး
### အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖ·ဆ·ပ·လရပ်ကွက်၊ တိုက် ၅၅၊ အခန်း ၁၉နေ (ဗိုလ်ကြီးခင်ချို)(တေဇ-၆)-ဒေါ်တင်တင်ဝင်းတို့၏တစ်ဦးတည်းသောသား၊ ဦးလှဦး-(ဒေါ်အေးအေးသန်း)၊ ဦးစိုးမြင့်-ဒေါ်ဇင်မာ၊ (ဦးသိန်းမြင့်)-ဒေါ်လှလှရီ၊ (ဒုတိယဗိုလ်ချုပ်ကြီးသိန်းထိုက်)-ဒေါ်မြမြဦး၊ ဦးတင်လတ်-ဒေါ်ပပ၊ ဦးကျော်စွာဦး-ဒေါ်စပယ်အေး၊ ဒေါ်မြင့်မြင့်ဦးတို့၏တူသည် ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇ရက် (သောကြာနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
## ဦးမြဟန် အသက်(၉၄)နှစ်
### ရာ-၁၆၉၈(သက်ကြီးကန်တော့ခံ)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ တိုက် ၁၁၊ အခန်း ၆၊ လမ်းသစ်ရိပ်သာနေ (ဒေါ်စန်းရီ)၏ခင်ပွန်း၊ ရာ-၁၆၉၉ ဒေါ်ခင်မြခိုင်၏ဖခင်သည် ၁၂-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်လှ အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဦးလွန်းမောင်လမ်း၊ အမှတ် ၅၄နေ(ဦးကံညွန့်-ဒေါ်တင်)တို့၏သမီး၊ (ဦးထွန်းလှခိုင်)၏ဇနီး၊ ဦးသောင်းဟန်-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်ခင်စန်းဝင်း၊ ဦးထိန်လင်း - ဒေါ်နန်းဉမ္မာတို့၏မိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့)ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၅၄၊ ဦးလွန်းမောင်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဒေါ်ကြာဦးစိန် အသက်(၇၂)နှစ်
### လေးတောင်၊ အရှေ့မော်ရွာ

ရခိုင်ပြည်နယ်၊ရမ်းဗြဲမြို့နယ်၊ သရက်ချိုကျေးရွာအုပ်စု၊အရှေ့မော်ရွာနေ(ဦးဖိုးလုံးအောင်)-ဒေါ်ယဉ်ဖြူမေတို့၏ သမီး၊ (ဦးမောင်နီချေ-ဒေါ်မသိန်းယဉ်)၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးစံရွှေမောင်)-ဒေါ်ခင်သန်းရီ၊ဦးသိန်းကျော်-ဒေါ်သောင်းငုံတို့၏အစ်မ၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ဘုန်းကြီးလမ်း(အာသာဝတီလမ်း)၊ အမှတ် ၆၆နေ ဦးတင်ထွန်း-ဒေါ်သီတာ၊ ကိုမင်းကျော်၊ (ကိုမင်းထွန်း)တို့၏မိခင်၊ ဦးဇော်မိုး-ဒေါ်ညွန့်စိန်၊ မမိုးသွယ်၊ မောင်လှနိုင်-မယဉ်ယဉ်ဝင်း၊ မကေသီ၊ ဗိုလ်ကြီးထွန်းထွန်းဝင်းတို့၏ကြီးကြီး၊ မောင်သော်လင်းထက်၊ မောင်စိုးဇေယျာထွန်းတို့၏အဘွား၊ (ဦးကျော်ဟန်)၏ချစ်လှစွာသောဇနီးသည် ၁၂-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၇ရက်(တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဦးကျော်တင် အသက်(၄၄)နှစ်

ရခိုင်ပြည်နယ်၊ကျောက်ဖြူမြို့၊မြစ်နားတန်းရပ်ကွက်နေ(ဦးကျော်အောင်)-ဒေါ်အောင်ခိုင်တို့၏သား၊ ဦးကျော်နိုင်-ဒေါ်သန်းသန်း၊ ဦးကျော်သန်း-ဒေါ်သန်းခင်တို့၏ညီ၊ ဦးကျော်ဝင်း၊ ကိုမောင်မောင်ဝင်း၊ မချိုချိုဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ရွှေပြည်သာလမ်း၊အမှတ် ၆၁နေ ဦးထွေးတင်-ဒေါ်သောင်းတို့၏သားသမက်၊ဒေါ်မြင့်မြင့်ကြွယ်(အထက-၁၊ မြောက်ဒဂုံ)၏ခင်ပွန်း၊ မမေမြတ်နိုးထက် (YLDS ဒဂုံမြောက်)၏ ဖခင်သည် ၁၂-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၄-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး (ငြိမ်း)
### ဌာနကြီးမှူး (ငြိမ်း)
### ဆေးကုသမှုဌာနကြီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ကုတင်-၅၀၀)
### ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန
### တပ်မတော်ဆေးတက္ကသိုလ်
### အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၄/၃)နေ (ဦးရွှေရင့်- ဒေါ်မြမြ)တို့၏သား၊ (ဦးဘိုးမြင့်-ဒေါက်တာဒေါ်ရွှေကြည်)တို့၏သားသမက်၊ ပါမောက္ခ ဒေါက်တာ ဒေါ်အေးအေးမြင့် (ရောဂါဗေဒဆရာဝန်ကြီး)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးထွန်းအောင်သင်း(အထွေထွေ မန်နေဂျာ-အောက်မြန်မာပြည်၊ မြန်မာ့ဘီယာ)-ဒေါက်တာလဲ့လဲ့ဝင်းတို့၏ ချစ်လှစွာသော အစ်ကိုကြီး ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး (ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃း ၂၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**ဦးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း မိသားစု**

## ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း) အသက်(၇၁)နှစ်
### ဌာနမှူးကြီး(ငြိမ်း)
### ဆေးကုသမှုဌာနကြီး၊ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)
### ဆေးပညာဌာနနှင့်ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များပညာဌာန
### တပ်မတော်ဆေးတက္ကသိုလ်

ရန်ကုန်မြို့နေ (ဦးရွှေရင့်-ဒေါ်မြမြ)တို့၏သား၊ မြိတ်မြို့နေ (ဦးဘိုးမြင့်-ဒေါက်တာဒေါ်ရွှေကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊အမှတ် ၄/၃နေ ရောဂါဗေဒ ပါမောက္ခဒေါက်တာဒေါ်အေးအေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးလွင်(ဆောက်လုပ်ရေး၊ ငွေစာရင်း-ငြိမ်း)၊ ပါမောက္ခ ဒေါက်တာဒေါ်မြသူ(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း) (ဦးတင်အောင်)၊ ဒေါ်ဆွေဆွေမြင့်(အုပ်ချုပ်မှုဒါရိုက်တာ၊ လှိုင်းသစ်သမဝါယမ၊မြိတ်မြို့)၊ ဦးမြင့်သိမ်း (Legal Consultant) Eagle Security Service Company Limited၊ ဒေါ်စီစီမြင့်(Freelance Consultant)တို့၏အစ်ကိုသည် ၁၂-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃း၂၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၉း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ပြုံး(ခ)ဒေါ်သန်းအေး (ကျိုက်လတ်)
### အသက်(၇၁)နှစ်

ကျိုက်လတ်မြို့၊ အမှတ်(၇)၊ ၇လမ်း၊ ဦးခေါ်ဝါး-ဒေါ်ရှုလွမ်တို့၏ တတိယသမီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၁၈၂(သုံးလွှာ)နေ ဦးကျော်လှိုင်၏ဇနီး၊ (ဦးစိန်ကြိုင်-ဒေါ်မြင့်ရီ)၊ (ဦးအောင်မြင့်-ဒေါ်ခင်ကြည်)၊ ဦးဘိုးထောင်-ဒေါ်ချိုတို့၏ညီမ၊ ဦးအောင်လှိုင်-ဒေါ်အေးအေး၊ ဦးမျိုးမြင့်-ဒေါ်ကျင်ကျင်အေး၊ ဦးသိန်းဝင်း-ဒေါ်နုနုထွေးတို့၏အစ်မ၊ ဦးအောင်ကျော်ဦး-မဂီ(ခ)သီရိစံ(Art Man, IDEA)၊ ဒေါက်တာအောင်ကျော်ထူး(ခေတ္တ-USA)၊ ဦးအောင်ကျော်ဖြိုး-Tammy(ခေတ္တ-USA)၊ ဒေါက်တာအောင်ကျော်ကျော်(ခေတ္တ-Australia)တို့၏ချစ်လှစွာသောမိခင်သည် ၁၂-၁၂-၂၀၁၇ရက် ညနေ ၆း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၂-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေး ဖုကျင့်တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကုန်ဈေးတန်းလမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ပြုံး(ခ)ဒေါ်သန်းအေး
### (ကျိုက်လတ်)
### အသက်(၇၁)နှစ်

ဦးအောင်ကျော်ဦး (အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း-MPPA)၏မိခင်ဖြစ်သူ ဒေါ်ပြုံး(ခ)ဒေါ်သန်းအေးသည် ၁၂-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA)**

## ဦးတင်ထွန်း (ရေစကြို)
### အသက်(၆၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နေ(ဦးလှဖေ-ဒေါ်စောမြ)တို့၏သား၊ (ဦးသာခင်-ဒေါ်သန်း)တို့၏သားသမက်၊ ဒေါ်သန်းလွင်၊ ဒေါ်ကြည်ခင်၊ ဦးသိုက်ညွန့်၊ ဦးအောင်မြိုင်တို့၏ညီ/မောင်၊ ဒေါ်ခင်မာနီ၏အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံများ နယ်မြေနေ ဦးငြိမ်း - အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အုန်းကြင် (OK ဆန်စက်နှင့် ဆန်ရောင်းဝယ်ရေး)တို့၏ညီ/မောင်၊ ဒေါ်ခင်ခင်၏ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူသင်း၊ ဗိုလ်ကြီးကျော်ဝင်းထွန်း-မအေးအေးသိန်း၊ ကိုမျိုးမင်းသူ-မသိင်္ဂီအေး၊ ဗိုလ်ကြီးထက်မောင်၊ မောင်ထက်နောင်ကျော်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၃-၁၂-၂၀၁၇ရက် နံနက် ၁၁း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်တင်လှ
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်ဘာလေလမ်း၊ အမှတ် ၃ (မြေညီ)နေ (ဦးကြီး-ဒေါ်ကျင်စိန်)တို့၏သမီး၊ (ဦးခင်အောင်)၏ဇနီး၊ ဦးဇော်ဦး-ဒေါ်နီနီအောင်၊ ဦးစိုးမြင့်-ဒေါ်အေးအေးမွန်၊ ဒေါ်တင်နွယ်စိုး၊ ဒေါ်ငွေငွေအောင်တို့၏မိခင်၊ ဦးဝင်းမြင့် - ဒေါ်သိန်းသိန်းဝင်းတို့၏အဒေါ်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၁၂-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ပြုံး(ခ)ဒေါ်သန်းအေး
### (ကျိုက်လတ်)
### အသက်(၇၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့၊ အမှတ်(၇)၊ ၇လမ်းနေ ဦးခေါ်ဝါး-ဒေါ်ရှုလွမ်တို့၏သမီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၁၈၂၊ သုံးလွှာနေ (ဦးကျော်လှိုင်)၏ဇနီးသည် ၁၂-၁၂-၂၀၁၇ရက် ညနေ ၆း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ၁၄-၁၂-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ဖုကျင့်တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။(ကုန်ဈေးတန်းလမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့**

## ဒေါ်ခင်ခင်ကြည်
### ပြည်သူ့စာပေ(လှိုင်ကော်)
### အသက်(၉၉)နှစ်

[ဦးကျော်ဒင် (အငြိမ်းစားထောင်ပိုင်ကြီး) - ဒေါ်အုန်းသင်)တို့၏ သမီး၊ လှိုင်ကော်မြို့နေ ဦးကြည်ညို(ဗဟိုကော်မတီဝင်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ အတွင်းရေးမှူး၊ ကယားပြည်နယ်ဒေသပါတီ)၏ဇနီး၊ (ဒေါ်တင်တင်ဦး)၏ညီမ၊ [ဒေါ်ခင်နုနု-ဦးဝမောင်(ရာဖြတ်မှူး၊ အကောက်ခွန်)]၊ [ဒေါ်ခင်သန်းသန်း-ဦးလှညွန့်(ရဲမှူးကြီး၊ ငြိမ်း)]၊ ဒေါ်ခင်မြမြ-[ဦးသာလင်း(တိုင်းဦးစီးမှူး၊ လဝက)]၊ ဒေါ်ခင်စောမြင့်(ခ)ဒေါ်လီလီကျော်ဒင်-[ဦးစိန်ဝင်း(BBC)]တို့၏အစ်မ၊ ဦးပီတာကြည်ညို၊ ဒေါ်နီလာကြည်ညို-(ဦးစန်းမြင့်အောင်)တို့၏မိခင်၊ ကိုအောင်ကျော်သူ၊ ကိုအောင်ဇော်ထွန်း၊ မဇွန်ပွင့်ဖြူ၊ မောင်ဖုန်းမြင့်အောင်တို့၏ အဘွားသည် ၁၃-၁၂-၂၀၁၇ရက် နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် လှိုင်ကော်မြို့ (၄)မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၂-၂၀၁၇ရက်တွင် လှိုင်ကော်မြို့၊ မင်းစုရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြီးဝါ (မြိတ်)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ် ၁၀၊ ဘုရင့်နောင်ကားပစ္စည်းဈေးကြီးအနီးနေ (ဦးလျှံဟွပ်)၏ဇနီး၊ ဦးကျော်နိုင်၊ ဒေါ်မြမြရီ၊ ဦးဖုန်းဝေ-ဒေါ်ကျင်ရီ၊ ဦးရဲမြင့်-ဒေါ်လွင်လွင်အေး၊ ဦးအင်ဆွေ-ဒေါ်သန်းသန်းဝင်း၊ ဦးသန်းထွန်း-ဒေါ်သင်းသင်းရှိန်၊ ဦးသန်းအောင်-ဒေါ်မြမြသီ၊ ဦးမြတ်နိုင်၊ ဦးမျိုးမင်းထွဋ်-ဒေါ်ခင်နွယ်ဦး၊ ဦးဝင်းလတ်တို့၏မိခင်၊ မြေး ၁၅ယောက်တို့၏အဘွားသည် ၁၂-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဦးအောင်ကြည်(ခ)ဦးပေါက်စီ
### (ပဲနွယ်ကုန်းမြို့)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ် ၈၁ (ပထမထပ်)နေ (ဦးအယုံ-ဒေါ်အေးတင်)တို့၏သား၊ ဒေါ်တင်တင်ရီ၏ခင်ပွန်း၊ ဦးဖြိုးအောင်ကြည်-ဒေါ်ဖြူဖြူဝင်း၊ ဦးရန်အောင်ကြည်-ဒေါ်ယဉ်ယဉ်ကျေး၊ ဦးဘိုဘိုအောင်ကြည်-ဒေါ်နွယ်နီစိုးကျော်၊ ဒေါ်ယဉ်မင်းအောင်ကြည်တို့၏ဖခင်၊ မောင်အောင်ပြည့်ဖြိုး၊ မနှင်းရတနာဦး၊ မအိန္ဒြေမိုးမြင့်၊ မောင်အောင်ကောင်းပြည့်တို့၏အဘိုး၊ ဒေါ်သန်းသန်းဝင်း၏မောင်၊ ဦးကျင်သိန်း-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးခင်မောင်ညိမ်း)-ဒေါ်ခင်ခင်ဝင်း၊ (ဦးအောင်ကြည်တိုင်)-ဒေါ်နော်ကြည်ထွေး၊ (ဦးအောင်ကြည်လွင်)တို့၏အစ်ကိုသည် ၁၃-၁၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ်
## ဒါယကာကြီး
## ဦးမြသန်း (ဝဲလောင်မြို့)
### အသက်(၈၀)

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဝဲလောင်မြို့နေ ဒေါ်ခင်စု၏ခင်ပွန်း၊ ဦးချို-ဒေါ်ခင်မြင့်စိန်၊ ဦးမောင်မောင်-ဒေါ်ခင်မြင့်ကြည်၊ (ဦးစောအောင်-ဒေါ်ခင်အေးမူ)တို့၏ဖခင်၊ ဒေါ်ဝင်းရွှေ၏ဦးလေး၊ ဦးတိုးလှိုင်ထွန်း-ဒေါ်ချိုသွေးဟန်၊ ဒေါက်တာဆုရည်ဝင့်၊ ဗိုလ်ကြီးမျိုးသန့်ကျော်-ဒေါ်လွင်မာမောင်၊ ဗိုလ်ထက်ဇော်ဝင်း၊ မသက်ဖြိုးဝေတို့၏အဘိုး၊ မောင်ဉာဏ်လင်းခန့်၏ဘိုးဘိုးကြီးသည် ၁၃-၁၂-၂၀၁၇ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇ရက် ညနေ ၃နာရီတွင် ဝဲလောင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ချိုချိုဝင်း
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံအိမ်ရာ၊ ငွေနှင်းဆီလမ်း၊ အမှတ် ၆၅နေ (ဦးမောင်မောင်ကြည်-ဒေါ်မြင့်မြင့်)တို့၏ တစ်ဦးတည်းသောသမီး၊ ဦးတင်ဝင်း၏ဇနီး၊ ဦးမျိုးမင်းဦး-ဒေါ်ဝတ်ရည်ဝင်း၊ ဦးအောင်သူဟိန်း-ဒေါ်အိအိခိုင်၊ ဦးရဲမင်းထွန်း-ဒေါ်ချစ်ရည်ဝင်း၊ ဦးသူရဇော်တို့၏မိခင်၊ မောင်စစ်မင်းခန့်၊ မမြသားချို၊ မောင်ကောင်းမြတ်ဟိန်း၊ မောင်မျိုးမြင့်ဟိန်း၊ မခန့်ကြည်ဖြူစင်တို့၏အဘွားသည် ၁၃-၁၂-၂၀၁၇ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (သင်္ဂြိုဟ်မည့်အချိန်အား ထပ်မံကြေညာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးကျော်ထင် အသက်(၄၉)နှစ်
### မန်နေဂျင်းဒါရိုက်တာ၊ မြန်မာ့စွမ်းအားမွေးမြူရေးနှင့်
### နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်(ဖက်စပ်)
### တပ်မတော်(ရေ)(ငြိမ်း)

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နေ (ဦးအောင်ခင်-ဒေါ်ငွေငွေ)တို့၏သား၊ (ဦးမောင်တင်)-ဒေါ်သန်းနုတို့၏သားသမက်၊ ဒေါ်စုသန္တာ(Network Activities Group)၏ ခင်ပွန်း၊ မအေးငြိမ်းဖြူ၊ မောင်အံ့ထူးသန့်တို့၏ဖခင်သည် ၁၂-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၅၉၊ နှင်းဆီလမ်း၊ စုပေါင်းအိမ်ရာ၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီတွင် သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက အလုပ်အကိုင်၊ ဝင်ငွေရရှိမှုနှင့်အတူ အခွန်ငွေရရှိမှုလည်း တိုးတက်လာမည်



အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၁၇) အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၁၇) အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ✪

**သတင်းထောက်နှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးတို့အား မြန်မာနိုင်ငံ အစိုးရ လျှို့ဝှက်ချက် အက်ဥပဒေနှင့်အညီ အရေးယူ**

စာ - ၁၁

**မြန်မာအသင်း ယှဉ်ပြိုင်နေသည့် ဗီယက်နမ် ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ ယနေ့ ဆက်လက်ကျင်းပမည်**

စာ - ၁၃

## စာပေညီလာခံ ၂၀၁၇ (ပထမနေ့)တွင် သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

**"လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ"** ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် စာပေညီလာခံ ၂၀၁၇ (ပထမနေ့) ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက် မင်းဓမ္မလမ်းရှိ (Myanmar Convention Center -MCC) ခန်းမ၌ ကျင်းပသည်။

ယနေ့ ညီလာခံတွင် အဖွဲ့လိုက်စာပေဆွေးနွေးပွဲများကို နေရာခြောက်ခုခွဲ၍ ကျင်းပရာ နံနက်ပိုင်းတွင် မြန်မာနိုင်ငံစာရေးဆရာကလပ်က **"အနာဂတ်အတွက် ကလေးစာပေ"** ခေါင်းစဉ်ကို စာရေးဆရာ သူရဇော်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ တက္ကသိုလ် ဆန်းတင့်နိုင်၊ မေဇွန်အေး၊ မောင်ခေတ်ထွန်း၊ စိုးနန့်သာ (ပုလော)တို့က လည်းကောင်း၊ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းက **"ဂန္ထဝင်မှသည် အသစ်သို့"** ခေါင်းစဉ်ကို စာရေးဆရာ ကိုလေး (အင်းဝဂုဏ်ရည်) က

*စာမျက်နှာ ၈ ကော်လံ ၁* ◆



စာပေညီလာခံ ၂၀၁၇ တွင် မြန်မာစာရေးဆရာကလပ်က အနာဂတ်အတွက် ကလေးစာပေခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။ သတင်းစဉ်

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

ဆရာကောင်း (ဆေး-၂) အင်္ဂလိပ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်မှ တည်ထောင်သော
ကောင်းထက်ကျော်
တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
စခန်းသွင်းဘော်ဒါ (၉၊၁၀တန်း) အဆင့်မြင့်စာသင်ဝိုင်းများ (၈၊၉၊၁၀တန်း)
စာသင်နှစ်သစ်အတွက် အချိန်အစဉ်များအားလုံး အပ်နှံနိုင်ပါပြီ။
တက္ကသိုလ်ဝင်တန်းများအတွက် လူနည်းစုတန်းခွဲများ ဖွင့်ထားသည်။

| | | |
|---|---|---|
| ကိုယ်ပိုင်ကျောင်း | အမှတ် - | ၃၂ (ဘီ)၊ ဗိုလ်ချုပ်ပြတိုက်လမ်း (ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အနီး)၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်း။ |
| | ဖုန်း - | ၀၁ ၈၆၀၃၇၀၁၊ ၀၁ ၈၆၀၃၇၀၂၊ ၀၉ ၄၂၀၇၀၀၀၀၈ |
| စာသင်ဝိုင်း | အမှတ် - | ၂၆(အေ)၊ ဒဂုံသီရိလမ်း (သီတာလမ်းနှင့် အောင်မင်္ဂလာလမ်းအနီး) ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| | ဖုန်း - | ၀၁ - ၅၅၂၃၄၈၊ |
| ဘော်ဒါ | အမှတ် - | ၁၂၃၀-၃၁၊ နေမျိုးသူရလမ်း၊ (မဟာသန္တိသုခဘုန်းကြီးကျောင်းအနီး)၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| | ဖုန်း - | ၀၉ ၅၁၇၈၃၂၅ |





၂၀၁၆-၂၀၁၇ပညာသင်နှစ်ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို Novotel Hotel, Yangon တွင်ကျင်းပခဲ့ရာ

- တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင် (၇) ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် (၁၄) ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် (၃၇) ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် (၃၃) ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် (၃၅) ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် (၃၉) ဦး စုစုပေါင်းဂုဏ်ထူးရှင် (၁၆၅) ဦး
  **အတန်းတွင်း ဆုရှင် (၈၁) ဦး၊ ဗီယက်နမ် ဖိတ်ခေါ်ရွက်လှေပြိုင်ပွဲ ဆုရှင် (၁) ဦး**
  ဆုအရေအတွက် စုစုပေါင်း (၂၄၇) ဆု ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်၊
  ဘာသာစုံဂုဏ်ထူးရှင်များအား နောက်ဆုံးပေါ် i phone handset များချီးမြှင့်ခဲ့ပါသည်၊
- ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် တက္ကသိုလ်ဝင်တန်း အောင်ချက်တွင် ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်း များ အားလုံးအနက် **အောင်ချက်၉၀.၉၅%** ဖြင့် အောင်ချက် ဒုတိယအကောင်းဆုံး ရရှိခဲ့ပါသည်။

ဖြိုးသို့ဦးရာ ရာကျော်ရှိသည့်ကျောင်းများအနက် ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းသည် အောင်ချက်အကောင်းဆုံး